# အလွန်ကျွမ်းကျင်သူ

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၄ - ၀၇၀၅

1 ၁။ ယခုအခါခေါင်းငုံ့လျှက်ဆုတောင်းကြပါစို့။ ကျွန်တော်တို့၏ခေါင်းများနှင့် နှလုံးသားများကို ကိုယ်တော်ရှင်၏ရှေ့တော်မှောက်တွင် ခေါင်းငုံ့နေကြစဉ် အခါ ဘယ်နှစ်ယောက်ဘုရားသခင်ကို ဆုတောင်းခြင်းကိုသတိရကြပါသလဲ? လက်များကိုမြှောက်ပြပါ။ ကျွန်တော်တို့ဆုတောင်းကြသည့်အခါသင့်စိတ်နှလုံး ထဲတွင် သင့်ဆုတောင်းချက်များကို သိုဝှက်ထားပါ။

2 ၂။ သခင်ယေရှုဘုရားကိုယ်တော်ရှင်သည်အသက်စမ်းရေ၊ မခမ်းခြောက်သော အသက်စမ်းရေဖြစ်ပါသည်။ ယနေ့ကျွန်တော်တို့အားဖြင့်ဖြတ်သန်းစီးဆင်း သောစမ်းရေဖြစ်ပါသည်။ ကျွန်တော်တို့အား မယုံကြည်ခြင်းများနှင့်အပြစ်များမှဆေးကြောတော်မူပါ။ သို့မှသာ ကျွန်တော်တို့မှာ ကိုယ်တော်ရှင်၏ရှေ့တော် မှောက်တွင် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ကျွန်တော်တို့မှာ လိုအပ်ချက်များရှိ ပြီး ကျွန်တော်တို့မှာလည်း အပြစ်သားများဖြစ်ကြပါသည်။ကောင်းချီးမင်္ဂလာများနှင့်ပင် မထိုက်တန်လောက်အောင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်အကြောင်းစဉ်းစားလိုက်သောအခါ ကိုယ်တော်ရှင်သည် ကြွလာတော်မူပြီးကျွန်တော်တို့ ၏အပြစ်များကိုဆောင်ယူတော်မူပါသည်။ ကိုယ်တော်ရှင်၏ အသွေးတော်ရှိနေ တော်မူပါကကျွန်တော်တို့သည် ဘုရားရှင်၏ရှေ့တော်တွင် ရောက်နေခြင်း မဟုတ်ဘဲ ကိုယ်တော်ရှင်ကရောက်နေခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ အသွေးတော်အားဖြင့် ကျွန်တော်တို့၏အသံဖြစ်ရပါသည်။ ကိုယ်တော်ရှင်၏အသွေးတော်က စကားပြောလျှက်ရှိပါသည်။ အိုအဖ၊ ကျွန်တော်တို့၏စိတ်နှလုံး များကို အပြစ်နှင့်မယုံကြည်ခြင်းမှသန့်ရှင်းစေတော်မူပါ။

ကိုယ်တော်ရှင်ကို အစေခံရန်အတွက် စစ်မှန်သောနှလုံးသားဆန္ဒကိုကျွန်ုပ် တို့အားပေးတော်မူပါအဖ၊ ခွန်အားနည်းစေသော အခြေအနေမျိုးများ၊ စိတ်ပျက် ဘွယ်ရာများနှင့်ကမ္ဘာလောက၏အရာများက ကျွန်တော်တို့အားဆွဲချသကဲ့သို့ ဖြစ်ပါသည်။ ထိုအရာများက ကျွန်တော်တို့အားအကောင်းဆုံးဖြစ်စေရန် သွန်သင်ပေးပါသည်။ ကိုယ်တော်ရှင်ကလည်း ‘ ’ဤအမှုများရောက်လာသည်ကို အထူးအဆန်းအဖြစ်မတွေးပါနှင့်။ ‘ ’ ဟုဆိုထားသည်။ ထိုအရာများဖြစ်ပေါ်လာရခြင်းမှာ ကျွန်တော်တို့ကောင်းစေရန်အတွက်ဖြစ်သည်။ အပြစ်ကင်းစင်ပြီး ထိုနေရာသို့ရောက်စေရန်အတွက်ဖြစ်ပါသည်။ ဤများပြားလှသောအတွေ့ အကြုံများက ဖြောင့်မတ်သောသူကို သူတော်စင်များအဖြစ်ပုံသွင်းခြင်းပင်ဖြစ် ပါသည်။ ဤအတွေ့အကြုံများအတွက် ကိုယ်တော်ရှင်ကိုကျေးဇူးတင်ပါသည်။ ကိုယ်တော်ရှင်၏အလိုတော်ကို မည်သည့်နည်းနှင့်မှ ကျွန်တော်တို့ဆန့်ကျင်၍ မလုပ်လိုပါ။သို့သော်လည်း ကျွန်တော်တို့ဆုတောင်းပါသည်အဖ၊ ဤနည်း အားဖြင့် ကျွန်တော်တို့ကိုယ်တော်နှင့်ပို၍နီးစေတော်မူပါ။

ဝန်ထုပ်ဝန်ပိုးများမှာ လေးလံလွန်းပါက ကျွန်တော်တို့ရှေ့တိုးသွား၍မရနိုင်တော့ပါ။ ထိုအခါကျွန်တော်တို့လက်ကိုမြှောက်၍ ကိုယ်တော်ရှင်အားဟစ်အော် ၍ခေါ်မိပါသည်။ထိုအခါကောင်းကင်မှ ကျွန်တော်တို့အား နားထောင်တော်မူ ပါကိုယ်တော်ရှင် ကျွန်တော်တို့အားအနာရောဂါငြိမ်းစေတော်မူပါ။ ကျန်းမာ စေတော်မူပါ။ ဘုရားသခင်၏နိုင်ငံတော်အတွက် ဖြစ်ပါသည်။ယနေ့မနက် ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကို ကောင်းချီးပေးတော်မူပါ။ နှုတ်ကပတ်တော်သည်သမ္မာတရားဖြစ်ပါသည်။

3 ၃။ ကျွန်တော်တို့ယခုအခါဘုရားကျောင်းထဲတွင် စုဝေးလျှက်ရှိကြပါသည်။ ဘရာသာနဗီးလ်၊ ဘရာသာကကပ်၊ ဘရာသာကောလင်း၊ နှင့်အခြားသောဆရာများအတွက် ကျွန်တော်တို့ဆုတောင်းပါသည်။ အမှုတော်ဆောင်များ၊ သင်းထောက်များ၊အသင်းသူအသင်းသားများ၊ ဧည့်သည်များအားလုံးအတွက် ဆုတောင်းပေးပါသည်။ ကိုယ်တော်ရှင်ရှိတော်မူသောကြောင့်ဤနေ့ရက်ကိုကျွန်တော်တို့ရေ ရှည်သတိရနေကြပါစေ။

ကိုယ်တော်ရှင်ကျွန်တော်တို့မှာ မြော်လင့်ချက်ကြီးမားစွာဖြင့်ယနေ့မနက် ဤနေရာသို့ရောက်နေခြင်း ဖြစ်ပါသည်။ အားလုံး အတူတကွ ရွေးနှုတ်ခြင်းခံရ ကြောင်းသတိပြုမိပါသည်။ကိုယ်တော်ရှင်၏အကြံအစည်တော်ရှိကြောင်း ကျွန်တော်တို့ခံစားရ ပါသည်။ ကိုယ်တော်ရှင်၏ အကြံအစည်ပြည့်စုံပါစေ။ကျွန်တော်တို့ကိုယ်ကိုကျွန်တော်တို့ ဆက်ကပ်အပ်နှံလျှက် သခင် ယေရှု၏နာမ တော်မြတ်၌ ဆုတောင်းပါသည်။ အာမင်။

4 ၄။ ဤနေရာသို့ရောက်လာရခြင်းမှာကြီးမြတ်လှ၍ ဤအသင်းတော်မှာလည်း လူပြည့်လျှက်ရှိသောကြောင့် ဝမ်းသာပါ သည်။ ယနေ့မနက် လူများလိမ့်မည်ဟုပင်မထင်မှတ်မိပါ။ ဤနေရာသို့ရောက်လိမ့်မည်ဟုလည်း ကျွန်တော့်ကိုယ် ကျွန်တော်မထင်မှတ်ပါ။

ကျွန်တော်တို့ ဖိလဒယ်ဖီးယားမှ ရောက်လာကြခြင်းဖြစ်ပါသည်။ အရီဇိုးနား သို့အလျှင်အမြန် သွားရမည်ဖြစ်ကြောင်း ကျွန်တော်သိပါသည်။ မသွားမီဝင်ခဲ့ခြင်းဖြစ်ပါသည်။ အကြောင်းမှာ အရီဇိုးနားတွင် ကျွန်တော်၏သူငယ်ချင်း အသုဘသို့ သွားရပါမည်။ ကက်ပတိန် ဂျင်မ်မော့စ်လီ ဖြစ်၍အလွန်တန်ဖိုးရှိပြီး ဘုရား တရားကြည်ညိုသော လူငယ်ကလေးတစ်ဦးဖြစ်သည်။ သိပ်မကြာသေးမီက ကျွန်တော်ခရစ်တော်ထံသို့ ပို့ဆောင်ခဲ့စဉ်ကသိခွင့်ရခဲ့သောဂျင်မ်မော့စ်လီ ညီအစ်ကို (၃)ဦးပင် ဖြစ်ပါသည်။ တဦးမှာ လေယာဉ်ပျက်ကျသဖြင့် သေဆုံးသွားရခြင်းဖြစ်ပါသည်။ လေယာဉ်မီးလောင်၍ (၁၀)နာရီခန့် အကြာ မီးလောင်ကျွမ်းခဲ့ရ ပြီးမှ သူ့အားတွေ့ကြခြင်းဖြစ်ပါသည်။လီးလ်မှာ အသက်(၂၈)ရှိသည်။ သူ့ဇနီးမှာ (၂၆)နှစ်ဖြစ်၍ ကလေး(၃) ယောက်ကျန်ခဲ့သည်။ အကြီးဆုံးမှာအသက်(၇) နှစ်အရွယ်ခန့်ရှိပါသည်။ ကြေကွဲဝမ်းနည်းဖွယ်ရာ ကောင်းပါသည်။ သူ့အား နောက်တစ်နေ့တွင်မြေမြှုပ်သင်္ဂြိုလ်ကြပါသည်။ ကျွန်တော်သွားစရာမလိုပါ။ ဘရာသာ မော့စ်လီ၏ အသုဘတွင် ပြောရမည့်စကားကိုကျွန်တော်ကြေးနန်းရိုက်၍ ပို့လိုက်ပါသည်။ အချို့သောအရာများကို ကျွန်တော်တို့ နားမလည်နိုင်ပါ။သို့ သော်လည်း ကိုယ်တော်ရှင်ကအရာခပ်သိမ်းကို မှန်ကန်အောင်ဆောင်ရွက်ခဲ့ပါသည်။

5 ၅။ ကိုယ်တော်ရှင်၏အမှုတော်မြတ်၌ ဤနေရာသို့ ကျွန်တော်တို့ရောက်လျှက် ရှိပါသည်။ ကိုယ်တော်ကိုယုံကြည် လျှက်အရာခပ်သိမ်းကို

ကိုယ်တော်ရှင် အကောင်းဆုံးပြင်ဆင်ပေးမည့်အကြောင်း ယုံကြည်ကြပါသည်။ ဘာဖြစ်ကြောင်း အဘယ်ကဲ့သို့ဖြစ်ကြောင်း မသိနားမလည်ကြသော်လည်း 'အားလုံး ကောင်းစေရန်အတွက် ဖြစ်ကြောင်း' သိကြပါသည်။ ကိုယ်တော်ရှင်ဂတိပေး တော်မူသည်အတိုင်းဖြစ်ရပါမည်။ တခါတရံတွင် ကျွန်တော်တို့နားမလည်ပါ။ စိတ်ရှုပ်ထွေးမှုခံစားရပါ သည်။ သို့တိုင်အမှန်တရားကိုသိရပါသည်။အကြောင်းမှာ သမ္မာတရားဖြစ်ကြောင်း ကျမ်းစာဆိုထားသောကြောင့် ဖြစ်ပါ သည်။ သမ္မာ ကျမ်းစာမှာကျွန်ုပ်တို့အတွက်အက္ခရာ ပုံသဏ္ဍာန်နှင့်ဘုရားဖြစ်သောကြောင့် ပေတည်း။

ကျွန်တော်တို့၏ယုံကြည်ခြင်းကို တခုခုအပေါ်ပုံချထားရပါမည်။ကျွန်တော် (သို့)ကျွန်တော်တို့ထဲမှ တယောက်ယောက်က ဘဝတွင်အောင်မြင်ပြီး သန်း ပေါင်းမြောက်မြားစွာချမ်းသာသွားသည်ဆိုကြစို့။ ထိုစည်းစိမ်ချမ်းသာများကို ဘာ လုပ်နိုင်ပါမည်နည်း? နောက်ဆုံး လမ်းဆုံးရောက်သောအခါ ကျွန်တော်တို့အတွက် ဘာကောင်းပါတော့မည်နည်း?ငွေဆိုသည်မှာ အလဲအလှယ်လုပ်နိုင် သည့်အရာ ဖြစ်သည်။ သို့သော်လည်း ဘဝအသက်တာနှင့်လဲလှယ်၍မရပါ။ဘုရားသခင်သာလျှင် အသက်ရှိပါသည်။

6 ၆။ ဤလောကတွင်ကျွန်တော်တို့မှာ အဆိုးမြင်သော ပုံစံမျိုးဖြစ်နေကြောင်း သိကြရပါသည်။ အဆိုးမြင်သော အခြေအနေရှိနေသမျှကာလပတ်လုံး အကောင်းမြင်သောအရာ လည်းရှိရပေမည်။ ဖြစ်နိုင်သော အကောင်းမြင်သောအရာမရှိဘဲ အဆိုးမြင်သောအရာ ကြီးဘဲ မရှိနိုင်ပါ။ အကောင်းမြင်သောအရာ ကြောင့်သာ အဆိုးမြင်သောအရာ ဖြစ်ရပါသည်။ အရာဝတ္ထုတခု၏ အဆိုးမြင်သောအရာပုံစံသင့်ထံမှာရှိသကဲ့သို့ပင် ဖြစ်ပါသည်။ တနေရာတွင် အရာဝတ္ထုတခုရှိ၍ မီးလင်းလာပြီးမှန်ဘီလူးများကို အလင်းရစေပါမည်။ သို့မဟုတ်ပါကဘာ အဆိုးမြင်သောအရာ မှရှိနိုင်မည်မဟုတ်ပါ။ဤဘဝမှာအသက်ရှင်ခြင်းသည် အဆိုးမြင်သောအရာ ဖြစ်၍ တနေရာတွင်ရှိနေသော ဘဝ၏ပုံရိပ်ဖြစ်ကြောင်းသိနေသ ဖြင့်တနေရာတွင် အကောင်းမြင်သောအရာ ရှိကြောင်း သေချာစွာသိနေပါသည်။ အလင်းထိ၍ ဤကမ်္ဘာကြီးပေါ်သို့ရောင်ပြန်ဟပ်ခြင်းပင် ဖြစ်ပါသည်။ စစ်မှန်သောအရာ ဝတ္ထုမှာတနေရာတွင် ရှိနေပါသည်။ ထိုသို့မဟုတ်ပါကကျွန်တော်သည်ကမ္ဘာပေါ်တွင် အကြီးမားဆုံးအလိမ်ညာခံရသူ ဖြစ်သွားပေမည်။ ဘဝကိုအချည်း နှီးကုန်ဆုံးခဲ့ပြီးဖြစ်သည်။ သံသယအောက်တွင် ရှိနေပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ဤနေရာတွင်ရှိနေခြင်းဖြစ်ပါသည်။

7 ၇။ ပရိသတ်အချို့ ရပ်ဝေးမှလာရကြောင်း ကျွန်တော်သိရသောအခါဤကဲ့သို့ သောဝတ်ပြုစည်းဝေးမျိုးတွင် ဆုံကြရပါသည်။ မိုင်ရာပေါင်းများစွာ အကွာအ ဝေးမှရောက်လာကြရကြောင်းသိရပါသည်။ သို့သော်လည်း ခဏသာဝတ်ပြု စည်းဝေးကြရပါမည်။

အချို့အမျိုးသမီးများက မှတ်ချက်ချသည်။ 'လမ်းမလျှောက်သောသူကိုပြပါ။ သူ့နောက်က လျှောက်ချင်တယ်။' ဟုဆိုကြ သည်။ 'ငါနေကောင်းသွားတော့ မယ်' ဟုဆိုကြသည်။ လူများက သင့်ကိုဤကဲ့သို့ ယုံကြည်ကြသည်။သင်သည် ကိုယ်တော် ၏ကိုယ်စားလှယ် ဖြစ်သည်။ ကျွန်တော်တို့ ဘာလုပ်သင့်သနည်း? ကျွန်တော်တို့ အလွန်သတိပြုကြရမည်။ အမှားအယွင်းပြုလုပ်ခြင်းဖြင့် မိမိကိုယ် ကိုဖျက်ဆီးနေခြင်း မဟုတ်ပါ။ သင့်နောက်လိုက်နေသူများကိုသင်ကဖျက်ဆီး နေခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ခင်ဗျားကိုခေါ်သွားရန် ဘယ်ဂိုဏ်းဂဏကိုမှမသိပါ။သင့် ကိုခေါ်သွားရမည့်နေရာကိုလည်း မသိပါ။ တခုတည်းသာရှိသည့်အရာမှာ ယုံ ကြည်ခြင်းသာဖြစ်ပါသည်။သင်ကျွန်ုပ်ကိုယုံကြည်ပါက ကျွန်တော်ပြောသည့် အရာကိုလိုက်နာပါ။ အကြောင်းမှာ ကျွန်တော်ကသမ္မာကျမ်းစာကိုယုံကြည် သောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ အခြားအရာများစွာအောင်မြင်မှုမရှိပါ။ ကျွန်တော်မှာ...ကိုယ်တော်ရှင် သည် အသက်ဖြစ်သည်။ နှုတ်ကပတ်တော်လည်းဖြစ်ပါသည်။

8 ၈။ ခင်ဗျားတို့လည်းစောင့်နေမည်ဖြစ်ကြောင်း .... ကျွန်တော်ဤနေရာသို့ လာသောအခါ ခင်ဗျားတို့ကြာရှည်စွာ စောင့်နေရပါသည်။ ဘုရားသခင်ကို ကျွန်တော်ဆုတောင်းပါသည်။ ယနေ့ဤနေရာသို့လာရန် ကျွန်တော်ခံစားမိပါ သည်။ကျွန်တော့်တွင် များစွာတွေ့ဆုံဆွေးနွေးရခြင်းများနှင့် တယ်လီဖုန်းဆက် ၍ခေါ်ခြင်းများစွာရှိပါသည်။အချို့တို့ကို ယနေ့မနက်တွေ့ရပါမည်။ ကျွန်တော်က 'ဘရာသာ နဗီးလ် ကျွန်တော်စကားပြောရန်တောင်းဆိုမည်မှာ သေချာပါသည်' ဟုဆိုသည်။ သောကြာနေ့တွင် ဖြစ်ပါသည်။ ထိုအခါကျွန်တော်ကပြောဆို သည်မှာ 'ဘရာသာ နဗီးလ်ကကျွန်တော့်ကိုစကားပြောရန် တောင်းဆိုပါမည်။ ကျွန်တော်တရားဟောရသောအခါ ဘုရားရှင်ဟု ဆုတောင်းပါသည်။....' အလွန်ပူအိုက်ပါသည်။ ကိုယ်တော်ရှင်ကမိုးကိုရွာသွန်းစေပြီး ပူပြင်းလှသော အပူရှိန်ကို တားဆီးပေးပါသည်။ ယနေ့မနက်လည်း မင်္ဂလာရှိသောနံနက်ခင်းဖြစ်စေပါသည်။ သင်တို့အားလုံး တစ်ယောက်စီကိုလည်း ကိုယ်တော်ရှင်၏ ကောင်းမြတ်ခြင်းနှင့်လွှမ်းခြုံတော်မူပါ။ ယနေ့ မနက်ဤနေရာသို့ရောက်လာ ခြင်းအားဖြင့် သင်အမြဲတမ်းအမှတ်ရနေစေရန်ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ကျေးဇူးတော်နှင့်ကောင်းချီးများစွာ သင့်အပေါ်သက်ရောက်ပါစေ။

9 ၉။ ယမန်နေ့ညကဖျားနာလျှက်ရှိသောမိတ်ဆွေတဦးကို ကျွန်တော်သွားကြည့် ခဲ့ပါသည်။ ဘရာသာ ဘီလ်ဒတ်ချ် ဖြစ်ပါသည်။ ယနေ့မနက်ဤနေရာတွင်၎င်းကို မတွေ့ရပါ။ မတွေ့ပါ။ အို သူဤနေရာမှာ ရှိပါသည်။ ကျွန်တော်လည်းစဉ်းစားနေမိပါသည်။ အသက်(၉၁)နှစ်ရှိပြီဖြစ်သော လူကြီးဖြစ်၍တနိုင်ငံလုံးလှည့် ပတ်ခရီးထွက်နေသူ ဖြစ်ပါသည်။ကန္တာရများ၊ နှင်းတောင်များနှင့်ချော်နေ သောလမ်းများပေါ်တွင် လမ်းလျှောက်သွားလေ့ရှိပါသည်။သူထိုသို့လုပ်စရာမ လိုပါ။ ဘုရား သခင်သူ့အပေါ် ကောင်းမြတ်တော်မူပါသည်။ သူထိုသို့လုပ်စရာမလိုပါ။အိမ်တွင်ထိုင်နေပြီး အစေခံများ၏ဝန်းခြင်းကို ခံလိုပါကခံနိုင်ပါသည် ' ဘီလ်ဒတ်ချ် အတွက် တစုံတခုဖြစ်ပေါ်လာပါသည်။သူဒုတိယမွေးခြင်း ခံရပါတော့သည်။ ထိုသို့ ဒုတိယမွေးခြင်းခံရပြီး နောက်တစုံတခုသည်သူ့စိတ်နှလုံးထဲသို့ရောက်လာပါသည်။ သူ့အသက်ရှင်နေခြင်းမှာ ဤဝတ်ပြုစည်းဝေးများကိုတက် ရန်ဖြစ်ပါသည်။ ကျွန်တော်သည်ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသောသူဖြစ် ပါက မိတ်ဆွေကိုလှည့်ဖျားပါမည်လား? သေဘို့ဘဲ ကောင်းပါသည်။ သမ္မာ ကျမ်းစာထဲမှသမ္မာတရားကိုလည်း သူ့အားထုတ်နုတ်၍ အတိအကျ ပြောပြလို ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပါသည်။ သူပြောခဲ့သည်ကို ကျွန် တော်ကထပ်၍ ဆိုခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာထဲမှအချို့ကို ကျွန်တော်ဖတ်ပြလိုပါသည်။

10 ၁၀။ မဖတ်မှီကျွန်တော်ပြောလိုသောအရာမှာ .... ယနေ့ညပွဲတော်မင်္ဂလာ ရှိသည့်ညပင် ဖြစ်ပါသည်။ ဤရပ်ကွက်အတွင်းနေထိုင်သူများ အခြားသူများ က သူတို့၏အိမ်များကို ပြန်သွားကြမည်ဖြစ်ပါသည်။ အကြောင်းမှာအလုပ် ပြန်ဆင်းကြရပါမည်။ ရပ်ကွက်တွင်းနေထိုင်သူများ သတိပြုရမည်မှာ ယနေ့ည ပွဲတော်ပေးမည့်အကြောင်းပင်ဖြစ်ပါသည်။

11 ၁၁။ ယခုအခါကျွန်တော်သည်အာဖရိကအတွက် နောက်ဆုံးခေါ်ခြင်းအတွက် စောင့်စားနေခြင်း ဖြစ်ပါသည်။ သာသနာပြုအနေနှင့်သူတို့ကကျွန်တော့်အား ဝင်ခွင့်ပေးမည် မဟုတ်ပါ။ ကျွန်တော်သွားနိုင်သည့် တခုတည်းသောလမ်းမှာ...ကင်ညာ၊ ယူဂန်ဒါနှင့်တန်ဖန်နီးယားသို့ သွားရန်ပင်ဖြစ်ပါသည်။ ကျွန် တော်သွားနိုင်သောတခုတည်းသောလမ်းမှာ ....ပထမဆုံးအနေနှင့်အသင်းတော်များက သင့်အားဝင်ရောက်ခွင့်ပြုမည်မဟုတ်ပါ။ အကြောင်းမှာ သူတို့ကကျွန်တော့်အား ဤမှာဖက်၊ ထိုမှာဖက်တွင် တစုံတခုကိုအာဖရိကတွင်ဟောပြောရန် လိုလားသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်ကလည်း ထိုကဲ့သို့ ပင်မသွားလိုပါ။ထိုသို့ပြုလုပ်ရန် ကျွန်တော်မှာ သူတော်ကောင်းယောင်ဆောင် သူမဟုတ်ပါ။ ထို့ကြောင့် သူတို့အားကျွန်တော်မပြောပြတော့ပါ။ ' ' မဟုတ်ပါဘူး ဆရာ ကျွန်တော်သည်ဘုရားသခင်ကျွန်တော်၏စိတ်နှလုံးထဲတွင် ထည့်သွင်း သောအရာကိုသာဟောပြောပါမည်။ ' ' သူတို့ ကျွန်တော့်အားသွန်သင်စေလိုသောအရာကို ကျွန်တော်ဖက်ကသေချာစွာ မသိရသေးပါ။ တြီနီတီဗတ္တိဇံများ နှင့် ၎င်းင်းကဲ့သို့သောအရာများနှင့်ရှုပ်ထွေးမှုများဖြစ်ပါသည်။

12 ၁၂။ ဘရာသာဘိုဇီက ကျွန်တော့်အား ကြီးမားသောညီလာခံကြီးသို့လာရန် ဖိတ်ကြား ခဲ့ပါသည်။ ကျွန်တော်တို့ကနေ့အ လင်းရောင်ဟု ယုံကြည်သောအရာကို ရောက် ရန်အတွက် ရှိနေပါသည်။ တောလိုက်သွားသကဲ့သို့ပင်ကျွန်တော့်အားဖိတ် ခေါ်သကဲ့သို့ ခံစားရပါသည်။ တောလိုက်သွားသကဲ့သို့ သူတို့ကကျွန်တော့်အားခွင့်ပြုပါက..သူတို့ကျွန်တော့်အား တောလိုက်ရန်ခေါ်ပါက သံရုံးတွင်ဆရာဝန် တစ်ဦးရှိပြီးချီကာဂိုမြို့ပြင်တွင် သူကကျွန်တော်၏မိတ်ဆွေတဦးပင်ဖြစ်ပါသည်။ ကျွန်တော်ရောက်သည်နှင့်သူကဆိုပါသည်။ 'ဘရာသာ ဗရမ်ဟမ်ရောက် နေပါသည်။ စည်းဝေးကြပါစို့။ ဟူ၍ဖြစ်သည်။ ကျွန်တော်ရောက်ပြီးနောက် သံရုံးက ကျွန်တော့်အားထွက်ခွာခွင့်မပြုနိုင်တော့ပါ။ သူတို့ယခုအချိန်မှစ၍ လုပ်ကိုင် ဆောင်ရွက်ရန် ကြိုးစားနေကြပါသည်။ဘုရားသခင်အလိုတော်ရှိပါက ထိုနည်းအားဖြင့် ဖြစ်လာပါမည်။ ကိုယ်တော်ရှင်အား ဆက်ကပ်ပြီးဖြစ်ပါသည်။ မဟုတ်ပါက ကျွန်တော်မလုပ်ပါ။ .....

13 ၁၃။ ဘုရားသခင်အလိုတော်ရှိပါကကျွန်တော်တံပိုး(၇)လုံး အကြောင်းပြောလို ပါသည်။ (၂)ရက်ကြာဝတ်ပြုစည်း ဝေးဖြစ်ပြီး ဘုရားကျောင်းတွင်ကျွန်တော် တို့ရှိကြမည်မဟုတ်ပါ။ ဤနေရာတွင် လူထုစည်းဝေးခန်းရရန် ကျွန်တော် တို့ကြိုးစားကြပါသည်။

ဤအသစ်သောပရိသတ်စည်းဝေးခန်းမအကြောင်း ကျွန်တော်လုံးဝမစဉ်းစားခဲ့ပါ။ အပေါ်တွင်ဆောက်လုပ်ဆဲဖြစ်ပါသည်။ သခင်ယေရှုအား ရူပါရုံထဲ တွင် ပထမဆုံးအကြိမ်တွေ့ရခြင်းပင်ဖြစ်ပါသည်။ ယခုအခါ ထိုနေရာမှာပင် စည်းဝေးခန်းမကို ဆောက်လုပ်ထားပါသည်။ တနေ့က ကျွန်တော်သွားကြည့်ခဲ့ပါသေးသည်။ ကျွန်တော်ကြည့်၍ ကိုယ်တော်ရှင်က အရှေ့ဖက် သို့ကြည့်နေသည်ကို တွေ့ရသောအခါကျွန်တော်ပြောသည်ကိုသင်ပြန်လည်သတိရပါမည်။ ကျွန်တော်အပြင်ထွက်၍ ဖခင်ဖြစ်သူအတွက် ဆုတောင်းခဲ့စဉ်အခါ ဖြစ်သည်။ကလေးငယ်ကလေးသာ ဖြစ်ပါသည်။ ကလေးငယ်တရားဟော ဆရာ ပင်ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တော်ရှင်အားတွေ့ခဲ့သည့်နေရာပင် ဖြစ်ပါသည်။ ကိုယ်တော်ကိုကြည့်၍ ရှေ့တိုးမိပါသည်။ သူသည်သူ၏ဦးခေါင်းကိုကျွန်တော်နှင့်ဘေးတိုက်ထားပါသည်။ ကျွန်တော်လမ်းလျှောက်သွား၍ လည်ချောင်းရှင်း ၍တံမြက်စည်းပင်ကွင်းထဲတွင်ပတ်နေသည်။ ကျွန်တော်ကြည့်နေသော်လည်း ကိုယ်တော်ရှင်က လှည့်၍မကြည့်ပါ။ ထို့နောက် ကိုယ်တော်ကကိုယ်တော်၏ နာမတော်ကို ခေါ်လိုက်မိပါသည်။ 'ယေရှုသခင်' ကိုယ်တော်ကလှည့်၍လက် ကိုဆန့်ထုတ်လိုက်သည်။မိုးလင်းသည့်တိုင် ကျွန်တော်သတိရ နေမိပါသည်။ ကွင်းထဲမှလည်း မိုးလင်းသည် နှင့်ပြန်ထွက်ခဲ့ပါသည်။ကိုယ်တော်ရှင်ကကျွန် တော့်အား တံပိုးများအကြောင်း ထိုနေရာတွင်ဟောပြောခွင့်ပေးနိုင်ပါသည်။ ဘယ်နေရာမှာဘဲဖြစ်ဖြစ် ကိုယ်တော်ရှင်၏အလိုတော်ပြည့်စုံပါစေ။

14 ၁၄။ သင်၏သမ္မာကျမ်းစာအုပ်များကိုဖွင့်ဖတ်ပါ။ (ဟေရှာယ ၅၃)ကို ဖွင့်ပါ။ ယနေ့ မနက်အတူတကွစုဝေးကြပြီး ကျွန်ုပ်တို့၏နှိမ့်ချမှုရှိသောကြိုးစားမှုများကို ဘုရားရှင်ကောင်းချီးပေးမည်ဟု ကျွန်တော်တို့ယုံကြည်ပါသည်။ ဖီလာဒယ်ဖီးယားမှ ယခုပင်ကျွန်တော်တို့ရောက်လာခြင်း ဖြစ်ပါသည်။ ပြည့်စုံသော သတင်းကောင်း စီးပွားရေးသမား အစဉ်အလာတွင်ကျွန်တော်ရောက်နေခဲ့ခြင်းဖြစ်ပါသည်။ သူတို့၏ သက်သေခံခြင်းအမျိုးမျိုးကို နားထောင်ခဲ့ပါသည်။

၎င်းနောက် ကျွန်တော်ဘီလီပေါလ်၊ ရီဘက်ခါနှင့်ဘက်တီကောလင်းကလေးနှင့်အတူလမ်းပေါ်ရောက်လာကြပါသည်။ ဘီလီမှာ အလွန်အအိပ်ကြီးသည်။ ဘက်ကီက တော်ပါသေးသည်။ ကျွန်တော်နှင့်ဘက်ကီတို့စကားပြောကြသည်။ သူမသည် ဘက်ကီ နှင့်ထိုင်နေသည်။ နောက်ဖက်ထိုင်ခုံတွင် ဖြစ်ပါသည်။ လမ်းပေါ်တွင်တစုံတခုကိုတွေ့မြင်လိုက်ပါသည်။ တစုံတခုဖြစ်ပျက်နေသည်ကို တွေ့သည်နှင့်အမျှ တစုံတခုကလည်းကျွန်တော့်ကိုတို့ထိလိုက်ပါသည်။ ဘက်တီ ကကျွန်တော်စကားပြောရပ်လိုက်သည်ကို သတိပြုမိသည်။တစုံတခုကိုစတင်၍ရေးချထား လိုက်မိသည်။ ယနေ့မနက်အတွက် ကျမ်းချက်ကိုဤကဲ့သို့ ရရှိခြင်းပင်ဖြစ်ပါသည်။

15 ၁၅။ ယခုမတ်တပ်ရပ်ကြပါစို့။ရပ်ပါက ... ဘုရားသခင်၏နှုတ်ကပတ်တော် ကို လေးစားသောအားဖြင့် ဖြစ်သည်။ (ဟေရှာယ ၅၃) ကိုဖတ်နေစဉ်လေးစား သောအားဖြင့် ဖြစ်ပါသည်။

'ငါတို့ဟောပြောသောသိတင်းစကားကိုအဘယ်သူ ယုံသနည်း ?ထာဝရဘုရား၏လက်တော်သည် အဘယ်သူအားထင်ရှား တော်မူသနည်း? ထာဝရ ဘုရား၏ကျွန်သည်အညွန့်ကဲ့သို့၎င်း၊သွေ့ခြောက်သောမြေ၌ပေါက်သော အတက်ကဲ့သို့၎င်း၊ ရှေ့တော်၌ ကြီးပွား၏။ ပမာဏပြုစရာအဆင်းတင့်တယ်ခြင်း မရှိ။ ချစ်လိုဘွယ်သော မျက်နှာလက္ခဏာနှင့်မပြည့်စုံ။

မထီမဲ့မြင်ပြုခြင်းကိုခံ၍ လူတို့တွင်အယုတ်ဆုံးသောသူဖြစ်၏။ငြိုငြင် သောသူ၊ နာကြဉ်ခြင်းဝေဒနာနှင့်ကျွမ်းဝင်သောသူ ဖြစ်၏။

သူတပါးမျက်နှာ လွဲခြင်းကိုခံရသောသူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျှက်ရှိ၍ငါတို့သည် မရိုသေကြ။ သို့သော်လည်းထိုသူသည်ငါတို့အနာရောဂါဝေဒနာများကို ယူတင် ဆောင်ရွက်လေ၏။ ဒါဏ်ခတ်တော်မူခြင်းကိုငင်းင်း၊ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုငင်း၊ ခံရသောသူဖြစ်သည်ဟု ငါတို့သည်ထင်မှတ်ကြပြီ။ထိုသူသည် ငါတို့လွန်ကျူး ခြင်းအပြစ်များကြောင့် နာကျဉ်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်း ချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍သူခံရသောဒါဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက် လျှက်ရှိကြ၏။

ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျှက်ကိုယ့်လမ်းသို့အသီးသီးလိုက်သွား ကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏အပြစ်များကိုသူ့အ ပေါ်၌ တင်တော်မူ၏။ ထိုသူသည်ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍ နှုတ်ကိုမ ဖွင့်ဘဲနေ၏။အသေသတ်ခြင်းငှာ ဆောင်သွားသောသိုးသူငယ်ကဲ့သို့ သူ့ကို ဆောင်သွား၍သိုးသည် အမွေးညှပ်သောသူရှေ့မှာမမြည်ဘဲနေသကဲ့သို့ သူ သည်နှုတ်ကိုမဖွင့်ဘဲနေ၏။

မတရားစွာစီရင်ခြင်းအားဖြင့် သူ့ကိုထုတ်သွားကြ၏။အသက်ရှင်သောသူ တို့၏နေရာမှ သူ့ကိုသုတ်သင်ပယ်ရှင်းသည်ဖြစ်၍ သူ၏အမျိုးအနွယ်ကို အဘယ်သူပြည့်စွန်မည်နည်း ? ငါ၏လူမျိုးအပြစ်ကြောင့်ဒါဏ်ခတ်တော်မူခြင်းကို ခံလေ၏။ ပြစ်မှား ခြင်းကိုမပြု သူ၏နှုတ်၌မုသာမရှိသော်လည်း လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှာ စီရင်ကြ၏။ သို့ရာတွင်သေပြီးမှ သူဌေး၌ရှိ၏။ ထာဝရဘုရားသည် သူ့ကိုနှိပ်စက်ခြင်းငှာအလိုတော်ရှိ၍ နာစေတော်မူ၏။ သူသည် အပြစ်ဖြေသောယဇ်ကိုပူဇော်ပြီးမှ အမျိုးအနွယ်တော်ကိုမြင်ရလိမ့်မည်။ အသက်တော်လည်း ရှည်လိမ့်မည်။ထာဝရဘုရား၏အကြံတော်သည်လည်း သူ၏ လက်၌ ပြည့်စုံခြင်းသို့ရောက်လိမ့်မည်။ မိမိ၏စိတ်ဝိညာဉ်ကိုခံရသောဝေဒနာ၏အကျိုးကိုမိမိမြင်၍ အားရလိမ့်မည်။ ထိုဖြောင့်မတ်သော ငါ၏ကျွန်ကိုသိကျွမ်းခြင်းအားဖြင့်သူသည်အများသောသူတို့ကို ဖြောင့်မတ်ရာ၌တည်စေလိမ့် မည်။ သူတို့၏အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏။ ထိုသို့မိမိအသက်ကို သေခြင်း၌သွန်း၍ မတရားသောသူတို့နှင့် ရေတွက် ဝင်ခြင်းသို့ရောက်သဖြင့်လူများ တို့၏အပြစ်ကိုဆောင်ရွက်၍ မတရားသောသူတို့အဘို့တောင်းပန်သောကြောင့် လူကြီးတို့ကိုသူ၏အဘို့ဖြစ်စေခြင်းငှာ ငါခွဲမည်။ အစွမ်းသတ္တိရှိသော သူတို့ကို သူ၏လက်ရဉစ္စာကဲ့သို့ကိုယ်တိုင်ဝေဖန်ရသောအခွင့် ရှိလိမ့်မည်။

16 ၁၆။ အဖဘုရားသခင်၊ နှုတ်ကပတ်တော်သည်မီးခွက်ဖြစ်၍ ယုံကြည်သူတိုင်းကို ထံတော်ပါးသို့သွားရာလမ်းကိုအစဉ်လင်းပေးသောအလင်းတော် ဖြစ်ပါသည်။ ကျွန်ုပ်တို့အားမီးခွက်ကဲ့သို့ လက်ထဲတွင်ကိုင်လျှက်ယူဆောင်တော်မူပါသည်။ အစမှအဆုံး သိစေရန်အတွက် ကိုယ်တော်ရှင်ကပံ့ပိုးပေးခြင်းမဟုတ်သော်လည်းယုံကြည်ခြင်းနှင့် ကျွန်ုပ်လျှောက်လှမ်းပါ သည်။ ညဖက်တွင် မှောင်နေသော တောထဲတွင် လူတစ်ဦးလျှောက်သွားသကဲ့သို့ကျွန်တော်တို့မှာကိုယ်တော်၏ လက်ထဲ တွင် ကိုင်ထားသောအလင်း ဖြစ်ပါသည်။ တလှမ်းပြီးတလှမ်းခံစားတွေ့မြင်ရပါသည်။ သို့သော်လည်း လမ်းမှာအ ပေါ်သို့ညွှန်သောလမ်းဖြစ်၍ အလင်း နှင့်အတူလျှောက်ရပါမည်။နှုတ်ကပတ်တော်အပေါ် အလင်းသက်ရောက်ပါ စေ။ ဘုရားသခင်၏နိုင်ငံတော်သို့ တလှမ်းချင်းလမ်းပြမည်ဖြစ်ပါသည်။ သခင် ယေရှု၏နာမတော်မြတ်၌ ဆုတောင်းပါသည်။ အာမင်။ အားလုံးထိုင်နိုင်ပါပြီ။

17 ၁၇။ ယနေ့ပရိသတ်ကိုပြောဆိုရန်ခံစားရသောအကြောင်းအရာမှာ အလွန်ကျွမ်းကျင်သူပင် ဖြစ်ပါသည်။

ကျမ်းစာထဲမှအကြောင်းအရာကို ရွေးချယ်လိုက်သည့်အခါအလွန်ထူးဆန်း သည်ဟု ထင်မြင်ယူဆရပါသည်။ အကြောင်းအရာမှာ အရက်စက်ဆုံးနှင့်သတ် ဖြတ်မှုအကြောင်းကိုဖေါ်ပြထားသောကျမ်းချက်ဖြစ်ခြင်းကြောင့်ပင်ဖြစ်ပါ သည်။

'ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်နာကျဉ်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။' ဟုဆိုထားသည့်တိုင် ထိုကျမ်းချက်ကို 'အလွန် ကျွမ်းကျင်သူ' ဟုဆိုထားပါသည်။ အလွန်ထူးဆန်းသည်။ သို့သော်လည်းကျွန် တော်က .....

ယနေ့မနက် ကျွန်တော်၏စိတ်နှလုံးက စဉ်းစားတွေးတောနေမိပါသည်။လွန်ခဲ့သောနှစ်အနည်းငယ်ခန့်က ကာလီဖိုးနီးယား ပြည်နယ် လော့စ်အင်ဂျလီးစ် အထက်ဖက် ဖေါရက်စ်လောန်တွင်ဖိတ်ခေါ်ခြင်းခံရပါသည်။ ကျွန်တော်၏ပထမဆုံး ရည်ရွယ် ချက်မှာ အီမီးစင်းပ်လ်အမ်မ်စီဖာစွန်၏ဂူကိုသွားကြည့်ရန်ဖြစ်ပါသည်။သူသည် ဖေါစကွဲလ် လူပ်ရှားမှု၏အစပျိုးတည် ထောင် သူ ဖြစ်သည်။ သူမ၏သင်္ချိုင်းဂူသို့ကျွန်တော်သွားခဲ့ပါသည်။ အမျိုးသမီးသာသနာပြုဆရာမတဦး ဖြစ်သော်လည်း ကျွန်တော်၏စိတ်နှလုံးထဲတွင်သူမကိုနှစ်သက်လေးစားမိပါ သည်။ သူမသည် အသက်ရှင်စဉ်အခါ နှိပ်စက်ခြင်းအမျိုး မျိုးကိုခံစား၍ဘဝကို ဖြတ်ကျော်ခဲ့ရပါသည်။ သူမ၏သား ဖြစ်သူ ရော့စ်အမ်မ်စီဖာစွန်မှာကျွန်တော်၏ အရင်းနှီးဆုံးသူငယ်ချင်းတစ်ဦး ဖြစ်ပါသည်။

18 ၁၈။ ကျွန်တော်တို့သာသနာပြုဆရာတအုပ်တက်သွားကြပါသည်။ ဂူသွင်းသည့် နေရာသို့သွားရန် အချိန်မရကြပါ။ ရုပ်အလောင်းကိုသေတ္တာငယ်ကလေးထဲ ထည့်၍ နံရံနံဘေးတွင် မြှုပ်သည့်အချိန်ဖြစ်ပါသည်။

ထူးခြားသောအဖြစ်အပျက်များ ပြုလုပ်ကြပါသည်။နောက်ဆုံးညစာစားပွဲ ကဲ့သို့ပွဲမျိုးဖြစ်သည်။ နေရောင်ခြည်အစစ်အမှန်ဖြင့် အလင်းထွန်းညှိကြပါသည်။အဖွင့်၊ အပိတ်၊ အပေါက်ရှိပါသည်။သူတို့အထဲဝင်ကြသောအခါ အလင်း ကိုမြင်ရသည်။ စကားစပြောသောအခါမှောင်လာပါသည်။ ၎င်းနောက် မကြာ ခင်အားလုံးမှောင်သွားပါသည်။ ထိုအခါ လူတို့ထွက်သွားကြပါသည်။သူတို့အား လုံး ညစာစားကြသည်။

19 ၁၉။ အမျိုးသမီးတဦးမှာလျှို့ဝှက်ချက်ကိုဖေါ်ထုတ်ပါသည်။ ထိုမှန်ကိုဤနေရာ သို့မည်သို့ထည့်သွင်းကြောင်း၊ ဤပုံများဘာကြောင့်ပြုလုပ်ကြောင်း၊ မိသားစုအ တွင်းနှစ်ပေါင်းများစွာ ဤအနုပညာကိုလက်ဆင့်ကမ်းခဲ့ပြီး နောက်ဆုံးဤအမျိုးသမီးမှာ အမွေအနှစ်ကိုဆက်ခံသူဖြစ်သည်။ သူတို့သည် ရုပ်ပုံကိုတပ် ဆင်နေပါသည်။ ဖန်ကိုပုံသွင်း၍ မီးဖုတ်သည့်အခါ ယုဒရှကာယုတ်၏ပုံမှာ

ပေါက်ကွဲသွားပါသည်။ တဖန် ထပ်၍ကြိုးစားကြည့်သောအခါတွင်လည်းပေါက်ထွက်ပြန်သည်။ 'ကိုယ်တော်ရှင်ကသူ့ရဲ့ရုပ်ပုံနားမှာ ရန်သူရဲ့ပုံကို မရှိစေ ချင်ဘူးနဲ့တူတယ်'' ဟုသူမကဆိုသည်။ တခါ ထပ်ပြီးပေါက်ကွဲပါကရုပ်ပုံကို အပြီးသတ်တော့မှာ မဟုတ်ပါ။ သို့သော်လည်း ထိုအခါမပေါက်တော့ပါ။ ထူး ခြားချက်ပင်ဖြစ်သည်။ထိုကဲ့သို့သော အရာမျိုးများမည်သို့ဖြစ်ပေါ်နိုင်မည် နည်း?

20 ၂၀။ ဖေါရက်စ်လောန် တွင်ကျွန်တော်အဓိကစိတ်ဝင်စားခဲ့သောအရာမှာမိုက်ကယ် အန်ဂျလို၏ကြီးမားလှသော ပုံတူရုပ်တုကြီးပင်ဖြစ်ပါသည်။ မောရှေ၏ရုပ်တုပုံ ပွားပင်ဖြစ်သည်။မူရင်းထုလုပ်ထားသည့် ရုပ်တုဖြစ်ပြီး အလွန်ကြီးမားကျွမ်း ကျင်စွာထုလုပ်ထားခြင်း ဖြစ်ပါသည်။ကျွန်တော်ရပ်၍ကြည့်နေသောအခါ နှစ်သက်မိပါသည်။ ကိုယ်စားပြုသည့်ပုံကဲ့သို့ ထင်မှတ်ရပါသည်။

ကျွန်တော်အနုပညာကို အမှန်တကယ်ပင် နှစ်သက်မြတ်နိုးသူဖြစ်သည်။ဘုရား သခင်သည် အနုပညာတွင်ရှိသည်ဟု ကျွန်တော်ယုံကြည်သည်။ ဂီတတွင် လည်း ဘုရားသခင်ပါရှိပါသည်။သဘာဝတွင်လည်း ဘုရားသခင်ပါရှိပါသည်။ ဘုရားသခင်သည် နေရာတိုင်းတွင်ရှိသည်။ မူရင်းနှင့်ဆန့်ကျင်ဘက်အရာမည် သည့်အရာမဆို ပြောင်းပြန်မကောင်းကျိုးကို ဖြစ်ပေါ်စေပါသည်။ ဘုရား သခင်သည် ကခုန်သည်အခါပါသည်။သင်တို့လုပ်နေကျ ကခုန်ခြင်းမျိုးကိုဆိုလို ခြင်းမဟုတ်ပါ။ ဘုရားသခင်၏သားသမီးများသည်ဘုရားသခင်၏ဝိညာဉ် တော်အထဲ၌ ရှိလျှင်ကခုန်ခြင်းပင် ဖြစ်ပါသည်။ ယနေ့မနက်(၂)နာရီအထိ ကျွန်တော်တို့ရုန်းကန်နေရမည်ဆိုလျှင် ဤလမ်းမပေါ်တွင်ဖြစ်ပါက မကောင်း သောအကျိုးသက်ရောက်မှုပင် ဖြစ်ပါသည်။

21 ၂၁။ မိုက်ကယ်အင်ဂျလိုထုသော ပုံတူရုပ်တုမှာအမှန်တကယ်ပင် ကျွမ်းကျင်မှု ရှိပါသည်။ ထုလုပ်နိုင်ရန်အတွက်လည်း အဖိုးအခပေးရပါသည်။ ကိုယ်တော်ရှင်သည်ကြီးမြတ်တော်မူ၍ နှစ်ပေါင်းများစွာအချိန်ယူပြီး ပုံတူထုလုပ်သောအခါ ဘဝ၏အစိတ်အပိုင်းကိုပေးဆပ်ခဲ့ရပါသည်။ ကျောက်၊ ကျောက်ဖြူကိုယူ၍ထု ပါ။ ပန်းပုထုလုပ်သူ ကိုယ်တိုင်သာလျှင်သူဘာထုမည်ကိုစိတ်နှလုံးထဲတွင်ရှိ ပါသည်။ သူ့ကိုသာလျှင် 'ကျောက်သားပေါ်မှာ ဘာထွင်းဘို့ကြိုးစားနေတာလဲ?' ဟုမေးနိုင်ပါသည်။ သူ့စိတ်နှလုံးထဲတွင်ဘာရှိသည်ကိုမသိသော အပြင်လူ တဦးအတွက်မှာမူ အဓိပ္ပါယ်မဲ့နေပေမည်။ ပန်းပုထုလုပ်သူကိုယ်တိုင်မှာမူသူ့စိတ်ထဲတွင် ရူပါရုံရှိနေသည်။ သူ့စိတ်ထဲတွင် ရှိသည့်အရာကို ပြန်လည်၍အ ကောင်အ ထည်ဖေါ်ရန်ကြိုးစားနေပါသည်။အမှတ်အသားရုပ်ထုအဖြစ် ပုံဖေါ် နေပါသည်။ ထိုအကြောင်းကြောင့် ကျောက်သားထဲသို့ တူးဆွနေခြင်းဖြစ်သည်။

22 ၂၂။ ဤကဲ့သို့ပြုလုပ်နိုင်ရန်အတွက်အစမှစ၍ပြုလုပ်ရပါမည်။ ပုံစံအတိုင်း ပြုလုပ် ရပါမည်။ စ၍ထွင်းရန်အစကလေး တစ်စနှင့်မဖြစ်ပါ။ ''ဒီလိုလုပ်ကြမယ်မ ဟုတ်ဘူးလို့ကျွန်တော်ယုံကြည်ပါတယ်။ '' မဟုတ်ပါ။ သူ့အထဲမှာပုံစံအတိအ ကျရှိရပါမည်။ သူ့၏စိတ်နှလုံးထဲတွင် ထိုပုံစံရှိပါသည်။ ထိုပုံစံမှလွဲချော်၍မသွားနိုင်ပါ။ ဤကဲ့သို့ပြုလုပ်နိုင်ရန် သူ့စိတ်နှလုံးထဲတွင် ပုံစံဆွဲရပါမည်။ အကြောင်းမှာမောရှေ၏ရုပ်ပုံအစစ်မရှိသောကြောင့် ဖြစ်သည်။ သူ့စိတ်နှလုံး ထဲတွင် ပုံရိပ်အစစ်အသိတရားရှိနေရမည်။ မောရှေနှင့်အတိအကျတူညီနေ ရမည်။

23 ၂၃။ စစ်မှန်သောပန်းပုသမားမှာဝိညာဉ်တော်မှုတ်သွင်းခြင်း ခံရပါမည်။ စစ်မှန် သောကဗျာဆရာ၊ စစ်မှန်သောအဆိုတော်၊ ဂီတပညာရှင်တို့ကဲ့သို့ပင်ဖြစ်သည်။အားလုံးမှာ ဝိညာဉ်တော်မှုတ်သွင်းခြင်းအားဖြင့်သာဖြစ်သည်။ မောရှေ၏ရုပ်ပုံ လှှာကို မိုက်ကယ်အင်ဂျလိုကဝိညာဉ်တော်မှုတ်သွင်း ခံရခြင်းအားဖြင့်သိပါ သည်။ သူ၏စိတ်နှလုံးထဲတွင် မှတ်သားထားသည်။ သူ၏ကျောက်ဖြူတုံးကြီး ပေါ်တွင် ဖြတ်တောက်၍ပုံဖေါ်ပြီး နောက်ဆုံးသူ့စိတ်နှလုံးထဲရှိစစ်မှန်သော ရုပ်ပုံအသွင်သဏ္ဌာန်ရသည့်အထိ ပန်းပုထုခဲ့ပါသည်။

24 ၂၄။ အားလုံးပြီးဆုံးသောအခါရှုဒေါင့်အမျိုးမျိုးမှနေရာတိုင်းပွတ်လိုက်၍ မျက်လုံးများ၊ ဆံပင်မွေးများ၊ မုတ်ဆိတ်မွေးများမှအစအားလုံးစံနစ်တကျဖြစ်သော အခါ သူရပ်၍ကြည့်လိုက်ပါသည်။ နှစ်ပေါင်းများစွာ ကြာရှည်လျှက်ထုလုပ်ရပါသည်။ သူ့စိတ်နှလုံးထဲတွင်လည်း ထိုရူပါရုံကို ထိန်းသိမ်းထားခဲ့ရသည်။ အတိအကျတူအောင်ထုလုပ်ရသည်။ ရူပါရုံကိုပထမဆုံးတွေ့မြင်လျှက် ထိုရူပါရုံ အတိုင်းပြုလုပ်ရသည်။ ဖြတ်တောက်၍မလိုအပ်သည်များကို ဖယ်ရှားရသည်။ နောက်ဆုံးစိတ်တိုင်းကျဖြစ်သောအခါ လုံးဝတိကျသွားသောအခါရပ်၍ကြည့် နေပါတော့သည်။ ပြီးဆုံးသည့်မနက်က လက်ထဲတွင်တူကိုကိုင်၍ ရပ်ကြည့်နေ ပါသည်။

ထိုသို့ကြည့်၍ သူသည်အလွန်ပင် ဝိညာဉ်တော်မှုတ်သွင်းခြင်းခံရပါသည်။ သူ့စိတ်နှလုံးထဲမှ ရူပါရုံသည်အမှန်တ ကယ်ဖြစ်လျှက် သူ့ရှေ့တွင် မားမားကြီးရပ်နေပါပြီ။ သူတွေ့ခဲ့သောအရာမှာ မောရှေကိုစိတ်ဖြင့် အာရုံထင်ဟပ်ခြင်းဖြစ် သည်။ သူ့ရှေ့တွင်ရုပ်ပုံဖြစ်နေပြီး နှစ်ပေါင်းများစွာ နှလုံးသားထဲတွင် သိုမှီး ထားခဲ့ရခြင်းဖြစ်သည်။အခက်အခဲများ၊ ဝမ်းနည်းကြေကွဲလျှက် စိတ်ပျက်ခြင်း များ၊ ဝေဖန်ခံရခြင်းများနှင့်အားလုံးကိုကျော်ဖြတ်ခဲ့ရပြီးသူ၏ရူပါရုံကိုသာ မှန်ကန်စွာ အဆုံးသတ်သည်အထိ ပြုလုပ်ခဲ့ပါသည်။

25 ၂၅။ လုံးဝပြီးဆုံးသွားသောအခါ သူသည်တူကိုကိုင်၍နောက်ဆုတ်ရပ်လိုက်ပြီး ပုံတူ ပန်းပုရုပ်ကို ကြည့်နေပါတော့သည်။ သူမြင်တွေ့ခဲ့ရသောရူပါရုံ၏ဝိညာဉ် တန်ခိုးမှုတ်သွင်းခံရခြင်းမှာ သူ့အားများစွာ ဝိညာဉ်ခွန်အားဖြစ်စေလျှက် ....ဝိညာဉ်ခွန်အားရခြင်းမှာသူ့အားထိခိုက်စေ၍ ရုပ်တုဒူးကိုရိုက်ပြီး ''စကားပြောစမ်း '' ဟုဆိုလိုက်မိသည်အထိ ဖြစ်ရပါတော့သည်။

ယခုအခါတွင် ဒူးပေါ်တွင်၊ ညာဘက်ဒူးပေါ်တွင်အနာကြီးတခုတွေ့ရပါ သည်။ ဒူးပေါ်တွင် အနာဖြစ်နေခြင်းကဲ့သို့ဖြစ်၍ (၆)လက်မခန့်ရှည်သည်။(ကျွန်တော်က ကျွန်တော်၏လက်ကိုတင်ထားသည်။) (၆)လက်မအနက်ခန့်ရှိသည်။

26 ၂၆။ နှစ်ပေါင်းများစွာကြာရှည်လျှက် အချိန်ယူပြီးပြုလုပ်ခဲ့ရပါသည်။ သူ့နှလုံးသားထဲတွင် တွေ့ခဲ့ရသောရူပါရုံ၏ဩဇာသက်ရောက်မှုမှာ ပြည့်စုံသွားပါတော့ သည်။ ထိုသို့ပြီးဆုံးသွားသောအခါ သူသည်အလွန်ပင်တန်ခိုးမှုတ်သွင်းခြင်းခံရ ၍သူ၏ကိုယ်ပိုင်ကျွမ်းကျင်မှုက

သူ့အားပြန်၍ စကားပြောသကဲ့သို့ဖြစ်နေပါတော့သည်။ သူကခြေထောက်ကိုဖြတ်ရိုက်၍ ‘စကားပြောပါ’ ဟုဆိုသည်။ ထို့ကြောင့် အနာဖြစ်သွားခြင်းဖြစ်ပါသည်။ ရုပ်တုပေါ်တွင် အနာရွတ်ထင် သွားရပါတော့သည်။

ကျွန်ုပ်အတွက် အမာရွတ်မှာ အလွန်ကျွမ်းကျင်မှုလက်ရာပင်ဖြစ်သည်။ တမျိုးစဉ်းစားသောစိတ်နှလုံးအတွက် ဖျက်ဆီးသည်ဟုထင်မြင်ကောင်းထင်မြင်ပေလိမ့်မည်။ ကျွန်ုပ်အတွက်မှာမူ အရှိအတိုင်းပင်ဖြစ်သည်။ နှစ်ပေါင်းမြောက်မြားစွာသေချာစွာလုပ်ကိုင်ဆောင်ရွက်၍ကြိုးပမ်းပြီးနောက် ဝိညာဉ်တော်တန် ခိုးအားဖြင့် သူ၏ကြိုးစားခြင်းမှာ အချည်းနှီးမဟုတ်ကြောင်းအထောက်အထား ခိုင်လုံစွာ သိရှိလာရပါတော့သည်။ အပြစ်အနာအဆာကင်းမဲ့၍ သူကဟစ် ကြွေးပြောဆိုနိုင်ပါတော့သည်။ ‘နှုတ်ဖြင့်မြွတ်ဟ၍ပြောဆိုပါ။’ ဟူ၍ဖြစ်သည်။သူ့ရှေ့မှောက်တွင် သူတတ်နိုင်ကြောင်းသိရသောအခါ ရုပါရုံကို အကောင်အထည်ဖော်နိုင်ကြောင်းသိရပါတော့သည်။ ထို့ကြောင့် ဝိညာဉ်တော်တန်ခိုး အားဖြင့် သူကအကြောင်းပြချက် ဖြင့် တစုံတခုကိုပြုလုပ်ခဲ့သည်။သာမာန်ထဲမှ တစုံတခုကိုပြုလုပ်လိုက်ရပါသည်။ သူကရိုက်လိုက်ပြီး ‘ပြောပါ’ ဟုဆိုသည်။ သူစဉ်းစားမိပါက ထိုသို့ပြုလုပ်မည်မဟုတ်ပါ။ သို့သော်လည်း သူမစဉ်းစားပါ။ သူ့စိတ်ထဲတွင်ရှိသည့်အရာကို မြင်ခြင်းမှာဝိညာဉ်တော်မှုတ်သွင်းခြင်းပင်ဖြစ်ပါသည်။ သူ့ရှေ့တွင် မှန်ကန်စွာချမှတ်ထားခြင်း ပင်ဖြစ်ပါသည်။

27 ၂၇။ သူ၏ဒုက္ခဆင်းရဲခံခြင်းများ၊စိတ်ပျက်ဘွယ်ရာများနှင့်ညရှည်ပေါင်းများစွာ လောကကြီးနှင့် ရက်ပေါင်းများစွာ အဆက်အသွယ်ပြတ်နေခြင်း၊အသားညှပ် ပေါင်မုန့်ကလေးကိုသာစားခဲ့ရသည့် အချိန်များရှိခဲ့ပါသည်။ ဖျက်လိုက်ထုလိုက်နှင့်နောက်ဆုံးသူ့စိတ်ထဲတွင် စိတ်တိုင်းကျဖြစ်သွားသောအခါ အပြစ်ကင်းစင် သည်ကို တွေ့ရပါတော့သည်။အသက်ဝင်၍ အစစ်အမှန်ကိုတွေ့ရသည်။ သူ့ စိတ်နှလုံးထဲတွင်ရှိ သောအရာမှာ အမှန်တကယ်ဖြစ်လာပါသည်။မဟုတ်သည့် အရာမှာဟုတ်သည့်အရာ ဖြစ်လာပါသည်။ အမှန်တကယ်စစ်မှန်စွာဖြင့် သူက ဟစ်အော်၍ ‘’စကားပြောပါ‘’ ဟုဆိုပါသည်။

ကျွန်တော်ရပ်၍ ထိုပန်းပုရုပ်တုကိုကြည့်နေမိသည်။ထုလုပ်သည့်အခါ ကုန်လွန်ခဲ့ရသည့်အချိန်များကိုတွေးမိသည်။ နှစ်ပေါင်းများစွာကြာခဲ့သည်ဟုလည်း ဆိုကြပါသည်။ သူ့အတွက် ဆက်ကပ်မှုပင်ဖြစ်သည်။ ကြီးမားလှသော အနု ပညာလက်ရာဖြစ်သည်။ သူဘာလုပ်ခဲ့သည်ကို သူ၏ကြီးမားသောအလုပ်အားဖြင့် ဖေါ်ပြခြင်းဖြစ်သည်။ နောက်ဆုံးသူက အောင်မြင်စွာထုလုပ်ပြီးသည့်အခါ အလွန်ကြီးမြတ်သောလက်ရာ ဖြစ်လာပါသည်။

28 ၂၈။ မိုက်ကယ်အင်ဂျလိုတည်းဟူသောစာမျက်နှာကိုပြောင်း၍ စာအုပ်ကိုပိတ် ထားလိုက်ကြပါစို့။

အခြားစာအုပ်တစအုပ်ဖွင့်၍ ကြီးမြတ်လှသော ပန်းပုဆရာကြီးအကြောင်းပြောကြပါစို့။ ကမ္ဘာလောကကြီးမစတင်မီ အခြေခံလောကဓါတ်တို့ မဖန်တီး မီကသူ့စိတ်ထဲတွင်သူလိုလားသောအရာရှိနေပါသည်။ သူ၏ပုံသဏ္ဍာန်တော် နှင့်အညီ လူကိုဖန်ဆင်းလိုပါသည်။ အမှန်တရားကိုရူပါရုံအားဖြင့် ကိုယ်တော်ရှင်ကို သူ၏စဉ်းစားသည့်အရာကို အကောင်အထည် ဖေါ်လိုပါသည်။

29 ၂၉။ ယခုစာအုပ်ပိတ်၍ မိုက်ကယ်အန်ဂျလိုရဲ့ စာရွက်ကို လှန်ရအောင် ယခု စာအုပ်ကိုဖွင့်၍နောက်ထပ်စာအုပ်ကို ဖတ်ရအောင်။ ကြီးမားသော၊ ကြီးမြတ်သော အုတ်မြစ်ချမှု မရှိခင်ကတည်းက ကမ္ဘာကြီးပေါ်မှာရှိနေပြီး ဖြစ်ပါသည်။ သူ၏စိတ်တွင် သူဘာလိုချင်လဲဆိုတာရှိပါသည်။ သူသည် လူသားကို သူကိုယ်တိုင်ဖန်ဆင်းပြုလုပ်လိုပါသည်။ ဘုရားသခင် သူ့အား ဗျာဒိတ်ရူပါရုံပေးသည့်အတိုင်း သူအပြင်မှာပြုလုပ်ချင်ပါသည်။ သူဘာကို စဉ်းစားနေတာပါလဲ?

30 ၃၀။ မိုက်ကယ်အင်ဂျလိုအတွက်သူ့အတွေးအခေါ်အတွက် လက္ခဏာပင်ဖြစ်ပါသည်။

ဘုရားသခင်က သူ၏ပုံသဏ္ဍာန်တော်နှင့်အညီ လူကိုဖန်ဆင်းတော်မူပါသည်။ဘုရားသခင်သည် ကြီးမြတ်တော်မူသော ပန်းပုဆရာကြီးဖြစ်တော်မူပါ သည်။ လူသားကိုလည်း ကိုယ်တော်ရှင်ကဖန်ဆင်းတော်မူပါသည်။ ကိုယ်တော် ရှင်တခုပြီး တခုဖန်ဆင်းကြောင်းတွေ့ကြရပါသည်။ ငါးများ၊ငှက်များ၊ မြေကြီး ပေါ်တွင်တွားသွားသောသတ္တ္တဝါများနှင့် အခြားအရာ မြောက်မြားစွာတို့ဖြစ်ပါ သည်။ နောက်ဆုံးသူကဖန်ဆင်းရှင်ဖြစ်သဖြင့် လူသားကဲ့သို့မဟုတ်ပါ။ ဖန် ဆင်းထားသောအရာတစုံတခုကို ပန်းပုဆရာအသွင်ဖြင့် သူကဖန်တီးယူရမည်ဖြစ်ပါတော့သည်။ ပုံရိပ်ကိုထွင်းရခြင်းဖြစ်ပါသည်။ထာဝရအရာများ အတွက် ကိုယ်တော်ရှင်သည်ပန်းပုပညာရှင် ဖြစ်ပါသည်။ သူ့စိတ်နှလုံးထဲတွင် ရှိသည့်အရာကိုအမှန်တကယ်ဖြစ်ပေါ်လာရန် အကောင်အထည်ဖေါ်နိုင်စွမ်း ရှိသူဖြစ်သည်။ သူသည်သူ၏ဆန္ဒအတိုင်းအရာရာကိုလည်း ဖန်တီးနိုင်သူဖြစ်ပါ သည်။

31 ၃၁။ တွားသွားသတ္တ္တဝါများနှင့်ပတ်သက်၍သူစတင်လုပ်ကိုင်ဆောင်ရွက်သောအခါ မှစ၍ တဆင့်ပြီးတဆင့်မြေကြီးပေါ်နေတိရိစ္ဆာန်ငယ်ကလေးများအဆင့်အထိဖန်တီးခဲ့ပါသည်။ ပိုမိုမြင့်မားသောအဆင့်သို့ရောက်လာပါသည်။ နောက်ဆုံးတိရိစ္ဆာန်ကြီးများဖြစ်သည့်ခြင်္သေ့၊ ကျား၊ ဝက်ဝံစသည်တို့ကို ဖန်တီးကြပါသည်။ မျောက်များ၊ လူဝံကြီးများကိုလည်းဖန်ဆင်းပါသည်။ ဆင့်ကဲဖြစ်စဉ် မဟုတ်ပါ။ ဖန်ဆင်းခြင်းသာဖြစ်ပါသည်။ ဘုရားသခင်ကတခုပြီးတခုပုံ ဖေါ်သွားခြင်း ဖြစ်သည်။

နောက်ဆုံးကမ္ဘာလောကကြီးပေါ်သို့ ပြည့်စုံခြင်းဖြစ်ပေါ်လာပါသည်။ထိုပြည့် စုံခြင်းမှာ လူကိုဖန်ဆင်းခြင်းပင်ဖြစ်သည်။ ထိုဖန်ဆင်းခံသောသူကိုကြည့်လျှင်သူနှင့်တူကြောင်းတွေ့ရပါသည်။ သူ၏ဖန်ဆင်းရှင်၏ရောင်ပြန်ဟပ်လျှက်ရှိသောဖန်ဆင်းရှင်၏ပုံသဏ္ဍာန်တော်ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်အလို တော်ရှိသည့်အတိုင်း သူကအောင်မြင်စွာ ပြုလုပ်နိုင်ပါသည်။ သူ၏ပုံသဏ္ဍာန် တော်နှင့်အညီဖြစ် သောလူသားဖြစ်ပါသည်။

32 ၃၂။ ဤသူကို ကိုယ်တော်ရှင်ကဖန်ဆင်းသည့်အခါ သူနှင့်ပတ်သက်၍တစုံတခု ရှိသည့်အကြောင်း ကြည့်ရသည်မှာ ပုံမှန်မဟုတ် ကြောင်းသိရပါသည်။ အကြောင်းမှာသူသည်သူ့ဖာသူဖြစ်ပါသည်။ ဘုရားသခင်ကလည်း သူ့ဖာသူရှိနေ ပါသည်။ ကိုယ်တော်ရှင်သည်

ထာဝရဖြစ်တော်မူပါသည်။လူသည်ဘုရားသခင်၏ပုံသဏ္ဍာန် တော်နှင့်အညီ ဖြစ်တော်မူ၍ သူ့ဖာသာကမ္ဘာလောကကြီးပေါ်တွင်ရှိနေတော်မူပါသည်။ သူ၏ဘယ်ဘက်ဘေးကိုအနည်းငယ်ဖွင့်ထုတ်လိုက်ပြီး အစတစ ကိုယူ၍ သူ့အတွက်အထောက်အမအဖြစ်ဇနီးသည်ကိုဖန်ဆင်းပါ သည်။ ထိုအခါ သူ့ဖာသာသူရှိမနေတော့ပါ။ သူနှင့်အတူ တစုံတဦးရှိနေပါသည်။ သူ၏လက်ရာတော်ကြီးပင် ဖြစ်ပါသည်။

ကိုယ်တော်ရှင်သည်အခြားကြီးမြတ်တော်မူသော ပန်းပုပညာရှင်ကြီးထဲသို့ သူ၏ကျွမ်းကျင်မှုဖြင့် ပြုလုပ်ပါသည်။ သူကိုယ်တိုင်၏ကျွမ်းကျင်မှု သူ့ထံတွင်ရှိ ပါသည်။ သူ၏ကျွမ်းကျင်မှုမှာတခုတည်းဖြစ်၍ သူကဲ့သို့ဖြစ်ပါသည်။သူ၏ကျွမ်းကျင်မှုကိုနံဘေးမှဖောက်၍ သင့်တော်သော အထောက်အမကိုဖန်တီးပါသည်။

33 ၃၃။ ထိုနှစ်ဦးကိုတစ်ဦးတည်းဖြစ်စေရန်အတွက် သူတို့အားအခြား ပန်းပုပညာ ရှင်ကြီးကဲ့သို့ တနေရာတွင်ထား လိုက်ပါသည်။ ၎င်းအရာမှာလည်း လှပပါသည်။

ပန်းပုရုပ်မှာ အလွန်ကျွမ်းကျင်သောပညာရှင်ဖြစ်လာမည်မဟုတ်ပါ။ ၎င်းင်း အရာကိုယူ၍ တနေရာရာတွင် ချထားရပါမည်။ အဆောက်အဦများနောက် ကွယ်တွင်သိုဂှက်ထားရပါမည်။ကိုယ်တော်ရှင် ကျွန်တော်တို့အားမိန့်တော်မူသ ကဲ့သို့ ‘လူတစ်ဦးသည် ဖယောင်းတိုင်ကိုထွန်းညှိပြီးတောင်းအောက်တွင်ဖုံးအုပ်၍မထားပါ။ သူသည်ဘုရားသခင်၏ အလွန်ကျွမ်းကျင်သူများဖြစ်လာပါက တနေရာတွင်ဖုံးကွယ်ထားခြင်း မခံရပါ။ အလင်းပေးရပါမည်။

34 ၃၄။ သူ၏ပုံတူကိုပြုလုပ်ပြီးကမ္ဘာမြေကြီးပေါ်တွင် နေရာချထား၍ အလွန်လှပ သောဧဒင်ဥယျာဉ်ကြီးထဲတွင် နှစ်ဦးမှာတစ်ဦးတည်းကဲ့သို့ဖြစ်သွားရပါသည်။ ကိုယ်တော်ရှင်အလွန်ဝမ်းမြောက်တော်မူ၍ သူ၏ပုံသဏ္ဍာန်တော်ကို သူမြင်နေရပါသည်။ ၎င်းင်းနောက် ကိုယ်တော်ရှင်နားနေတော်မူပါသည်။ သူ၏လက်ရာတော်အတွက် သူအလွန်ကြေနပ်နှစ်သက်နေမိလျှက်ရှိပါသည်။

35 ၃၅။ သူ၏အလွန်ကျွမ်းကျင်သောအလုပ်ဖြင့်လုပ်ကိုင်၍ စိန့်အင်ဂျလို၏မောရှေပုံတွင် ရိုက်နက်ထားသောအရာမှာ ပုံတူကိုအတားအဆီးဖြစ်စေသောအရာဖြစ် သည်ဟု ကျွန်တော်၏သဘောအရ ပြောလိုပါသည်။

သူ၏ရိုက်ချက်ဖြင့် နံဘေးမှဖောက်ထုတ်ပြီးသတို့သမီးပေါ်ထွက်လာပါသည်။ ဧဒင်ဥယျာဉ်ကြီးထဲတွင် မိသားစုအဖြစ်တွေ့ရပါ သည်။ မည်မျှလှပပါသနည်း ? ကိုယ်တော်ရှင်နှစ်သက်တော်မူစွာဖြင့် အနားယူလိုက်ပါသည်။ဘုရားသခင်က ‘ငါနားဦးမည်’ ဟုဆိုလိုက်ပါသည်။

သူသည် နားနေစဉ် အလွန်ကျွမ်းကျင်သူကို ယုံကြည်နေပါသည်။သူ၏ရန်သူသည် ဝင်လာ၍ သူ၏ အလွန်ကျွမ်းကျင်သူကို တွေ့ပါသည်။ ပြီးနောက် သူသည် .... နံရံအောက်၌ တွားသွား၍ ထိုအလွန်ကျွမ်းကျင်သူကို လက်ထပ်ယူခဲ့ပါသည်။သူ လက်ထပ်မှ လဲကျမှာ ဖြစ်ပါသည်။

36 ၃၆။ ယခုအခါကျွန်တော်သည်ထိုနာရီကိုကြည့်နေလျှက် နေပါသည်။ ကျွန်တော်၏ တူဖြစ်သူ မိုက်အားမိနစ်(၃၀)အတွင်းခေါင်းလောင်းတီးရန် မှာထားပါသည်။ သို့သော်သူက ခေါင်းလောင်းမတီးပါ။ မိနစ်(၃၀)ခန့်ပင်ရှိနေပါပြီ။အနည်းငယ်ဆက်၍ ပြောလိုပါသည်။ ဤစည်းမျဉ်းများကို မချိုးဖျက်လိုပါ။ ကျွန်တော် ကစည်းကမ်းချမှတ်ထားခြင်းဖြစ်၍စည်းမဖျက်လိုပါ။ ကိုယ်ချမှတ်ထားသော စည်းကမ်းကို ကိုယ်ပြန်ဖျက်သကဲ့သို့ ဖြစ်ပါသည်။

37 ၃၇။ ဤအလွန်ကျွမ်းကျင်မှုကိုသတိပြုပါ။ စာတန်က ချုပ်ကိုင်ခွင့်ရသောအခါ နံရံများကိုဖြိုဖျက်ပါသည်။ စာတန်သည် လှည့်ဖျားသူဖြစ်ပါသည်။သူကဤအ လွန်ကောင်းမွန်လှပစွာ ဖန်တီးထားခြင်းကို ဖြိုဖျက်ရန်ကြိုးစားပါသည်။ သူထိုနည်းဖြင့်ပြုလုပ်သောကြောင့် သူမည်သို့ပြုလုပ်မည်နည်း ?အသေးစိတ်ကျွန် တော်လေ့လာပါမည်။ သူမည်သို့ပြုလုပ်ခဲ့ပါသနည်း ? ကိုယ်တော်ရှင်၏နှုတ် ကပတ်တော်မြတ်ဖြင့် တားဆီးထားပါသည်။နှုတ်ကပတ်တော်မြတ်ဖြင့် ဘုရား သခင်၏ပုံတူမိသားစုကို တားဆီးထားပါသည်။ မူရင်း၏အကျိုးအပဲ့အပိုင်းအစမှာတားဆီးထားသောနံရံကို ချိုးဖောက်သွားသည်။ စာတန်ကိုတားဆီးရန်အခွင့်အရေးဖြစ်စေခဲ့သည်။အလွန် ကျွမ်းကျင်စွာပြုလုပ်ထားခြင်းမှာ ကျိုးပဲ့ခဲ့ရ သည်။

ပန်းပုဆရာကြီးမှာ သူ၏မိသားစုပျက်စီးသွားသည်ကိုကြည့်ပြီးထိုအပျက်အစီး အတိုင်းပင် ပစ်၍မထားလိုပါ။ ချက်ချင်းပင်ပြန်လည်ပြုပြင်မွန်းမံရန်ကြိုးစား ပါသည်။ လုံးဝပျက်စီးသွားသည်ကို မလိုလားပါ။ သူသည်ဘုရားဖြစ်သော ကြောင့် ဘယ်သောအခါမှ အရှုံးမခံပါ။ ချက်ချင်းပင်ပြန်လည်တည်ဆောက်ရန်ကြိုးစားသည်။ သူ၏ပုံသဏ္ဍာန်တော်အတိုင်းလူကိုပြန်လည်၍ စတင်တည် ဆောက်ပါသည်။

38 ၃၈။ ရှေးဟောင်းကမ္ဘာလောကကြီးမှာပေါ်ထွက်လာပြီးအရာခပ်သိမ်းကို ဖျက်ဆီး ပစ်လိုက်ပါသည်။ ပဋိညာဉ်များမှာ အခြေအနေပေါ်မူတည်၍ပြုလုပ်ထားခြင်း ပင်ဖြစ်ပါသည်။ ပညတ်တရားမှာ ‘သင်သည်ဤအရာကိုမလုပ်ပါက သို့မဟုတ် ထိုအရာကိုပြုလုပ်ပါက’ ‘စသည်ဖြင့်ဆိုထားသည်ကိုတွေ့ရပါသည်။ဘုရားသခင် တည်းဟူသော ပန်းပုပညာရှင်ကြီးမှာ လူသားသည်ပဋိညာဉ်ကိုမစောင့်စည်းနိုင် ကြောင်းပြောဆိုဖော်ပြထားပါသည်။ သူဘာမှမလုပ်နိုင်ပါ။ ဘာလမ်းမှမရှိ တော့ပါ။

အချိန်အနည်းငယ်အကြာတွင် တွေ့ဆုံဆွေးနွေးသည့်အခါအခန်းထဲမှလူ နှင့်ကျွန်တော်စကားပြောနေပါသည်။ ‘ဘရာသာ ဘရမ်ဟမ် ကျွန်တော်မှာပစ္စည်းများစွာရှိပါသည်။ မှားမှန်ကျွန်တော်သိပါသည်။’ ဘုရားတရားကြည်ညို သူမိန်းမ ဖြစ်သည်။

‘ညီမကြည့်ပါ။ သင့်ကိုယ်သင်မကြည့်ပါ။’ သင်၏ဆန္ဒဖြစ်၍ သင်ပြုလုပ်လို သည့်အရာကိုကြိုးစားလုပ်ဆောင်နေခြင်း ဖြစ်ပါ သည်။ သင်ကိုယ်တော်ရှင်ကို အမှန်တကယ်ချစ်ပါက စိတ်နှလုံးအကြွင်းမဲ့ဖြင့်ကိုယ်တော်ရှင်ကိုအစေခံပါ။ သင့်အပြစ်များ အားလုံး သခင်ခရစ်တော်၏အသွေးတော်၌ ဖုံးကွယ်လျှက်ရှိပေမည်။ကိုယ်တော်ရှင် လမ်းဖွင့်ပေးထားပါသည်။

39 ၃၉။ သူယခုအခါစတင်ပါသည်။ သူ၏ပဋိညာဉ်များမှ လူများကိုယူ၍ ပြောဆိုပါသည်။ သင်ဖြစ်လိုပါက ငါလည်း ဖြစ်လိုပါသည်။ အာဗြဟံအမည်ရှိလူတစ်ဦး ကိုရွေးချယ်၍ အာဗြဟံအားပဋိညာဉ်ကို ပေးအပ်ခဲ့ပါသည်။ ကျွမ်းကျင်စွာဖြင့်သူကစတင်သည့်အခါတိုင်း စာတန်ကနှောင့်ယှက်ပါမည်။ အကြောင်းမှာ နှုတ် ကပတ်တော်ကြောင့်ဖြစ်သည်။.... အာဗြဟံနှင့်သူကစတင်သည့်အခါ သူ ကပြောဆိုပါသည်။ သို့သော်လည်း သူကအာဗြဟံနှင့် စတင်သောအခါကိုယ်တော်ရှင်ကပြောဆိုသည်မှာ 'ကျွန်တော်ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။အခြေအနေ ပေါ်မူတည်ခြင်း မဟုတ်ပါ။ သင်အလိုရှိပါက ကျွန်ုပ်လည်းအလိုရှိပေမည်။ သို့သော်လည်းငါဆောင်ရွက်ခဲ့ပြီးပြီ ' ဟု ဆိုသည်။ ပန်းပုဆရာကြီးကကျွမ်း ကျင်စွာပုံတူထုလုပ်ရန် ဆုံးဖြတ်ထားပြီးသားဖြစ်ပါသည်။

အာဗြဟံလက်ထက်ပြီးလျှင် ဘိုးဘေးတို့၏လက်ထက်ထွက်လာပါသည်။အမှန်တကယ်ပင် ဘိုးဘေးတို့ဖြစ်ပါသည်။ ဘုရားသခင်မည်သည့်အမှုကိုပြုပါသ နည်း? ကိုယ်တော်ရှင်သည် ပျက်စီးသွားသော အလွန်ကျွမ်းကျင်စွာပြုလုပ်ထားသည့်အရာကို ပြန်လည်တည်ဆောက်ပါသည်။ ဘိုးဘေးတို့အကြားတွင် ကျွန် တော်တို့ ပထမဆုံးတွေ့ရသူမှာအာဗြဟံပင်ဖြစ်ပါသည်။

40 ၄၀။ ကျွမ်းကျင်မှုတခုစီတိုင်းကိုအခြေခံပေါ်တွင်တင်ထားသည်။ ပန်းပုရုပ်ဖြစ်ပါ သည်။ အင်ဂျလို၏ရုပ်တုမှာ မောရှေ၏ရုပ်တုဖြစ်ပြီးကျောက်ဖြူသားဖြင့်ထွင်း ထား၍(၃ပေ၊ ၄ပေ)ခန့်ရှည်သောရုပ်တုဖြစ်ပါသည်။ ၎င်းင်းတွင်အခြေခံရှိပါသည်။ ဘုရားသခင်က ဤပန်းပုရုပ်ကိုပြင်ဆင်သောအခါ ဘိုးဘေးတို့အားဖြင့် အခြေခံထားပါသည်။ဘိုးဘေးတို့၏အခြေခံ ပထမဆုံးမှာအာဗြဟံဖြစ်၍ ၎င်း နောက် ဣဇက်၊ ယာကုပ်၊ ယောသပ်တို့ဖြစ်ကြပါသည်။

အာဗြဟံသည် ယုံကြည်ခြင်း၏အခြေခံ ဖြစ်သည်။၎င်းင်းတွင်အခြေခံ(၄)ခု ရှိ သည်ဟု ဆိုကြပါစို့။ ယုံကြည်ခြင်း၏အခြေခံမှာ အာဗြဟံဖြစ်ပါသည်။ချစ်ခြင်း မေတ္တာ၏အခြေခံမှာ ဣဇက်ဖြစ်သည်။ ကျေးဇူးတော်၏အခြေခံမှာ ယာကုပ် ဖြစ်သည်။ ယာကုပ်အတွက်ဘုရားသခင်၏ကျေးဇူးတော်ကို လူတိုင်းသိကြပါ သည်။ ယောသပ်၌အပြစ်ကင်းစင်ခြင်းရှိသည်။ ထိုနေရာတွင်သူကပန်းပုရုပ် ကိုချမှတ် ထားနိုင်ပါသည်။ ပထမအခြေခံတွင်ပေါ်မဟုတ်၊ ဒုတိယအခြေခံ၏ တတိယအခြေခံတွင်ပေါ်လည်းမဟုတ်စတုတ္ထအခြေခံပေါ်တွင် ဖြစ်ပါသည်။

41 ၄၁။ အာဗြဟံသည်ခရစ်တော်ကိုရုပ်လုံးဖေါ်ပြပါသည်။ ဣဇက်လည်း ထိုနည်း တူပင်ဖြစ်သည်။ မေတ္တာ၌ဖြစ်သည်။ အာဗြဟံသည် ယုံကြည်ခြင်း၌ဖြစ်သကဲ့သို့ဣဇက်လည်း မေတ္တာ၌ဖြစ်သည်။ ယာကုပ်သည် ထိုနည်းတူစွာပင်ဖြစ်ပါသည်။ ကျေးဇူးတော်အားဖြင့်ဖြစ်ပါသည်။ ယာကုပ်၏အဓိပ္ပါယ်မှာ ' 'လှည့်ဖျားသူ ' ' ဖြစ် သည်။ သူသည်တကယ်လည်းဖြစ်ပါသည်။ သို့သော်လည်း ဘုရားကျေးဇူး တော်သည် သူနှင့်အတူရှိပါသည်။ သို့သော်လည်း ယောသပ်ထံသို့ထွက်လာသောအခါ သူ့အားဘာတခုမှ ဆန့်ကျင်သည့်အရာမရှိတော့ပါ။ အစင်းကြောင်း လေးကိုထားရှိ၍အခြေခံမှာလည်းအလွန်ကျွမ်းကျင်သူဖြစ်ပါသည်။ သူ၏ဖခင် ကိုသူကပရောဖက်ပြောသည့်အရာမှာ ' 'ဖာရောဘုရင်အားပြောပြပါ။ သင်၏ လူများမှာ ကျွဲနွားမွေးမြူသူများသာဖြစ်ပါသည်။ သိုးထိန်းများမဟုတ်ကြပါ။ အကြောင်းမှာ သိုးထိန်းဆိုသည်မှာ အီဂျစ်နိုင်ငံအတွက်ညစ်ညူးသောအရာ ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

ပရောဖက်အိုကြီးမှာ ဖာရောဘုရင်ရှေ့ရောက်သောအခါ 'သင့်ကျွန်များမှာ သိုးထိန်းများ ' ဖြစ်ကြပါသည်။ ၎င်းအရာကို အကြမ်းဖျင်းရေးဆွဲကြည့်သောအခါ အမှန်တကယ်ပင် ကျွမ်းကျင်သောအရာပင် ဖြစ်ပါသည်။

42 ၄၂။ ယခုအခါအုတ်မြစ်ချပြီးဖြစ်ပါသည်။ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ ကျေးဇူးတော် အားဖြင့်ဖြစ်၍ ပြည့်ဝစုံလင်ခြင်းတို့ဘိုးဘေးတို့အားဖြင့် ဖြစ်ပါသည်။

ဤလက်ရာတော်ကြီး၏ အဓိကကိုယ်ထယ်မှာ ပရောဖက်များတည်းဟူသောနှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ သင်ဖတ်ရှုလေ့လာနိုင်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ပရောဖက်များပင်ဖြစ်ပါသည်။ ပညတ်တော်များမဟုတ်ပါ။ ပရောဖက်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဖေါ်ပြခြင်းပင်ဖြစ်ပါသည်။ ကိုယ်ခန္ဓာဖြစ်သည်။ ဘိုးဘေးများမဟုတ်ပါ။ ပရောဖက်များမှာ နှုတ်ကပတ်တော်များပင်ဖြစ်ပါသည်။

နောက်ဆုံး သူကမောရှေလက်ထက်သို့ ပြန်သွားရပါတော့သည်။ပရောဖက် များတဦးပြီးတဦး တောက်လျှောက်ဆင်းသက် လာသည်။ နောက်ဆုံး ကိုယ်ခန္ဓာ ကိုတည်ဆောက်၍တချိန်လုံးပိုပြီး နီးကပ်လာပါသည်။ သူတို့ထဲတွင် အကြီး မြတ်ဆုံးမှာယောဟန်ဖြစ်သည်။ သမ္မာကျမ်းစာဆိုထားသကဲ့သို့သခင်ယေရှုက လည်းဆိုထားပါသည်။ 'မိန်းမမွေးသောသူများထဲတွင် ဗတ္တိဇံယောဟန်ကဲ့သို့ ကြီးမြတ်သူမရှိ။ ' ဟုဆိုထားပါသည်။ သူကသာနှုတ်ကပတ်တော် ကိုမိတ်ဆက် ပေးနိုင်သူ ဖြစ်ပါသည်။

43 ၄၃။ နောက်ဆုံးအကြီးမားဆုံးဦးခေါင်း၊အားလုံး၏ဦးခေါင်း ရောက်လာပါသည်။ ကျန်ကိုယ်ခန္ဓာများမှာ ထိုအကြောင်းကိုပြောပါသည်။ အုတ်မြစ်ကိုဘိုးဘေးတို့က ချခဲ့ပါသည်။ သို့သော်လည်း ခန္ဓာကိုယ်မှာ နှုတ်ကပတ်တော်အားဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ ပရောဖက်များဖြစ်၍ အားလုံး၏ခေါင်းဆောင် ရောက်လာပါသည်။ သခင်ယေရှုကြွလာတော်မူပါသည်။ ဦးခေါင်းကိုအပေါ်သို့တပ်ဆင်ထားသောအခါ ကိုယ်တော်ရှင်၌တွေ့ရပါသည်။ အားလုံးမှာ ဘုရား သခင်၏လက်ရာတော်ဖြစ် ပါသည်။ ကိုယ်တော်ရှင်အထဲ၌ နှုတ်ကပတ်တော်၏ ကင်းမဲ့သောရောင်ပြန်ဟပ်မှုကို တွေ့ရပါသည်။ အကြောင်းမှာကိုယ်တော်ရှင် သည်နှုတ်ကပတ်တော်ဖြစ်တော်မူ၍ နှုတ်ကပတ်တော်ပြည့်စုံခြင်းပင် ဖြစ်ပါ သည်။ယခုတဖန် ဘုရားသခင်ထံတော်တွင် ပြည့်စုံသောပုံတူတဖန်ပြန်လည် ရရှိပါသည်။

ဟေရှာယမိန့်တော်မူသည်မှာ ငါ၏ကျွန်၊ ငါ၏လက်ရာတော်၊ငါပုံဖေါ်ထား သောခေတ်အဆက်ဆက်၏ အပြစ်ကင်းမဲ့သူ လာနေပါပြီ။ ယခုသူသည် ငါ၏ ရှေ့တော်မှောက်တွင်အပြစ်ကင်းမဲ့စွာ ရပ်တည်လျှက်ရှိပါသည်။ ကိုယ်တော်ရှင် ၏ပုံသဏ္ဍာန် တော်အတိုင်း

ကိုယ်တော်ရှင်ကိုရောင်ပြန်ဟပ်လျှက်ရှိပါသည်။ယောဟန်၁၄တွင် ကိုယ်တော်ရှင်မိန့်တော်မူသည်မှာ ငါ့ကိုမြင်တွေ့သောသူ သည်ခမည်းတော်ကိုမြင်တွေ့၏။ ဟုဆိုထားပါသည်။

44 ၄၄။ ၎င်းနောက် ''အစအဦး၌နှုတ်ကပတ်တော်ရှိသည်။နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိတော်မူသည်။ '' နှုတ်ကပတ်တော်ကိုထွင်းထုတ်၍ အစ အဦးမှစ၍ နှုတ်ကပတ်တော်သည် မည်သည့်အရာဖြစ်ကြောင်းရောင်ပြန်ဟပ် စေပါသည်။ လက်ရာတော်မှာ သူ၏ပုံသဏ္ဍာန်တော်အတိုင်း ရောင်ပြန်ဟပ်ပြီး ဘုရားသခင်ကသူ၏ပင်ကိုယ်ပုံသဏ္ဍာန်အတိုင်း ဘုရားသခင်ပြန်လာခြင်း ဖြစ်ပါသည်။ နှုတ်ကပတ်တော်သည် လူသား၏ပုံရိပ်ကိုရောင်ပြန်ဟပ်စေပါသည်။

ပရောဖက်များအားလုံးတွင် အနာအဆာများရှိကြသည်။နောက်ဆုံးတွင် လက် ရာတော်၊ အပြစ်ကင်းစင်သောသူတဦးရှိလာပါသည်။ သူ့အထဲ၌ မည်သည့်အ ပြစ်အနာအဆာမှမရှိပါ။အလွန်အပြစ်ကင်းစင်စွာ ရောင်ပြန်ဟပ်လျှက် ကိုယ် တော်ရှင်ကိုယ်တိုင် တည်ဆောက်သူ ဖြစ်လာပါသည်။သူ၏ကိုယ်ပိုင်ပုံရိပ်မှာ သူ၏အလုပ်တွင် ရောင်ပြန်ဟပ်လာပါသည်။ ''ဘုရားနှင့်ခရစ်တော်မှာ တလုံး တဝတည်းဖြစ်တော်မူပါသည်။ သူ၏ပင်ကိုယ်ဝိညာဉ်ကိုပင်သူ့အထဲ၌ ထည့် ထားပါသည်။ ၎င်းင်းနောက်ပုံရိပ်နှင့်တည်ဆောက်သူမှာတလုံးတဝတည်း ဖြစ် ပါသည်။ ဘုရားသခင်နှင့်ကိုယ်တော်ရှင်၏ပန်းပုလုပ်ငန်းမှာသူ၏လက်ရာ တော်ပင်ဖြစ်ပါသည်။ မောရှေရှိသည့်နေရာ စိန့်အင်ဂျလို၏လက်ရာဖြစ်ပါ သည်။ ပန်းပုလုပ်ငန်းမှာအသေဖြစ်သည်။ အကြောင်းမှာ ကျောက်တုံးမှတွင်း ထုတ်ခြင်းဖြစ်ပါသည်။ အဓိကတည်ဆောက်သူက သူ၏လက်ရာတော်မှာအ ပြစ်ကင်းစင်ကြောင်း သိပါသည်။ သူကထိုအထဲသို့ ဝင်လိုက်ပါသည်။

45 ၄၅။ လူသား၏ကယ်တင်ရှင်မှာအလွန်ပင်အပြစ်ကင်းစင်ပါသည်။ အလွန်ဘုရား တရားမြဲပါသည်။ ကိုယ်တော် ရှင်ကိုနှစ်သက်ရန်အတွက်ဖြစ်သင့်ပါသည်။ အ သက်ရှင်တော်မူသော အမျိုကြညာကမွေးလာသော သားဖြစ်ပါသည်။ အသက်ရှင်တော်မူသောဘုရားသခင်၏သားတော်မှာ အလွန်အပြစ်ကင်းစင်ပါသည်။ နှိမ့်ချခြင်းဖြစ်ပါသည်။ ဘုရားသခင် ၏ပုံသဏ္ဍာန်တော်ဖြစ်ပါသည်။ ပရော ဖက်များအားဖြင့် သူ၏အသက်တာကို ကြီးထွားလာစေပါသည်။

သူကပရောဖက်များအားလုံးကို ပြည့်စုံစေခြင်းပင်ဖြစ်ပါသည်။ သူသည် ပရောဖက်များအားလုံးကို ပြည့်စုံစေခြင်း ပင်ဖြစ် ပါသည်။ သူသည်အလွန်အပြစ်ကင်းစင်၍ ဘုရားသခင်ကဤအရာကို တွေ့မြင်ရပါတော့သည်။ သူ့အား ကိုယ်တော်ရှင်က ရိုက်၍ 'စကားပြောပါ' ဟုမိုက်ကယ်အင်ဂျလိုက ပြောသကဲ့သို့ ပြောပါသည်။သင်က 'အဲဒါဟုတ်သလား?' ဟုဆိုပေ မည်။

(မာကု ၉း၇)တွင်တောင်ပေါ်တွင်ကိုယ်ရောင်ပြောင်းလဲသည့်အခါ မောရှေ၊ ဧလိယတည်းဟူသော ပညတ်တော်နှင့် ပရောဖက်များရှိနေပါသည်။ ဘိုးဘေး များမှစ၍ ဖခင်များ၊ ပညတ်တော်နှင့်ပရောဖက်များနှင့် ၎င်းင်းတို့အားလုံးထိုနေရာ တွင် ရပ်နေပါသည်။ မိုးတိမ်ထဲမှနေ၍ အသံတော်ကိုကြားရပါသည်။ 'ဤသူကား ငါ၏ချစ်သားပေတည်း။ သူ၏အသံကို နားထောင်ကြ' ဟုဆိုထား ပါသည်။ ၎င်းတို့ မှာကြားနာရမည်ဆိုလျှင်သူသည်ဟောပြောမည်ဖြစ်ပါသည်။ ထိုအခါမိုးတိမ် သည် သူတို့ကို လွှမ်းမိုး၍ 'ဤသူသည်ငါ၏ချစ်သားပေတည်း။ သူ၏စကားကို နားထောင်ကြလော့ဟု' မိုးတိမ်ကအသံတော်ဖြစ်လေ၏။ နှစ် ပေါင်း(၄၀၀၀)ရှိနေပေပြီ။ ယခုအခါမှာ သူသည်အလွန်အပြစ်ကင်းစင်ပါ သည်။ သူ့အားရိုက်လိုက်ပါက သူစကားပြောလာပေမည်။ ကိုယ်တော်ရှင်ကိုနားထောင်ပါ။ သူသည်အပြစ်ကင်းစင်သူ ဖြစ်သည်။ မူရင်းလက်ရာတော်ဖြစ် ပါသည်။

46 ၄၆။ ကိုယ်တော်ရှင်ကတချိန်လုံးဖော်ပြလျှက်ရှိပါသည်။ ဓမ္မဟောင်းကာလတ လျှောက်လုံးဖြစ်ပါသည်။

ကျွန်ုပ်တို့ ကိုယ်တော်ကိုတောထဲမှကျောက်အဖြစ်တွေ့ရ၍ အရိုက်ခံရ သောကျောက်ဖြစ်ပါသည်။ 'ငါသည်တောထဲ၌ တွေ့ရသောကျောက်ဖြစ်ပါသည်။' သို့သော်ထိုအရာမှာ ပြည့်ဝစုံလင်မှုအဖြစ်သို့ရောက်သော ကျောက်ပင် ဖြစ်ပါသည်။ပုံစံအားဖြင့် အသင်းတော်အတိုင်းလိုက်နာပါသည်။ သူရေးဆွဲနိုင် သည့်အထဲမှရေးဆွဲရပါမည်။ သူအသက်ပေးနိုင်သည်ဟု ထင်သောအရာကိုသူ အသက်ပေးရပါမည်။ သို့သော်လည်းသူကထိုတောထဲမှ ကျောက်ပင်ဖြစ်ပါသည်။ သူသည် လူသားတစ်ယောက်ပင် မဖြစ်လာသေးပါ။ သူသည်ပုံစံသာ လျှင်ဖြစ်ပါသည်။

သူအားကျောက်ပေါ်တွင်ရပ်နေသည်ကိုမောရှေကတွေ့ရပါသည်။ သူဖြတ်၍ သွားသည်ကို တွေ့ရပါသည်။ 'လူတဦး၏အနောက်ဖက်ပိုင်းပင် ဖြစ်ပါသည်' ' ပန်းပုဆရာကမောရှေအားတင်ပြနေခြင်း ဖြစ်သည်။ ခရစ်တော်၏ပုံသဏ္ဍာန် တော်ပင်ဖြစ်ပါသည်။ကြီးမားသောလက်ရာတော်မှာ လုံးဝပြီးစီးသွားသောအ ခါဘာနှင့်တူမည်ကိုစဉ်းစားကြည့်နိုင်ပါသည်။ မောရှေအား သူကရုပ်ရုံအ တိုင်းပြုလုပ်သည့်လက်ရာတော်မှာဘာနှင့်တူမည်ကိုတွေ့ရပါသည်။ လူတစ်ဦး ၏အနောက်ဖက်ပိုင်းပင် ဖြစ်ပါသည်။ တောထဲမှာဖြတ်သွားရသည့်အချိန်ဖြစ် ပါသည်။

47 ၄၇။ အင်ဂျလိုက ဟစ်ကြော်၍ရုပ်ပုံကိုရိုက်ပြီး 'စကားပြောပါ။' ဟု ဆိုပါသည်။

သို့သော်လည်း ဘုရားသခင်အတွက်မည်မျှကွာခြားပါသနည်း? လူ၏ပုံသဏ္ဍာန်တော်အတိုင်းသူ၏ပုံရိပ်ကိုရောင်ပြန်ဟပ်စေ သောအရာ ဖြစ်ပါသည်။ ဘုရားသခင်ကလူ၏ပုံသဏ္ဍာန်တော်အားဖြင့် စကားပြော၍သူဘာလုပ်မည် ကိုဖော်ပြပါသည်။ ပရောဖက်များအားဖြင့်စကားပြော၍သူတို့၏ပုံရိပ်ပင်ဖြစ် ပါသည်။ ခေါင်းရောက်သည်အထိ ကိုယ်တော်ရှင်က ပြုလုပ်ခဲ့ပါသည်။ခေါင်း ပိုင်းရောက်သည့်အခါ သူသည်ဘုရားသခင်၏ပုံသဏ္ဍာန်တော်ပင်ဖြစ်ပါသည်။သူသည်မိမိကိုယ်တိုင်ကို ပုံဖော်ပြောကြားခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်သည်ကျွန်ုပ်တို့အတွက် လက်ရာတော်ဖြစ်၍ ဘုရားသခင်၏ဆုကျေးဇူးတည်းဟူသောသခင်ယေရှုခရစ်ထာဝရအသက်ပင်ဖြစ်ပါမည်။ ကျွန်တော်တို့လုံးဝမေ့ သင့်သည့်အရာမဟုတ်ပါ။

48 ၄၈။ နေ့ရက်ကာလများမှောင်မိုက်လာသည်ကိုကျွန်တော်တို့တွေ့သည်နှင့်အမျှ အ ရိပ်များကျလာသည်ကို တွေ့ရပါသည်။ ကျွန်တော်ကကြိုတင်နိမိတ်ဖတ်သည့် အခါ ‘နေ၏လည်ပတ်ခြင်းအနည်းငယ်သာဖြစ်သည်။ ဤနိုင်ငံသည် အခြေအ နေမကောင်းတော့ပါ။’ သင်သိပါသလား?....

မနေ့က ဂျူလိုင်လ(၄)ရက်နေ့ဖြစ်သည်။သောမတ်စ်ဂျက်ဖာဆင်က လွတ်လပ်ရေးကြေငြာစာတမ်းကို လက်မှတ်ရေးထိုးခဲ့ပါသည်။ သူနှင့်အခြားသော ဘုတ်အဖွဲ့ဝင်များအတူရှိနေပါသည်။ လွတ်လပ်ရေးခေါင်းလောင်းတီးသောအ ခါနိုင်ငံတနိုင်ငံအနေနှင့် ကျွန်တော်တို့မှာ လွတ်လပ်ရေးရကြောင်းခေါင်းလောင်းတီးကြေငြာခြင်းခံရပါသည်။ သမိုင်းအရလွန်ခဲ့သောနှစ်ပေါင်း(၂၀၀) အတွင်းဘယ်အချိန်မှာမှ ဒီမိုကရေစီမရခဲ့ပါ။ (၁၇၇၆)ဂျူလိုင်လ(၄)ရက်နေ့ ဖြစ်ပါသည်။ (၁၁)နှစ်သာကျန်ပါတော့သည်။ ဖြစ်နိုင်ပဲ့မလား?မဖြစ်နိုင်ပါ။ (၁၁)နှစ်သာ လိုပါတော့သည်။ ဖြစ်ပါကလည်း သမိုင်းကိုချိုးဖွဲ့သွားပါမည်။

49 ၄၉။ အချိန်၏အခြေအနေကိုကျွန်တော်တို့တွေ့ရပါသည်။ သူတို့၏အခြေအနေကို လည်းတွေ့ရပါသည်။ နိုင်ငံရေးအခြေအနေကိုလည်း တွေ့ရပါသည်။ ကမ္ဘာလောကကြီး၏အခြေအနေကို လည်းတွေ့ရပါသည်။ ၎င်းငံးမရပ်တည်နိုင်ပါ။တိုက် တက်နစ်သင်္ဘောကြီးကဲ့သို့ နစ်မြုပ်ရန်ကောင်းမွန်လှပါသည်။ အောက်ကျသွားပါမည်။ သူတို့အတွက်နေရာရထားပြီးသား ဖြစ်ပါသည်။ တစ်နိုင်ငံက တစ်နိုင်ငံအတွက်နေရာပေးသည်။ ကျဆင်းသည်နှင့်အမျှပင်ဖြစ်သည်။ ဤနိုင်ငံတော်သည် ကျဆင်းပြီးအခြားနိုင်ငံများလည်း ကျဆင်းရပါမည်။ မကျဆင်း နိုင်သောကြွလာတော်မူမည့်နိုင်ငံတော်အတွက် နေရာပေး ရန်ပင်ဖြစ်သည်။ ‘မကျဆင်းနိုင်သောနိုင်ငံတော်ကို ကျွန်တော်တို့ရရှိထားပြီး ဖြစ်ပါသည်။’ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်တည်းဟူသောအပြစ်အနာအဆာကင်းမဲ့သည့် အလွန်ကျွမ်းကျင်သော လက်ရာတော်အားဖြင့် ဖြစ်ပါသည်။

50 ၅၀။ ဘုရားသခင်ကသူ့ကိုကြည့်လိုက်သောအခါ သူအလွန်ခွန်အားရပါသည်။ သူ ကြည့်သောနည်းလမ်းအတိုင်း ကြည့်ပါကသူ၏ပုံစံကိုတွေ့ရပါသည်။ သူသည် ခွန်အားရလွန်းသဖြင့် ကယ်တင်ရှင်သခင်ယေရှု၏အနှိုင်းမဲ့လက်ရာတော်ပင် ဖြစ်နေပါသည်။ ဘုရားသခင်က မိမိကိုယ်ကိုပြန်ရိုက်၍ အပြစ်ပေးလိုက်ပါသည်။ အကြောင်းမှာ ဘုရားသခင်နှင့်ခရစ်တော်မှာ တလုံးတဝတည်းဖြစ်နေ သောကြောင့်ဖြစ်ပြီးပုံသဏ္ဍာန်တော်အားဖြင့် ရိုက်နှက်ခြင်းခံရပေမည်။ သူ့ တွင်အမာရွတ်ရှိသွား ပေမည်။ထို့ကြောင့်ဟေရှာယက ‘ထိုသူသည်ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍သူခံရသော ဒဏ်ချက်အား ဖြင့် ငါတို့သည် အနာပျောက်လျှက်ရှိ ကြ၏။’

51 ၅၁။ အပြစ်ကင်းစင်သောဘုရား....လူပုံသဏ္ဍာန်တော်ပင်ဖြစ်ပါသည်။ဘုရားသခင်သည် သဘာဝထက်လွန်ကဲခြင်းမှ တဆင့် ရုပ်ပါရုံသို့ပြောင်းလဲသွားပါသည်။ရုပ်ပါရုံမှာပုံသဏ္ဍာန်တော်သို့ ပြောင်းလဲသွားပါသည်။ ပုံသဏ္ဍာန်တော်မှာ ထိုးနှက် ရိုက်ပုတ်ခြင်းခံရ၍သဘာဝထက်လွန်ကဲသူမှာ သေခြင်းကိုမြည်းစမ်း ရပါသည်။ ဘုရားသခင်၏ တုနှိုင်းမရလောက်အောင်ကြီးမြတ်တော်မူသော လက်ရာတော်ပင်ဖြစ်ပါသည်။

မောရှေအထဲ၌ သူကမပြုလုပ်နိုင်ခဲ့ပါ။ပရောဖက်များ အထဲ၌လည်း မပြုလုပ်နိုင်ခဲ့ပါ။ ဟေရှာယမှာလည်း လွှဖြင့်ဖြတ် တောက်ခြင်းခံရ၍နောက်ဆုံးအ စိပ်စိပ်အမွှာမွှာဖြတ်တောက်ခြင်း ခံရပါသည်။ ကျောက်တုံးနှင့်ပစ်ပေါက်ခြင်းခံ ရသော ပရောဖက်များအားဖြင့်လည်း ကိုယ်တော်ရှင်က မပြုလုပ်နိုင်ခဲ့ပါ။သူမ လုပ်နိုင်ရခြင်းမှာ မခံစားရခြင်းကြောင့်ပင် ဖြစ်ပါသည်။ သူ၏တစိတ်တပိုင်းပင်ဖြစ်သောကြောင့် ဖြစ်ပါသည်။

သို့သော်လည်း ဤလက်ရာတော်တွင်သူသည်ဘုရားသခင်၏ ပြည့်ဝစုံလင်ခြင်းကိုခန္ဓာကိုယ်အရ ပြည့်ပြည့်စုံစုံတွေ့ရပါသည်။မောရှေကိုသာ မပြုနိုင်သည်သာမကပါ။ သူနှင့်ပတ်သက်သမျှ တခုလုံးကိုသူကပြုလုပ်နိုင်၍လူသားမျိုးနွယ် တရပ်လုံး အတွက်လည်း သေခြင်းကိုမြည်းစမ်းရပါသည်။ ဘုရားသခင်၏အပြစ်ကင်းမဲ့သောလက်ရာတော်ပင် ဖြစ်ပါသည်။ ဘုရား သခင်ကထိုအရာ ကိုတွေ့မြင်ခြင်းအားဖြင့် အလွန်ခွန်အားရပါသည်။ ခေတ်အဆက်ဆက် ကိုယ်တော်ရှင်သည်ကယ် တင်ရှင်ဖြစ်လာပါမည်။ နောက်ခံအဖြစ်စကားပြောပေး၍ ယခင်က နှင့်ယခုအခါအတွက် ဖြစ်ပါသည်။

ဂတိတော်များအားလုံး ကိုယ်တော်ရှင်၌ပြည့်စုံပါသည်။ အပြစ်ကင်းစင် ခြင်းအားလုံး၏အပြစ်ကင်းစင်ခြင်းကြီးပင် ဖြစ်ပါသည်။ ပုံစံများအားလုံးမှာ ကိုယ် တော်ရှင်၌ပြည့်စုံပါမည်။ ရှသနှင့်ဘောဇကျွန်ုပ်တို့အားပညတ်တရားကို ပေးသူ၌ ဖြစ်ပါသည်။ ပညတ်တော်များကိုချပေးသူ၊ သိနာတောင်မှဖြစ်သည်။တောထဲမှ ကျွန်ုပ်တို့၏ပရောဖက်ကြီးပင်ဖြစ်ပါမည်။ သူသည်တောင် ပေါ်မှ လာသည်။ တောထဲမှလာပါသည်။ ထာဝရကာလမှလာ၍ လူ့ဇာတိဖြစ်ပြီး အပြစ်ကင်းစင်သော ပုံရိပ်ဖြစ်လာပါမည်။

52 ၅၂။ ဘုရားသခင်မှာ ခေတ်အဆက်ဆက်ဘိုးဘေးများ၏ ထိုးထွင်းခြင်းကိုခံရ၍သူ ၏ပလက်ဖောင်းအဖြစ်ပြုလုပ်ပြီးသူတို့ အားခြားနားသောအရာများမှမွေးမြူ ပြီး ဤအုတ်မြစ်ကို ချပေးပါသည်။သူ၏နှုတ်ကပတ်တော်ကို စတင်၍တည် ဆောက်ပါ သည်။ ပရောဖက်များဖြစ်ပါသည်။နောက်ဆုံးအပြစ်ကင်းစင်သော ပရောဖက်မှာ အပြစ်ကင်းစင်သောအုတ်မြစ်ဖြစ်၍အပြစ်ကင်းမဲ့သောရုပ်ပါရုံကို ဘုရားသခင်ထံမှ ရရှိပါမည်။

နှုတ်မြွက်ပြောဆိုရန်အတွက်ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော်ဖြစ်ပါသည်။ နှုတ်ကပတ်တော်က နှုတ်မြွက်ရန်အတွက်သူသည် ပုံသဏ္ဍာန်တော်ထဲ သို့ဝင်ရပါမည်။ ပုံသဏ္ဍာန်တော်က နှုတ်မမြွက်ဆိုရန်အတွက်ထိုးနှက်ရိုက်နှက် ရပါမည်။ သူကပုံသဏ္ဍာန်တော်အတွင်းသို့ ဝင်ရောက်လာရန်စကားပြောရတော့မည် ဖြစ်ပါသည်။ အပြစ်ကင်းစင်သော ကယ်တင် ရှင်ဖြစ်ပါသည်။

ဓမ္မဟောင်းကျမ်းစာ၏ပုံသဏ္ဍာန်အားလုံးကိုသူ့အထဲ၌တွေ့ရပါသည်။ တနေ့က ကျွန်တော်ပြောသကဲ့သို့ ဓမ္မဟောင်းတွင်ပါဝင်

သောယေဟောဝါဘုရားမှာ ဓမ္မသစ်မှသခင်ယေရှုခရစ်တော်ပင် ဖြစ်ပါသည်။ ဟုတ်ပါသည်။

53 ၅၃။ ကျွန်တော်တို့၏နိုင်ငံတဝှမ်းလုံးတွင်တရုတ်အဝတ်လျှော်ဆိုင်များရှိသည်ကို တွေ့ရပါသည်။ တရုတ်များက ပထမဆုံးစတင်ရောက်ရှိလာစဉ်က သူတို့သည် အနောက်ဖက်ကမ်းခြေမှရောက်လာကြသည်။ အရှေ့အရပ်သို့သွားပြီးဤလမ်း အတိုင်းလာ၍အရှေ့ဖက်နိုင်ငံမှ လာကြပါသည်။ ကျွန်တော်တို့၏စကားနှင့်ယဉ်ကျေးမှု နှင့်ကိုက်ညီကြသူများမဟုတ်ပါ။ သို့သော်လည်းအလွန်အဝတ်လျှော်ကောင်းသူများ ဖြစ်ကြသည်။ သူတို့မှာ လက်မှတ်မရေးတတ်သူများ ဖြစ်ပြီးသင့်လျှော်ရန် အပ်ထားသောအထည်များကို မှန်ကန်စွာပြန်လည် ရရှိနိုင်ပါသည်။

တရုတ်လူများမှာဘာမှရေးမထားသောကဒ်ပြားကလေးများ အထုပ်လိုက် ရှိပါသည်။ သင်အပ်ထားသောအဝတ်များပြန်ရွေးရန်လာသောအခါ ထိုကဒ်ပြားကလေးကိုယူ၍ ဖြဲလိုက်ပြီးတစကို သင့်အားပေး၍ တစကိုသူကသိမ်းဆည်းထားပါ မည်။ ယခုကျွန်တော်တို့ထံတွင် ရှိနေသည့် စံနစ်ထက်နဲနဲ ကောင်းပါသည်။သင်အဝတ်ရွေးရန်ပြန်လာသောအခါ ထိုအစနှစ်စမှာ အံဝင်ဂွင်ကျပြန်ဆက်နိုင်ရပါမည်။ထိုအပြဲစ နှစ်စကို ဘယ်ကိုမှအတုလုပ်၍ မရပါ။ စာစောင်များမှာ ကော်ပီထုတ်လုပ်နိုင်သော်လည်း ထိုအပြဲစကိုမူ တူအောင်မပြုလုပ်နိုင်ပါ။ အပြဲစတစ်စနှင့်တစ်စမှာအံဝင်ဂွင်ကျဖြစ်နေရပါ မည်။ သင်အပ်ထားသောအဝတ်ညစ်များကို ဤလက်မှတ်ဖြင့်ရွေးနိုင်ပါသည်။ အကြောင်းမှာ အခြားလက်မှတ်အစတစ်စနှင့် တွဲဖက်နိုင်သောကြောင့် ဖြစ်ပါသည်။

54 ၅၄။ ဘုရားသခင်သည်ပရောဖက်များအားဖြင့် ပညတ်တရားလက်အောက်တွင် အပြစ်ရှိသည်ဟု ကျွန်တော်တို့အားစီရင်ပါသည်။ ပညတ်တရားတွင် ကျေးဇူးတော်မရှိပါ။ သင်သည်အပြစ်သားဖြစ်ကြောင်းကို ပြောကြားခြင်းဖြစ်ပါသည်။သခင်ယေရှုသည် ကြွလာတော်မူသောအခါ ကိုယ်တော်ရှင်သည် အရာခပ်သိမ်းကိုပြည့်စုံစေတော်မူပါသည်။ ဘုရားသခင့် ဂတိတော်အတိုင်း အရာခပ်သိမ်းကိုပြည့်စုံစေပါသည်။ ဂတိတော်၏အပြစ်အနာအဆာကင်းမဲ့သော ပုံ သဏ္ဍာန်တော် ဖြစ်ပါ သည်။ထို့ကြောင့် ဓမ္မဟောင်းကာလမှ ဂတိတော်များအား လုံးသည် သခင်ယေရှုခရစ်၌ပြည့်စုံပါသည်။ မောရှေ၌မပြည့်စုံနိုင်ပါ။ ပရောဖက်များ၌လည်း မပြည့်စုံနိုင်ပါ။ ကိုယ်တော်ရှင်၏လက်ရာတော်၌သာပြည့်စုံ နိုင်ပါသည်။ ဖြစ်လာမည်ဆိုသောအရာအားလုံးကိုငင်းကပြည့်စုံစေခြင်းဖြစ် သည်။

အသင်းတော်မှာ ဘုရားသခင်ဂတိပေးတော်မူသောအရာအားလုံးကိုပြည့်စုံစေပါသည်။ ထိုးနှက်ခြင်းခံရသော အပိုင်းအစ ပင်ဖြစ်ပါသည်။ မူရင်းအရာသည်နူတ်ကပတ်တော်ဖြစ်ပါက ၎င်းင်းမှထုတ်ယူလိုက်သောအရာမှာ နူတ်က ပတ်တော်ဖြစ်၍၎င်း၏အရာနှင့်ကိုက်ညီပါသည်။

55 ၅၅။ ပညတ်တရားကသင့်ကိုစီရင်ချက်ချသောအခါ သင်ကညစ်ပတ်နေပါသည်။ အပြစ်ရှိပါသည်။ သင့်ကိုထောင်ထဲတွင်ထည့်ထားပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်ကြွလာတော်မူသောအခါ ကိုယ်တော်ရှင်သည်၎င်းအရာအတွက် တစိတ်တဒေသဖြစ်ပါသည်။ သင့်ကိုအပြင်သို့ထုတ်၍ ပြန်ခေါ်လာနိုင်ပါသည်။လက်မှတ်အပြည့်အဝရှိစေရန် ဘုရားသခင်၏ ကယ်တင်ခြင်းသည် ဧဒင်ဥယျာဉ်ထဲသို့ ပြန်ရောက်သွားပါသည်။ ''သူ၏မျိုးစေ့သည်မြွေ၏ဦးခေါင်းကိုနှင်း ခြေ၍ သူ၏ဖနောင့်ကိုပြန်ကိုက်မည်။ ခေါင်းကိုချေပါမည်။''

56 ၅၆။ ဤအပြစ်ကင်းမဲ့သော လက်ရာတော်ကို ဘုရားရှင်ကအားလုံးပြည့်စုံစေခဲ့ ကြောင်းကျွန်တော်တို့တွေ့ရပါသည်။ ဂတိထားတော်မူသော အရာများအား လုံးဖြစ်ကြောင်း ကျွန်တော်တို့သတိပြုမိပါသည်။ ကိုယ်တော်ရှင်သည် ဂတိ တော်များအားလုံးဖြစ်သည်။ ပရောဖက်များအားလုံးလည်း ဖြစ်သည်။ ဘုရား သခင်ပေးခဲ့သော ဂတိတော်ပင်ဖြစ်ပါသည်။ ''သင်၏မျိုးစေ့သည် မြွေ၏ဦးခေါင်းကိုချေဖျက်မည်။'' ပညတ်တရားအားဖြင့်ချေဖျက်၍မရနိုင်ပါ။ ပရော ဖက်များအားဖြင့် ချေဖျက်၍မရပါ။ မိန်းမ၏မျိုးစေ့သည် ခရစ်တော်တည်းဟူသော လက်ရာတော်ဖြစ်လာသောအခါ ကိုယ်တော်ရှင်က ပြုလုပ်နိုင်ပါသည်။ဒံယေလတွေ့မြင်ရသောတောင်ပေါ်မှ ထွင်းထားသောကျောက်ဖြစ်ပါသည်။ ထိုး နှက်နိုင်သောသူဖြစ်သည်။ မြွေ၏ခေါင်းကို ကြိတ်နိုင်သူဖြစ်ပါသည်။

သူ၏ဘဝအသက်တာမှာ မောရှေ၏အသက်တာကဲ့သို့ ပင်အတိအကျတူညီမှုရှိပါသည်။ ဒါဝိဒ်၏အသက်တာကိုလည်း သူ့အသက်တာနှင့်နှိုင်းယှဉ်နိုင်သည်။ဟုတ်မဟုတ်ကြည့်ပါ။ ကိုယ်တော်ရှင်သည် ကိုက်ညီသော အပိုင်းအစတစ်စပင် ဖြစ်ပါသည်။

ယခု ကျွန်ုပ်တို့သည်ပြည့်စုံကြွယ်ဝချမ်းသာသောသူကို ဘုရားသခင်သည်ပြည့် စုံစေတော်မူသည်။ ဂတိတော်အားလုံးကိုထိုပုဂ္ဂိုလ်အားဖြင့် ကျွန်ုပ်တို့မှတ်သားရ ပါသည်။ ဘုရားသခင်ဂတိတော်အားလုံးပရောဖက်ပြုခြင်းနှင့်တကွ အရာခပ် သိမ်းကိုလည်းဖြစ်စေပါသည်။ 'ထိုမျိုးစေ့သည် မြွေ၏ဦးခေါင်းကိုထုချေပစ်ပါသည်။' ယခုပညတ်တော်များကိုထုချေခြင်းမရှိသေးပါ။ ပရောဖက်အားဖြင့် သော်၎င်းင်း ဖြစ်စေပါသည်။ သို့သော်အမျိုးသမီး၏အမျိုးမှ ပေါက်ဖွားလာသော မျိုးစေ့သည် အလွန်ကျွမ်းကျင်သူ(သို့)ခရစ်တော်ပင်ဖြစ်ပါသည်။ ပရောဖက်ဒံယေလမြင်ခဲ့သည့် တောင်ပေါ်မှလိမ့်ချလာသောကျောက်တုံးကြီးပင် ဖြစ် သည်။ ထိုကျောက်တုံးသည် မြွေ၏ဦးခေါင်းကို ကြိတ်သည်။

57 ၅၇။ သူ၏အသက်တာမှာ မောရှေ၏အသက်တာလုံးလုံးတူညီပါသည်။ ဒါဝိဒ်၏အ သက်တာနှင့်လည်းတူပါသည်။ တူညီသောအသက်တာပင် ဖြစ်ပါသည်။

ဒါဝိဒ်မင်းကြီးမှာမိမိလူမျိုးများကိုယ်တိုင်က ငြင်းပယ်ခံရသောဘုရင်မင်းကြီး ပင်ဖြစ်ပါသည်။သူ၏သားကိုယ်တိုင်ကပင်သူ့အားပုန်ကန်ခြားနားခြင်းကို သူကိုယ်တိုင်ခံရပါသည်။ဣသရေလ၏စစ်တပ်များကို ကွဲပြား၍တသီးတခြား စီဖြစ်စေပါ သည်။ ဒါဝိဒ်မင်းကြီးမှာသူ၏ပလ္လင်မှသူ၏လူမျိုးများကိုယ်တိုင်က သူ့အား မောင်းထုတ်ဖယ်ရှားခြင်းခံရသူပင်ဖြစ်ပါသည်။

လမ်းတွင်သွားသောအခါသူ့အားမုန်းတီးသူနှင့်တွေ့၍ ထိုသူကသူနှင့်အတူ တွဲလျှောက်လျှက်ရှိပါသည်။ သူ့အားလည်းတံတွေးဖြင့်ထွေးပါသည်။ အစောင့် ကသူ၏ဓါးကိုဆွဲထုတ်၍ ''ငါ့အရှင်အားတံတွေးဖြင့်ထွေးသူကို ငါဘာကြောင့်

ခေါင်းမဖြတ်ဘဲနေရပါမည်နည်း ? ဟုဆိုသည်။

ဒါဝိဒ်က 'သူ့ကိုဘာမှမလုပ်ပါနှင့်။ ဘုရားသခင်ကသူ့ကိုခွင့်ပြုလို့သူလုပ်ရတာပါ။' ဟုဆိုသည်။

'ဝမ်းနည်းကြေကွဲလျှက်ရှိသူသည် နှုတ်မှတလုံးတပါဒမှပြောဆိုခြင်းမပြုလုပ်ဘဲ ဝမ်းနည်းကြေကွဲစွာဖြင့် သိုးသူငယ်ကဲ့သို့အသေသတ်မည့်သူများ၏ရှေ့တွင် ရပ်နေလျှက် ရှိပါသည်။ ဒါဝိတ်ကထိုသို့ပြောဆိုခဲ့ပါသည်။ဒါဝိဒ်မှာ သူဘာပြော သည်ကို သူ့ကိုယ်သူမသိပါ။

နောက်နှစ်ပေါင်း(၅၀၀၊ ၆၀၀)ခန့်ကြာသောအခါဒါဝိဒ်၏သားတော်က ထိုလမ်းများထဲတွင်လျှောက်သွားပြီး တံတွေးဖြင့် ထွေးခြင်းကိုခံရပါသည်။ သို့သော်လည်း ဘာဖြစ်သည်ကို သတိပြုပါ။ ဒါဝိဒ်မှာ ဝရမ်းပြေးကဲ့သို့ဖြစ်နေသောအခါမှ နေအိမ်သို့ပြန်ရောက်လာသည်။ထိုသူကငြိမ်သက်ခြင်းနှင့်ဂရုဏာရှိပါမည့်အကြောင်း တောင်းဆိုပါသည်။ ကိုယ်တော်ရှင်ပြန်ကြွလာတော်မူ သောအခါ သူ့အားတံတွေးဖြင့်ထွေးသောသူက သူ့ကိုပြန်တွေ့ရမည်ဖြစ်ပါသည်။

58 ၅၈။ ယောသပ်၏အသက်တာတွင်လည်းကျွန်တော်တို့တွေ့မြင်ရပါသည်။ ယောသပ်မှာ အထူးအခွင့်အရေးရထားပြီးဖွားမြင်လာသူဖြစ်ပါသည်။ နောက်ဆုံးမှဖွား မြင်သူဖြစ်သည်။ အုတ်မြစ်ချထားသောအပိုင်း၏ထိပ်ဆုံးအပိုင်းပင်ဖြစ်ပါသည်။ ထိုအပိုင်းအပေါ်တွင်အကောင်းဆုံးလက်ရာတော်ကိုတည်ဆောက်ပါမည်။ ယုံကြည်ခြင်းမှတဆင့်မေတ္တာသို့ ရောက်လာပါ သည်။ထို့နောက် ကျေးဇူးတော်သို့ရောက်သည်။ ထို့နောက်အပြစ်ကင်းစင်ခြင်းသို့ရောက်သွားပါသည်။ ထိုနည်းတူပင် အစအဦး၏ခြေရင်းမှစတင်ပြီး ခရစ်တော်၌ပြည့်စုံခြင်းသို့ရောက်သွားပါသည်။ ယောသပ်၌သူ့အားမည်သို့သရုပ်ဖေါ်ထား ကြောင်း သတိပြု၍ကြည့်ပါ။ယောသပ်မှာ အုတ်မြစ်၏ထိပ်ဆုံးအပိုင်းတွင် ရှိပါသည်။ သူတို့ အားလုံးတွင်အပြစ်ကင်းစင်ဆုံး ပင်ဖြစ်ပါသည်။

ယောသပ်မှာသူ၏မိသားစုထဲသို့ဖွားမြင်လာပါသည်။ တရားဝင်ဇနီးဖြစ်သော ယာကုပ်၏ ဇနီးအားဖြင့်ဖွားမြင်ခြင်းပင်ဖြစ်ပါ သည်။ သူဖွားမြင်လာသောအခါ သူ့ဖခင်ကသူ့ကို ချစ်ပါသည်။ သူ့အစ်ကိုများကတော့သူ့ကိုမုန်းသည်။ အကြောင်းမဲ့သက် သက်မုန်းတီးနေကြပါသည်။ ဘာကြောင့်မုန်းရပါသနည်း ? သူသည်နှုတ်ကပတ်တော်ဖြစ်သောကြောင့်ပေတည်း။

အခြေခံအုတ်မြစ်ကိုကြည့်ပါ။အခြေခံအုတ်မြစ်၏ဦးခေါင်းမည်သို့ လာ သည်ကိုကြည့်ပါ။ ခန္ဓာကိုယ်၏ဦးခေါင်းလာသည်ကိုကြည့်ပါ။ သူ၏နှုတ်ကပတ် တော်ပင်ဖြစ်ပါသည်။

သူသည်ပရောဖက်ဖြစ်သောကြောင့်သူ့ကိုမုန်းကြပါသည်။ သူကကြိုတင် ၍အရာရာကိုမြင်ရပြီး သူတို့အားပြောပြခဲ့ပါသည်။ ပြောသည့်အတိုင်းလည်း ဖြစ်လာပါသည်။ မည်မျှပင်ကြာရှည်စွာ စောင့်ဆိုင်းနေရသော်လည်းအလားတူ ပင်ဖြစ်ပေါ် လာပါသည်။ သူသည်ဝိညာဉ်ပကတိဖြစ်သောကြောင့် အစ်ကိုများကသူ့ကိုပထုတ်ပစ်လိုက်ကြပါသည်။ သူတို့က သူ့ကိုချစ် သင့်ပါသည်။ သို့သော်လည်းသူ့ကိုမုန်းတီးကြသည်။ အကြောင်းမှာ သူသည်ပရောဖက်ဖြစ်၍ ဝိညာဉ် ပကတိဖြစ်သော ကြောင့်ဖြစ်ပါသည်။ သူတို့ကသူ့ကိုမုန်းတီးကြပါသည်။

59 ၅၉။သူ့အားငွေဒင်္ဂါး(၃၀)ဖြင့်ရောင်းစားလိုက်ကြပြီး တွင်းထဲသို့ပစ်ချလိုက်ကြသည်။သေပြီဟုယူဆခြင်းခံရ၍တွင်းထဲမှ ခေါ်ထုတ်ခြင်းခံရသည်။ သူသည်စုံစမ်းနှောင့်ယှက်ခြင်းခံရသောအခါ ထောင်ထဲတွင်ဘဏ္ဍာစိုးနှင့်ဖလားတော်ဝန်ကို တွေ့ခဲ့ရသည်။ ဖလားတော်ဝန်မှာအသတ်ခံရပြီးဘဏ္ဍာစိုးမှာ လွတ်ငြိမ်းချမ်း သာခွင့်ရသူဖြစ်ပါသည်။ ခရစ်တော်၏ထောင် အိမ်ဖြစ်သောကားတိုင်ပေါ်တွင်လည်း တစ်ဦးမှာကယ်တင်ခြင်းရ၍ တစ်ဦးမှာကယ်တင်ခြင်းမရခဲ့သော သူခိုး(၂)ဦး အပြစ် မှောက်မှားမှုများပြုလုပ်သူ(၂)ဦးပင် ဖြစ်ပါသည်။

ထောင်ထဲမှလွတ်လာသောအခါ ဖာရောဘုရင်၏လက်ျာဖက်တွင်ခံရသောအ ခွင့်ကိုရပါသည်။ ဖာရောဘုရင်အား မည်သူကမှစကားပြောခွင့်မရပါ။ယောသပ်မှတဆင့်သာ စကားပြောဆိုခွင့်ရခဲ့ပါသည်။ ယောသပ်သည်ဖာရောဘုရင် ၏ပလ္လင်မှထွက်ခွာလာလျှင် အီဂျစ်နိုင်ငံတဝှမ်းလုံးတွင် တံပိုးမှုတ်သံကိုကြားရ ပါသည်။ ''ယောသပ်ကြွလာတော်မူပြီ။ အားလုံးဒူးထောက်ကြပါ။'' ဟုဆိုလိုခြင်းပင်ဖြစ်ပါသည်။

60 ၆၀။ သခင်ယေရှုနှင့်လည်းထိုနည်းတူပင်ဖြစ်ပါသည်။ ခမည်းတော်ဘုရားက သူ့အား အလွန်ချစ်ခင်သော်လည်းဂိုဏ်းဂဏဆိုင်ရာ ညီအစ်ကိုများက အ ကြောင်းမဲ့သက်သက် သူ့ကိုမုန်းတီးကြပါသည်။ငွေသား(၃၀)ဖြင့်ရောင်းချခြင်း ခံရ၍ တွင်းထဲသို့ပစ်ချခြင်းခံရပါသည်။ သေပြီဟူ၍ပင်ယူဆခြင်းခံရပါသည်။ လက်ဝါးကပ်တိုင်ပေါ်တွင် တစ်ဦးကပျောက် ဆုံးပြီးတစ်ဦးကကယ်တင်ခြင်းရ ပါသည်။ ကားတိုင်ပေါ်တွင်မြှောက်ထားခြင်းကို ခံရပါသည်။ ဘုရားသခင်၏လက်ျာဖက် တွင် ထိုင်နေရသောအခွင့်ကို ရပါသည်။ ကြီးမြတ်တော်မူသောဝိ ညာဉ်တော်ကသူ့အပေါ်တွင်ရောင်ပြန် ဟပ်လျှက် ရှိပါသည်။ မည်သူမှဘုရား သခင်ကိုစကားမပြောနိုင်ပါ။ သခင်ယေရှုခရစ်အားဖြင့်သာ ဖြစ်ပါသည်။ စဉ်း စားကြည့်ပါ။ သူသည်ပလ္လင်တော်မှထွက်ခွာလာသောအခါ ၎င်းအရာကစ တင်ပါတော့သည်။ တံပိုးမှုတ်သံကိုကြားရ၍ လူတိုင်းဒူးထောက်ကြရပြီး လူတိုင်း က ကိုယ်တော်အားသခင်အဖြစ် ဝန်ခံကြပါမည်။ ''

သူသည်ကြွယ်ဝချမ်းသာသောသားတစ်ဦးဖြစ်ပါသည်။ သူပြုလုပ်သမျှအရာ အားလုံးအောင်မြင်၍ ကြွယ်ဝချမ်းသာမှုဖြစ်ပေါ် လာပါသည်။ ထောင်ထဲတွင် ဖြစ်စေ။ မည်သည့်နေရာတွင်ဖြစ်ပါစေ။ မုန်ကန်စွာပေါ်ထွက်လာပါသည်။

သူ၏သားသမီးများအတွက်သူဂတိပေးတော်မူသည်အတိုင်း သူသည်အား လုံးကောင်းစေရန်အတွက် အရာခပ်သိမ်းဖြစ်ပေါ်လာရပါသည်။

အနာရောဂါဖြစ်စေ၊ ထောင်ထဲတွင်နေရသည့်အခါ သေဆုံးခြင်း၊ဝမ်းနည်းကြေကွဲခြင်း၊ အမျိုးမျိုးတွင် ဘာဘဲဖြစ်ဖြစ်သူတို့အားလုံးကောင်းစေရန်အတွက်ပင် ဖြစ်ပါ သည်။ ကိုယ်တော်ကိုချစ်သောသူများအတွက်ပင်ဖြစ်ပါသည်။ သူဂတိပေးတော်မူသည့်အတိုင်း ဖြစ်လာရပါသည်။ ထိုနေရာမှာပင် ရှိနေရပါမည်။နိမိတ် ပုံဆောင်၍ ကိုယ်တော်အထဲ၌ စကားပြောဆိုခြင်းပင် ဖြစ်ပါသည်။ သူသည်ဘုရားသခင်၏အပြစ်ကင်းမဲ့သော ပုံရိပ်ပင်ဖြစ်ပါသည်။ သူတစ်ဖန်ပြန်လည်၍ကြွလာတော်မူသည့်အချိန်အထိ ကျွန်တော်တို့တွေ့ရပါသည်။

61 ၆၁။ ယောသပ်သည်ဖျာဒိတ်တော်အားဖြင့် ကမ္ဘာလောကကြီးကို ကယ်တင်တော်မူခဲ့ ပါသည်။ သူ၏ကြီးမြတ်လှသောပရောဖက်ပြုချက်အားဖြင့် ဖြစ်ပါသည်။ ယောသပ်အားဖြင့်မဟုတ်လျှင် ကမ္ဘာလောကကြီးမှာသေဆုံးသွားရပါမည်။

သခင်ယေရှုအားဖြင့်သာမဟုတ်လျှင်ကမ္ဘာလောကကြီးမှာ သေဆုံးသွားရ မည်ပင်ဖြစ်ပါသည်။ 'ဘုရားသခင်၏ သားတော်ကိုယုံကြည်သောသူအပေါင်း တို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင်လော ကီသားတို့ကို ချစ်တော်မူ၏။' ' ဘုရားသခင်သည်အသက်တာကို ထိန်းသိမ်း စောင့်ရှောက်တော်မူသော ဘုရားဖြစ်ပါသည်။

62 ၆၂။ ဆက်၍ဆက်၍ကျွန်တော်တို့သွားနိုင်ပါသည်။ သူသည်ဒါဝိတ်နှင့်သာမာန်အား ဖြင့် အတွဲညီသူဖြစ်ပါသည်။မောရှေနှင့်လည်း အတွဲညီသူဖြစ်ပါသည်။ ဧလိယ နှင့်လည်း အတွဲညီသူဖြစ်ပါသည်။ယောသပ်နှင့်လည်း တွဲဖက်ညီသူဖြစ်ပါ သည်။ ဓမ္မဟောင်းကျမ်းစာထဲတွင် ကိုယ်တော်ရှင်အကြောင်းကြိုတင်ရုပ်လုံး ဖေါ်ဟောပြောထားပြီး ကိုက်ညီလျှက်ရှိပါသည်။ အပြစ်ကင်းမဲ့သော ကယ်တင်ရှင်ကိုဖေါ်ပြလျှက်ရှိပါသည်။ ကျွန်တော်တို့၏ညစ်ပတ်နေသောအဝတ်အစား များလျှော်ဖွပ်၍ထပ်မံသြဝါဒ ပေးဦးမည်ဖြစ်ပါသည်။ သိုးသူငယ်၏အသွေးတော်၌ လျှော်ဖွပ်၍စင်ကြယ်စေပါသည်။ကျွန်တော်တို့ပိုင် ဆိုင်သောအရာကို ကျွန်တော်တို့ တောင်းဆိုနိုင်ပါသည်။ ကိုယ်တော်ရှင်သည် ဖေါ်ပြလျှက်ရှိသော နှုတ်ကပတ်တော်ပင်ဖြစ် ပါသည်။

63 ၆၃။ ဘုရားသခင်ကိုကြေနပ်နှစ်သိမ့်မှုဖြစ်စေပါသည်။ ကိုယ်တော်ရှင်သည် ကြီးမြတ်တော်မူသောပုဂ္ဂိုလ်ဖြစ်၍ သူ့ကိုချိုးဖဲ့ သကဲ့သို့ဖြစ်သွားပါသည်။ ဤနည်းအတိုင်းပြုလုပ်နိုင်ပါသည်။ ဟေရှာယအနာဂတ်ကျမ်းတွင် ကျွန်တော်တို့တွေ့ရသည်မှာ ကျွန်တော်ဖတ်သကဲ့သို့ပင်ဖြစ်ပါသည်။ 'ကျွန်တော်တို့အားလုံး မျက်နှာလွှဲလျှက်ရှိကြသည်။' ဟူ၍ဖြစ်သည်။ကျွန်တော်တို့ ကိုယ်တော်ကိုနှစ်သက်လောက် အောင် အလှအပများမရှိကြပါ။ လူတိုင်းကိုယ်တော်ရှင်အကြောင်းပြောနေကြပါသည်။ လှောင်ပြောင်နေကြပါသည်။ ယနေ့ကျွန်တော်ကလည်း ကိုယ်တော်ရှင်အကြောင်းပြောနေမိပါသည်။ သူ့အကြောင်း လှောင်ပြောင်၍ ပြောဆိုနေကြပါသည်။ ကျွန်တော်တို့ကိုယ်တော်ရှင်ကိုကြည့်နေကြပါသည်။ ကိုယ်တော်ရှင်ကိုတွေ့မြင် ကြပါသည်။ကိုယ်တော်ရှင်အား ဘုရားသခင်ကချိုးဖဲ့၍ ထိခိုက် နာကျဉ်စေခြင်းဖြစ်ပါသည်။ကိုယ်တော်ရှင်က ဤအရာအ တွက် ဘာလုပ်ခြင်း ဖြစ်ပါသနည်း? ကိုယ်တော်ရှင်သည် ကျွန်တော်တို့၏အပြစ်များအတွက်ဒါဏ်ချက်ရာများကို ယူဆောင်ရပါသည်။

ကျွန်တော်တို့ထိုအရာဖြင့်ဆက်၍ဆက်၍သွားရပါမည်။ ကျွန်တော်ဆိုလိုသောပုံရိပ်ကို သင်ရရှိသည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ဘုရားသခင်က သူ၏လက်ရာတော်ကို ပြန်လည်၍တည်ဆောက်နေခြင်းပင် ဖြစ်ပါသည်။

64 ၆၄။ အာဒံ၏နံဘေးကို ကိုယ်တော်ရှင်ကထိုးဖောက်လိုက်ခြင်းတည်းဟူသောအစကို ကျွန်တော်တို့မမေ့ဘဲနေကြပါစို့။ သူ၏နံဘေးမှကိုယ်တော်ရှင်ကတစ်စုံတစ် ရာကို ယူလိုက်ခြင်းဖြစ်ပါသည်။

ခရစ်တော်၏နံဘေးကိုချိုးဖဲ့ခြင်းမှာအကြောင်းရှိပါသည်။ သူ့ထံမှ သတို့သမီးကိုယူ၍ မိသားစုတစ်စုတည်းဖြစ်စေရန်ပင်ဖြစ်ပါသည်။ သူ့အတွက်သတို့ မီးကို ဆောင်ယူရန်ပင်ဖြစ်ပါသည်။ သူ၏လက်ရာတော်မှာအပြစ်တင်ခွင့်နှင့် ကင်းလွတ် သောအခါ ကိုယ်တော်ရှင်က ၎င်းင်းကိုချိုးဖဲ့ရပါသည်။သူ့ထံမှရယူနိုင် ရန်ဖြစ်ပါသည်။ အခြားသောအစတစ်စကို ယူရန်မ ဟုတ်ပါ။ အခြားသောဖန်ဆင်းခြင်းတစ်ခုမဟုတ်ပါ။ ထိုအလားတူ ဖန်ဆင်းခြင်းမှပင်ဖြစ်ပါသည်။

ညီအစ်ကိုတို့ ဤအရာနှင့်ပတ်သက်၍စိတ်မကောင်းမဖြစ်ပါနှင့်။ (၁)မိနစ် ခန့်ပြန်၍ စဉ်းစားပါဦး။ ကိုယ်တော်ရှင်ထံမှသူကယူလိုက်လျှင်မူရင်း ဖန်ဆင်း ခြင်းမှ ယူလိုက်ပြီးသူ့အတွက်သတို့သမီးပြုလုပ်လိုက်ပါက အခြားသောဖန်ဆင်း ခြင်းတစ်ခု ဘယ်သောအခါမှမပြုလုပ်တော့ပါ။မူရင်းဖန်ဆင်းထားသော အရာမှပင် ကိုယ်တော်ရှင်ကရယူခြင်းပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည်နှုတ်က ပတ်တော်ဖြစ်ပါက သတို့သမီးမှာမည်သို့ ဖြစ်ရပါမည်နည်း? မူရင်းနှုတ်ကပတ်တော်ဖြစ်ရပါမည်။ နှုတ်ကပတ်တော်တွင်ရှိသောအသက်ရှင်တော်မူသည့် ဘုရားပင်ဖြစ်ပါသည်။

65 ၆၅။ တောင်အာဖရိကရှိကင်တာကီတွင်ဖြစ်ပါသည်။ တစ်ခါက ကျွန်တော်သည် စိန်တုံးကြီးများကို မြေကြီးထဲမှမည်သို့ဖေါ်ထုတ်သည်ကို ကြည့်နေမိပါသည်။ ထိုနေရာတွင် ရှိနေသည်ကို တွေ့ခဲ့ရပြန်ပါသည်။ကျွန်တော်၏ဆုတောင်းအဖွဲ့ တွင် ပါဝင်ကူညီသောသူမှာထိုစိန်လုပ်ငန်း၏ကြီးကြပ်ရေးမှူးပင်ဖြစ်ပါသည်။ စိန်ပွင့်များကိုကြည့်မိသောအခါဒေါ်လာထောင် ပေါင်းများစွာ တန်ဘိုးရှိသည် ကို တွေ့ရပါသည်။ စိန်တုံးကြီးများကိုစုပုံထားပါသည်။ နေရောင်အောက်တွင် တောက်ပခြင်း လုံးဝမရှိပါ။ ကျွန်တော်ကစိန်လုပ်ငန်း၏ ကြီးကြပ်ရေးမှူးအား မေးမိပါသည်။ ''ဒီစိန်တုံးကြီးတွေ ဘာကြောင့်တောက်ပနေရတာလဲ?

သူက 'ဆရာရယ် ဒီစိန်ရိုင်းတုံးကြီးတွေကို မသွေးရသေးဘူး။ ဖြတ်တောက်ပြီး သွေးရအုံးမယ်။ သူတို့ကိုဖြတ်တောက်ပြီး သွေးလိုက်ရင်အရောင်တောက်ပလာမှာဖြစ်ပါတယ်' ဟုဆိုပါသည်။

လက်ရာတော်ကို ဖြတ်တောက်ပစ်ရပါမည်။ဘာအတွက် ဖြတ်တောက်ပစ် ရပါမည်နည်း?အပိုင်းအစများကို

ဖြတ်တောက်ပြီးသားဖြစ်ပါသလား ? မဟုတ်ပါ။ ဖြတ်တောက်ပြီးထားသော အပိုင်းအစကလေးကို ဋ္ဌငခအမသူေအပ်က လေးပြုလုပ်ပါသည်။ ထိုအပ်ကလေးကို ခါတ်ပြားပေါ်တင်လိုက်သောအခါကမ္ဘာလောကကြီးအတွက် မမြင်တွေ့ရသေးသော တေးဂီတသံ ထွက်ပေါ်လာ ပါသည်။ အပ်ဖျားကလေးကပေါ်ထွက်လာစေသောအရာပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကိုစစ်မှန်စွာ အနက်ဖွင့်ဆိုမှုပေါ်ထွက်လာခြင်းပင်ဖြစ်ပါသည်။

66 ၆၆။ သူ၏အသက်တာမှာလူအားလုံးနှင့်ကိုက်ညီလာပါသည်။ သူ့အားရိုက်ခွဲရ သည့်အတွက် ဘုရားသခင်က နှစ်သက်ပါသည်။ ဘာကြောင့်ဘုရားသခင်ကသူ့ကိုရိုက်ချိုးရပါသနည်းအာဒံကိုချိုးဖဲ့ရခြင်းအကြောင်းနှင့်အ တူတူပင်ဖြစ်ပါသည်။

သူ့အားချိုးဖဲ့ခြင်း၊ ဒါဏ်ရာရစေခြင်းကိုတွေ့ရပါသည်။ အပြစ်ကင်းစင်သော သိုးသူငယ်မှာ အပြစ်သားများအတွက် အသေသတ်ခြင်းခံရပါသည်။အပြစ် ကင်းစင်သော လက်ရာတော်ပင်ဖြစ်ပါသည်။

67 ၆၇။ နှစ်ပေါင်း(၂၀၀၀)ခန့်ဘုရားသခင်ကသူ့ကိုတစ်ဖန်ပြန်လည်၍ လက်ရာ တော်ဖြစ်စေပါသည်။ အကြောင်းမှာကိုယ်တော်ရှင်သည်အာဒံကိုချိုးဖဲ့၍ နံရိုး ကိုထုတ်ယူပြီးသူ၏ကိုယ်ခန္ဓာတစ်စိတ်တစ်ပိုင်းဖြစ်သော ဧနီးသည်ကိုဖြစ်ပေါ်စေပါသည်။ ထိုအပြစ်ကင်းစင်သောလက်ရာတော်မှာကားတိုင်ပေါ်တွင် သူက ရိုက်ထားလိုက်ခြင်းဖြစ်၍သူ့ကိုယ်မှတစ်ဖန်အပိုင်းအစတစ်ခုကိုလည်းပြည့်စုံ စေရမည်ဟု ဆိုပါသည်။ ဓမ္မသစ်ကျမ်းနှင့်ဓမ္မဟောင်းကျမ်းစာတို့မှာ ခင်ပွန်း နှင့်ဇနီးသည်ကဲ့သို့ပင်ဖြစ်ပါသည်။ ဓမ္မဟောင်းကိုယူ၍ ဓမ္မသစ်ကိုပြည့်စုံစေခြင်းပင်ဖြစ်ပါသည်။ဓမ္မသစ်ကျမ်းဖြစ်၍ အခြားအစိတ်အပိုင်းတစ်ခုကို ပြီးပြည့်စုံစေရမည်ဟုဆိုပါသည်။ဓမ္မသစ်ကျမ်းနှင့် ဓမ္မဟောင်းကျမ်းစာတို့မှာခင်ပွန်းနှင့်ဇနီးသည်ကဲ့သို့ပင်ဖြစ်ပါသည်။ ဓမ္မဟောင်းကိုယူ၍ ဓမ္မသစ်ကိုပြည့်စုံစေခြင်းပင်ဖြစ်ပါသည်။ ခရစ်တော်တည်းဟူသော လက်ရာတော်က ကြွလာတော် မူပြီးပြည့်စုံစေခြင်းပင်ဖြစ်ပါသည်။ သူ၏သတို့သမီးက အရာခပ်သိမ်းကိုပြည့်စုံစေပါမည်။ဓမ္မသစ်ရှိအရာများအားလုံးကို ပြည့်စုံစေပါမည်။ အခြားလက်ရာတော်တစ်ခုကိုလည်းပြုလုပ်နေဆဲဖြစ်ပါသည်။

68 ၆၈။ ဤလက်ရာတော်ကိုပြုလုပ်ရန်နှစ်ပေါင်း(၄၀၀၀)ခန့်ကြာသကဲ့သို့ သူသည် နှစ်ပေါင်း(၂၀၀၀)နီးပါးခန့်ကြာပြီးလက်ရာတော်ကို ပြုလုပ်နေကြခြင်းဖြစ်ပါ သည်။ ၎င်းမှာ အခြားလက်ရာတော်တစ်ခုဖြစ်အောင်ခရစ်တော်၏အသင်း တော်ပင်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်သောအခါ ကိုယ်တော်ရှင်သည် ဘယ်သောအခါမှမပြောင်းလဲသောသူ၏ နည်းစံနစ်ဖြင့် ပြုလုပ်ပါသည်။ သူ၏နှုတ်ကပတ်တော်တည်းဟူသောသူ၏လက်ရာတော်ကိုပြုလုပ်စဉ်ကငင်းနည်းလမ်းအတိုင်း ပင်ဖြစ်ပါသည်။ သူ၏လက်ရာတော်ကိုပြုလုပ်သည့်နည်းလမ်းအတိုင်းပင်ဖြစ်သည်။ သူသည်အပြစ်ကင်းစင်သောလက်ရာတော်ဖြစ်သည့်အချိန်မှ နှုတ်ကပတ်တော်ပြည့်စုံသည့်အချိန်ပင်ဖြစ်ပါသည်။

အညစ်အကြေးအမှိုက်သရိုက်စိတ်ဝင်နေသမျှအားလုံးပျောက်ပျက် သွားပါမည်။ ကောင်းကင်နှင့်မြေကြီးမတည်သော်လည်း နှုတ်ကပတ်တော်တည်မြဲပေမည်။

စိန်တုံးကိုသွေးလိုက်သောအခါ သင့်ထံတွင်အပြစ်မဲ့သောတန်ဆာပလာ ရှိရပေမည်။ အခြားသောကရိယာအပိုင်းအစများကပြုလုပ်ပေးနိုင်မည်မဟုတ်ပါ။ ကြီးမားလှသောကျောက်ခဲစက်ကြီးများ တန်ချိန်ပေါင်းမြောက်များစွာဖြင့်ထိုစိန်တုံး ကိုခွဲဖြတ်ကြပါမည်။ စိန်တုံးကိုမကွဲပြတ်စေပါ။ ဖြတ်ပစ်ရပါ မည်။

69 ၆၉။ သူသည်အလားတူအရာကိုသူ၏မပြောင်းလဲသောနည်းလမ်းဖြင့် ပြုလုပ် လျှက်ရှိပါသည်။ (မာလခိ၃)တွင်တွေ့ရပါသည်။ ငါသည်ဘုရားဖြစ်၍ ပြောင်းလဲ ခြင်းမရှိပါဟုဆိုသည်။ သူ၏နည်းစံနစ်ကိုသူကမပြောင်းလဲစေပါ။

အာဗြဟံတွင်သူစတင်ခဲ့သကဲ့သို့ပင်ဖြစ်ပါသည်။ ပထမဆုံးလက်ရာတော်ကျ ဆုံးသွားပြီးမှ သူကအာဗြဟံတွင်စတင်ခဲ့ပါသည်။ အခြားလက်ရာတော်တစ်ခု ကိုအုတ်မြစ်ချ၍ တည်ဆောက်ပါသည်။

ပင်တေကုတ္တေနေ့တွင်သူကအခြားလက်ရာတော်ကို မူရင်းမျိုးစေ့ဖြစ်သော နှုတ်ကပတ်တော်ကိုတည်ဆောက်ရန်စတင်ခဲ့ပါ သည်။ ပထမဆုံးအသင်းတော်တွင်စတင်ခဲ့ပါသည်။ ဘာဖြစ်ပါသနည်း ? မျိုးစေ့ နှုတ်ကပတ်တော် ဖြစ်၍ပေးထားသောဂတိတော်ကို ဖေါ်ပြကာ နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။ ပရောဖက်ယောလပြောခဲ့ဘူးသည့်အတိုင်းဖြစ်ပါသည်။ 'ထို့နောက်မှ လူမျိုးတကာတို့အပေါ်သို့ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့သားသမီးတို့သည်ပရောဖက်ညဏ်နှင့်ဟောပြောရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည် နိမိတ်အိမ်မက်တို့ကိုမြင်မက်ရကြလိမ့်မည်။ အသက်ငယ်သောသူတို့ သည်လည်း ဗျာဒိတ်ရူပါရုံကို မြင်ရကြလိမ့်မည်။' ' နောက်ဆုံးသောရက်များတွင်ကိုယ်တော်ရှင် အမှုပြုမည့်အကြောင်း ဖြစ်ပါသည်။ နောက်ဆုံးအနှစ်(၂၀၀၀)အတွင်း၌ဖြစ်ပါသည်။

70 ၇၀။ သတိပြု၍ကြည့်ပါ။ မူရင်းကဲ့သို့ပင်စတင်ခဲ့ပါသည်။ သတင်ယေရှုမိန့်တော်မူ သကဲ့သို့ ဘုရားသခင်၏နှုတ်ကပတ်တော်သည်မျိုးစေ့ကြဲသောသူက ကြဲသော မျိုးစေ့ကဲ့သို့ပင်ဖြစ်မည် ဟုဆိုထားပါသည်။ ကိုယ်တော်ရှင်သည်မျိုးစေ့ကြဲသော သူပင်ဖြစ်ပါသည်။ မျိုးစေ့မှာ နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။ တစ်ခုတည်းသာရှိနေသောမျိုးစေ့မှာ ဘာမှဖြစ်မလာပါ။ မြေပေါ်သို့ကျ၍ ထပ်မံပြီးမျိုးပွားလာမည်ဖြစ်ပါသည်။ ဤမျိုးစေ့မှာ အပြစ်ကင်းစင်သောအသင်း တော်ဖြစ်၍ ရောမမြို့တော်နိစိန်ကောင်စီတွင် မြေပေါ်သို့ကျ၍ဂိုဏ်းဂဏတစ်ခုဖြစ်ပေါ် လာပါသည်။ သမိုင်းဆရာများမှတ်မိကြပါသည်။ ဤတိပ်ခွေကိုနားထောင်ပြီး ပြန်လည်စစ်ဆေး၍မှန်မမှန်ရှာဖွေလေ့လာကြည့်ပါ။ ရောမမြို့နိစိန်တွင်အ သင်းတော်သေဆုံးပြီးမူရင်းနှုတ်ကပတ်တော်အစား ဩဝါဒများနှင့်ယုံကြည် ချက်များကို ခံယူပါသည်။ ၎င်းင်းအရာသည်အဘယ်အရာဖြစ်ပါသနည်း ?

ပထမဆုံးအသင်းတော်အားဖြင့်ဘုရားသခင်ကဖေါ်ပြခဲ့ပါသည်။ သူသည် ဘုရားဖြစ်ကြောင်း ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်။အပြစ်ကင်းစင်သော အသင်းတော် သူ့ထံတွင်ရှိပါသည်။ သို့သော်လည်း အသင်းတော်မှာအခြား သောမျိုးစေ့များကဲ့သို့မြေပေါ်သို့ကျ၍ သေရပါဦးမည်။ ယခုအခါတွင် မြေပေါ်သို့ကျ၍သေသွား ပြီး အလဟသဖြစ်သွားရပါတော့သည်။

ယခုသမိုင်းပညာရှင်များ သတိရကြပါ။သင်တို့တိတ်ခွေကို နားထောင်ခြင်း အားဖြင့် အမှားများကိုတွေ့ရှိနိုင်ပါသည်။အသင်းတော်သည် ရောမဘုရင် နိုင်ရှား လက်ထက်တွင် သေပြီးဖြစ်သည်။သူတို့လုပ်ဆောင်နေသည့် အရာ များသည် နှုတ်ကပတ်တော်အစားဖြစ်ပါသည်။ ဘုရားသခင်သည်ဖေါ်ပြပါ သည်။ ပြည့်စုံသောအသင်းတော်သည် ဘုရားသခင်ပင် ဖြစ်ပါသည်။ သို့သော်အသင်းတော်သည် အခြားသောမျိုးစေ့ပင် ဖြစ်ပါသည်။ မျိုးစေ့သည် မြေပေါ်ကျ၍ ပျက်စီးသွား၍အခွံကိုပစ်ရပါသည်။

71 ၇၁။ သိပ်မကြာမီကာလကကျွန်တော်စာအုပ်တစ်အုပ်ဖတ်ရပါသည်။ တစ်စုံတစ် ယောက်ကရေးသားသောစာအုပ်ဖြစ်၍တိတ်ဆိတ်နေသောဘုရားဟု အမည် တပ်ထားပါသည်။ သင်ဖတ်ပြီး စာပြန်ထုတ်ပေးမည်။ ကျွန်တော်မေ့နေပါ မည်။ မြကာ ဘညေခ့ ဖြစ်ပါလိမ့်မည်။ ဘယ်သူသည် စာရေးဆရာဖြစ်ကြောင်းကျွန်တော်မသေချာပါ။ ကျွန်တော်မမှတ်မိတော့ပါ။ ကျွန်တော်၏စာကြည့်ခန်း ထဲတွင်ရှိနေပါသည်။တိတ်ဆိတ်နေသောဘုရားအမည်ရှိ စာအုပ်ထဲတွင် အောက်ပါအတိုင်းပြောဆိုထားပါသည်။ဘုရားသခင်သည် အမှောင်ခေတ်ကာ လတလျှောက်လုံး ဘာမှလှုပ်ရှားမှုမရှိပါ။ သစ်ွာရှိသောမာတုရများ ခြင်္သေ့တွင်း ထဲဝင်သွားကြရသည်ကို ကြည့်နေသည်။ ရောမတို့ကမီးရှို့ပစ်ကြသည်။ နည်း မျိုးစုံဖြင့် သတ်ဖြတ်လုပ်ကြံခြင်းကို ခံကြရသည်။အမျိုးသမီးများကို အဝတ်အ ချည်းစည်းဖြင့် ဆံပင်ရှည်ခြင်းများကို ကတ္တရာစေးတွင်နှစ်ပြီးမီးရှို့ပစ်ကြ သည်။ ဆံပင်တိုတိုကို ရောမတွင်စတင်ခဲ့ကြခြင်းဖြစ်ပါသည်။ခရစ်ယာန်အမျိုး သမီးများမှာ ဆံပင်ရှည်ကြသည်။ ထိုဆံပင်ရှည်ကြီးများကိုကတ္တရာစေးတွင် နှစ်၍မီးရှို့ပစ်ကြသည်။ အဝတ်အချည်းစည်းဖြစ်ပြီးခြင်္သေ့စာကျွေးခြင်းခံကြရ သည်။ စာရေးသူက ဘုရားသခင်ဘယ်ရောက်နေသနည်း ဟုဆိုထားပါသည်။

လူသားများ၏ မျက်စိမပွင့်ခြင်း၊တစ်ခါတစ်ရံဖြစ်ရသည့်အကြောင်းပင် ဖြစ်ပါသည်။ ထိုမျိုးစေ့သေရမည်ကို သင်သိပါသလား? ကိုယ်တော်ကသူတို့ကို လွတ်မြောက်ရန်ဘယ်သောအခါမှမကြိုးစားခဲ့ပါ။ သူတို့သည် အောင်မြင်မှုဖြစ် သွားကြပါသည်။ သူတို့သည်သွေးထွက်လျှက်အသေခံလျှက် မိမိတို့အသက်များ ကိုပေးအပ်လျှက် သွားကြရပါသည်။အဘယ်ကြောင့်နည်း? မျိုးစေ့ဖြစ်သောကြောင့် ဖြစ်ပါသည်။ မြေပေါ်သို့ကျရပါမည်။ (၁ယော၁၂)တွင် ဆိုထားသကဲ့ သို့ပင်ဖြစ်ပါသည်။ ဂျုံ၏အခွံသည် မြေပေါ်သို့ကျ၍ပျက်စီးရပါမည်။ ပျက်စီး ရုံမကပုပ်စပ်သွားရပါမည်။ သို့သော်လည်း ထိုဂိုဏ်းဂဏက အသက်ရှင်သည့် အရာတစ်ခုဆက်လက်ရှိနေမြဲဖြစ်ကြောင်း မသိပါ။

72 ၇၂။ နိစိန်ကောင်စီတွင် (၁၅)ရက်ကြာခန့်သွေးထွက်သံယိုဖြင့် နိုင်ငံရေးအယူဝါဒ သစ်များက အသင်းတော်ထဲသို့ကြီးမားသောအကြံအစည်များထည့်သွင်းရန် ကြိုးစားပါသည်။ တောထဲမှပရောဖက်များထွက်လာကြပြီးသစ်ဥသစ်မြစ်များ စားကြသည်။ တိရိစ္ဆာန်သားရေကို ဝတ်ဆင်ကြသည်။ထိုစစ်မှန်သောပရော ဖက်များကိုမူ သူတို့ကနှင်ထုတ်ပစ်ကြပါသည်။ အဘယ်ကြောင့်နည်း? အစေ့သည်မြေပေါ်သို့ကျရောက်မည်ဖြစ်သောကြောင့်ပေတည်း။ သေကြေပျက်စီးရ ပါမည်။

ကျွန်တော်တို့သည် ရှင်ပေါလု၊ ပေတရု၊ယာကုပ်၊ ယောဟန်နှင့်နှုတ်ကပတ် တော်ကိုရေးသားသူအားလုံးနှင့် တွေ့ဆုံရသောအခါသူတို့ကနှုတ်ကပတ်တော် ကိုရေးသားခွင့်ရခဲ့ပါသည်။ သူတို့ရေးသားချက်က အသက်ရှင်၍ကျွန်တော်တို့တွေ့ရသောအခါ မှည့်ဝင်းလာရသော အခွင့်ကစတင်လာပါသည်။ ဩဝါဒ ကျမ်းများတွင်ယောဟန်ကစတင်၍ရေးသားပါသည်။ ပတ်မုတ်ကျွန်းပေါ်သို့ပို့ ထားခြင်းခံရ၍ဆီထဲတွင်(၂၄)နာရီခန့်ထည့်၍ ကြော်လိုက်ပါသည်။ သို့သော်လည်းနှုတ်ကပတ်တော်ပေါ်ထွက်လာရပါသည်။ ရေးသားထားရပါမည်။ သူ့အထဲမှ ဝိညာဉ်တော်ကိုထုတ်လိုက်၍မရပါ။ ဆီဖြင့်ကြော်ထုတ်၍ မရပါ။ သူကပေါ်ထွက်လာရပါမည်။ သူ့အလုပ်မပြီးသေးပါ။ သူသည်သာမာန်သေခြင်း ဖြင့် သေဆုံးရပါသည်။

73 ၇၃။ နားထောင်လော့ .... အသင်းတော်များလူမျိုးတော်အားဖြင့် ကြားကြ လော့။ ဤအရာသည် သင်၏ညစ်ညမ်းသောအရာဖြစ်သောဂိုဏ်းဂဏ(သို့) အသင်းတော်ပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်အားဖြင့်ပေးဆပ်ခဲ့ပြီး ထိုသူ များလည်း သဘောတူကြပါသည်။ ထို့နောက် ရာပေါင်းမြောက်မြားစွာနှစ်များ၊ အမှောင်ကာလဖြစ်သည်။ နှုတ်ကပတ်တော်၏တန်ခိုးနှင့် ထင်ရှားကျော်ကြားခြင်းတို့သည် လောကီအရာက ကွယ်ထားလျှက်ရှိသည်။ အထူးသဖြင့် ရောမ ကက်သလစ်၏ပညတ်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံး သိရှိဖတ်ကြားခဲ့သည့် အတိုင်း ဖြစ်ပါသည်။

သို့သော်သင်သည်အပင်ပေါက်ခြင်းကိုမတားဆီးနိုင်ပါ။ အပင်သည်အားကြီး စွာဖြင့်ထွက်လာ၍ အဘယ်ကြောင့်ဆိုသော်(အဘယ်ကြောင့်နည်း?) အားကြီးသောလေ့သမား၏ အလုပ်ကဲ့သို့ပင်ဖြစ်ပါသည်။ သူသည်ထပ်မံ၍ တည် ဆောက်သူဖြစ်ပါသည်။ထို့ကြောင့် သူ့မျိုးစေ့သည် အောက်သို့ကျသည်။နှုတ် ကပတ်တော်။

74 ၇၄။ ကျွန်ုပ်တို့သည်သန့်ရှင်းသူများဖြစ်သော ရှင်ပေါလု၊ ပေတရု၊ ယာကုပ်၊ ယောဟန်၊ အားလုံးတို့သည်နှုတ်ကပတ်တော်ကို ရေးမှတ်ကြပါသည်။ ထိုသန့် ရှင်းသူများရေးသော နှုတ်ကပတ်တော်သည်အသက်ရှင်လာ၍ တည်လေ၏။ထို့နောက် ကျွန်ုပ်တို့သည် မှည့်ဝင်းလာသည်ကိုတွေ့ရပါသည်။ယောဟန်ရေး သောစာစောင်မှာ ပတ်မုတ်ကျွန်းတွင်ရေးပြီး ယောဟန်ကိုဆီပူထဲ၌(၂၄)နာရီစိမ်ခြင်းခံခဲ့ရပါသည်။ သို့သော် နှုတ်ကပတ်တော်သည် အားရှိ၍စာစောင်ကို ရေးနိုင်၏။ ထိုသူများသည်ထိုသူထံမှသန့်ရှင်းသောဝိညာဉ်တော်ကို ဆီပူဖြင့် မလောင်ကျွမ်းစေနိုင်ပါ။ ထို့ကြောင့်သူသည်ခွန်အားရရှိပါသည်။ သူ၏လုပ် ငန်းသည် မပြီးဆုံးသေးသော်လည်း တမန်တော်ယောဟန်သည်သဘာဝသေ ခြင်းဖြင့် ခေါ်တော်မူခြင်းခံရပါသည်။

ပေါ်လီကပ်သည် တမန်တော်ကြီးရှင်ယောဟန်၏တပည့်တော်တစ်ဦးဖြစ်၍ နှုတ်ကပတ်တော်ကိုဟောပြောပါသည်။ ပေါ်လီကပ်၏ခေတ်ကာလနောက်ပိုင်းတွင် အိုင်ရေးနီးယားစ်၏ ခေတ်ကာလရောက်လာပါသည်။ အိုင်ရေးနီးယားစ်မှာဘုရားသခင်၏လူဖြစ်၍ ကျွန်တော်တို့ယုံကြည်သောအလားတူဇဝ် ဂေလိတရားကိုပင် ယုံကြည်ပါသည်။ ''နှုတ်ကပတ်တော်သည်မှန်ကန်ပါသည် '' အသင်းတော်ကဒင်္ဂင်းကို ညွှစ်ထုတ်ရန်ကြိုးစားနေခြင်း ဖြစ်ပါသည်။

75 ၇၅။နောက်ဆုံးရောမနိစိန်သို့ရောက်လာသောအခါ သူမသည်မြေပေါ်သို့ကျသွား ပါသည်။စိန့်မာတင်၏နောက်ပိုင်းတွင် အသေသတ်ခြင်းကိုခံရပါသည်။ စိန့်မာတင်ကကျွန်တော်တို့ယုံကြည်သည့်အရာကိုပင် ယုံကြည်ပါသည်။ အလားတူအ ရာအ တွက်ပင်ရပ်တည်ပါသည်။သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံပင်ဖြစ်ပါ သည်။ယေရှုနာမဉ္စရေဥ္စဗတ္တိဇံခံခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်တို့ကဲ့သို့ပင် သူကရပ်တည်ပါသည်။သူသည်ပရောဖက်ဖြစ်သောကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်အ ပြည့်အစုံကိုယုံကြည်ပါသည်။နောက်ဆုံးသူတို့သည် ကားတိုင်ပေါ်တွင် အသေသတ်ခြင်းကိုခံရ၍ မြေကြီးထဲသို့မြှုပ်နှံခြင်းခံရပါသည်။ နှစ်ပေါင်း(၁၀၀)ခန့် မြေကြီးထဲတွင်နေကြရပြီး အပြင်ပိုင်းမှပုပ်သိုးသွားပါတော့ သည်။ခန္ဓာကိုယ်အဟောင်းမှာ ပုပ်သိုးပျက်စီးသွားသည်။ ကျွန်တော်စိန့်အန်ဂျလိုသို့ရောက်ရှိခဲ့စဉ်က မြေအောက်လိုဏ်ဂူထဲတွင် သူတို့သေဆုံးခဲ့သည်။သေဆုံးခဲ့သည့်နေရာကိုတွေ့မြင်ရပါသည်။ အရိုးများလည်းကျိုးနေပါသည်။ နောက်ဆုံးသူတို့၏အရိုးများ ပျောက်ကွယ်သွားသည့်အထိ ပုပ်သိုးဆွေးမြေ့ကုန် ပါသည်။ သို့သော်လည်းအသက်ရှင်ဆဲဖြစ် နေပါသည်။

76 ၇၆။ မြေကြီးထဲသို့ကျရောက်သွားသောအခါဂျုံနှံမှာနိစိန်ကောင်းစီတွင် ကျခဲ့ပြီး ခြင်းဖြစ်၍ တစ်ဖန်မာတင်လုသာတွင် ပြန်လည်၍ရှင်သန်ကြီးထွားလာပြန်ပါ သည်။ ပေါ်ထွက်လာလေ့ရှိသောပြောင်းဖူးကဲ့သို့ ဖြစ်ပါသည်။အစေ့များပုပ် သိုးသွားပြီးနောက် အသက်ပြန်၍ရှင်သန်ထွက်ပေါ်လာပါသည်။ မာတင်လုသာ၏အသက်တာတွင် ပြန်လည်၍ပေါ်ထွက် လာပြန်ပါသည်။ ပထမဆုံးအရာအ ဖြစ်သူဘာကိုပြုလုပ်ပါသနည်း? ကက်သလစ်ဂိုဏ်းဂဏဝါဒကို ငြင်းပယ်၍ဒင်္ဂင်းအရာမှာမှားယွင်းကြောင်း ကန့်ကွက်ပါသည်။ ''ဖြောင့်မတ်သောသူသည်ယုံ ကြည်ခြင်းအားဖြင့် အသက်ရှင်သည်။ ''ဟုသူကဆိုထားပါသည်။ ဒင်္ဂင်းအရာ သည် ဘာဖြစ်ပါသနည်း? အညွန့်ကလေးနှစ်ခုထွက်ပေါ်လာသောအားနည်းသည့် အသက်ကလေးပင်ဖြစ်ပါသည်။ လူသာများဖြစ်ကြပါသည်။ မြေထဲသို့ကျသွားသောမျိုးစေ့နှင့်မတူပါ။ သို့သော်လည်း အသက်မှာယခုအခါ ပေါ်ထွက်လာ ပြီ ဖြစ်ပါသည်။

ဒင်္ဂင်းနောက်ရိုးတံသို့ရောက်သွားပါသည်။ဒင်္ဂင်းနောက် ဘာဖြစ်ပါသနည်း? ဂျွန်ဝပ်စလီ၏ခေတ်ကာလသန့်ရှင်းစင်ကြယ် စေခြင်းကို ဖေါ်ထုတ်သောအခါ သူဘာလုပ်ပါသနည်း? သူသည်နှုတ်ကပတ်တော်ကိုစောင့်ထိန်းပါသည်။ ထို နှုတ်ကပတ် တော်က ဘာလုပ်ပါသနည်း? လူသာရင်များက အဖွဲ့အစည်းတစ် ခုဖန်တီး၍အဖွဲ့အစည်းတစ်ခုကို ပြုလုပ်လိုက်ပါသည်။ ထိုကြောင့် တစ်စုံတစ်ခု ဖြစ်ပေါ်လာမည့်အချိန်ပင် ဖြစ်ပါသည်။လက်ရာတော်ကို ယခုအခါတွင်တည် ဆောက်နေဆဲဖြစ်ပါ သည်။ သူဘာလုပ်ခဲ့ပါသနည်း? သူသည်အင်္ဂလီကန်အ သင်းတော်ကိုပုန်ကန်၍ပြန်လည်ပြုပြင်ရေးကာလထဲမှ ပန်းပွားအဖြစ် ထွက် ပေါ်လာခြင်းဖြစ်ပါသည်။ဒင်္ဂင်းအရာသည် ဘာဖြစ်ပါသနည်း? မျိုးစေ့မှာအ သက်ထွက်ပေါ်လာရန်ပင်ဖြစ်သည်။ ကြီးထွားလာပြီဖြစ်ပါသည်။

77 ၇၇။ ရိုးတံမှာ မျိုးစေ့နှင့်မတူပါ။ပန်းပွားမှာလည်း မျိုးစေ့နှင့်လုံးဝတူညီမှုမရှိပါ။

နိုင်ငံတကာရှိ ပင်တေကုတော်ညီအစ်ကိုများကျွန်တော်ပြောသည့်အရာကို နားထောင်စေလိုပါသည်။ ယခုဟောပြော မည့်သတင်းစကားမှာနောက်ဆုံးသ တင်းစကားပင်ဖြစ်ပါသည်။ ဤအရာမှာ ကျွန်တော့်အတွက် လက်ရာတော်ပင်ဖြစ်ပါသည်။ မြေကြီးပေါ်သို့ ဂျုံဆန်အခွံကျရောက်သောအခါ တစ်ဖန်ပြန် လည်၍မျိုးစေ့ပေါက်လာပြန်ပါသည်မဟုတ်လား?

သဘာဝလောကကြီးကိုကြည့်ပါ။သဘာဝလောကကြီးသည် ဘုရားပင်ဖြစ်ပါ သည်။ ဘုရားသခင်က သဘာဝလောကထဲတွင်လှုပ်ရှားလျှက်ရှိပါသည်။ ကိုယ်တော်ရှင်လှုပ်ရှားနိုင်သလောက်ပင်ဖြစ်ပါသည်။ ပင်တေကုတ္တေနိုးထမှုမှကြည့် မည်ဆိုလျှင်သူတို့စဉ်းစားဆင်ခြင်သည့်အတိုင်း ဒင်္ဂင်းအရာမှာ မျိုးစေ့ပင်ဖြစ်ပါ သည်။ သို့သော်လည်းမဟုတ်ပါ။ သို့သော်လည်း မျိုးစေ့ကဲ့သို့တစ်စုံတစ်ရာ ပေါ်ထွက်လာပါသည်။(ရှင်မဿဲခရစ်ဝင်ကျမ်း ၂၄း၂၄)တွင် သခင်ယေရှုဘာ ပြောထားကြောင်း ကြည့်ကြပါစို့။ ''ခရစ်တော်၏အယောင်ကိုဆောင်သောသူ နှင့်မိစ္ဆာပရောဖက်တို့သည်ပေါ်လာ၍ရွေးချယ်သောသူတို့ကိုပင် လှည့်ဖျားနိုင် လျှင် လှည့်ဖျားနိုင်လောက်အောင်ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဘွယ်သော အမှုတို့ကို ပြကြလိမ့်မည်။ ''

78 ၇၈။ ထိုရိုးတံမှာမျိုးစေ့နှင့်လုံးဝမတူပါ။ ပန်းပွားမှာလည်းမျိုးစေ့နှင့် မတူပါ။သို့သော်လည်း သတိထားပါ။လူသာ၏ ခေတ်ကာလကို ဆိုလိုခြင်းမဟုတ်ပါ။ နောက်ဆုံးသောကာလကိုဆိုလိုခြင်းပင်ဖြစ်ပါသည်။

ပထမဆုံးအရာပင်ဖြစ်ပါသည်။လယ်သမားများချထားလျှက်ရှိသောဂျုံများ ဤနေရာတွင်ရှိပါသည်။ ဂျုံစေ့ပေါ်တွင်ပထမဆုံးထွက်ပေါ်လာသောအရာမှာ မျိုးစေ့ဟုပင် သင်ကထင်မြင်ယူဆပါလိမ့်မည်။ သို့သော်လည်းဒင်္ဂင်းအရာ သည်အဘယ်အရာဖြစ်ပါသနည်း?အခွံပင်ဖြစ်ပါသည်။ အပြင်ပန်းအရာက လေးထွက်ပေါ်လာခြင်းဖြစ်ပါ၍မျိုးစေ့ကိုဆုတ်ကိုင်ထားရန်ပင် ဖြစ်ပါသည်။ အခွံကလေးပေါ်ထွက်လာပါသည်။ သို့သော်လည်းအခွံများအစေ့မဟုတ်ပါ။ ပန်းပွင့်သို့အရိုးတံထက် မသာပါ။ အခက်ကိုသယ်ဆောင်သောအရာပင် ဖြစ်ပါ သည်။ဂျုံအခွံဖြစ်ပါသည်။ (ယော ၁၂)တွင် သခင်ယေရှုပြောနေသောအရာကို သင်တွေ့မြင်ရပါမည်။

79 ၇၉။ ပန်းပွင့်ပြီးနောက်ပိုင်းဂျုံအခွံရောက်လာသောအခါ (ဝက်စလီနောက်ပိုင်း) အခွံပေါ်ထွက်လာပါသည်။ဂျုံစေ့ကဲ့သို့သော အရာပင် ဖြစ်ပါသည်။ အခွံမှာအ စေ့နှင့်ပိုတူပါသည်။ တချိန်လုံးဂျုံမှာပို၍တူညီလာပါသည်။ မြေကြီးထဲ ဝင်သွား သည့်အရာပင်ဖြစ်ပါသည်။ ပေါ်ထွက်လာသောအခါအညှောက်ပေါက်လာပါ သည်။ ဒင်္ဂင်းအထဲတွင် အသက်ရှိနေပါသည်။ ဂျုံစေ့မဟုတ်သောကြောင့်ဒင်္ဂင်းအရာမှာ သေချာပါသည်။ ပန်းပွင့်ပေါ်ထွက်လာပါသည်။ ဒင်္ဂင်းနောက် ပိုလန့်ဖြစ်၍ဂျုံစေ့မ ဟုတ်ပါ။ ဒင်္ဂင်းနောက် အခွံထွက်လာပါသည်။

ဂျုံ၏ပုံသဏ္ဍာန်အတိုင်းပင်ဖြစ်ပါသည်။ ဂျုံစေ့ကဲ့သို့ပင် အတိအကျပင်ဖြစ် ပါသည်။ သို့သော်လည်း ဂျုံစေ့မဟုတ်သေးပါ။ ပုံသဏ္ဍာန်များအတိအကျပင်တစ်ပုံစံတည်းဖြစ်ပါသည်။

ပင်တေကုတ္တေများမှာဂျုံကဲ့သို့ပေါ်ထွက်လာပါသည်။ တစ်ခုစီမှာ တစ်ခုထဲ မှ တစ်ခုထွက်လာပါသည်။ တစ်ခုအထဲမှတစ်ခုထွက်လာပါသည်။ သို့သော် လည်း သူတို့မှာသယ်ဆောင်သူပင်ဖြစ်ပါသည်။ဂိုဏ်းဂဏများသို့ သူတို့သွားကြ ပါသည်။ ပင်တေကုတ္တေများ လုပ်ခဲ့သည့်အရာပင်ဖြစ်ပါသည်။ ဂိုဏ်းဂဏများ သို့ ရောက်သွားပါသည်။ ပင်တေကုတ္တေ များပြုလုပ်သည့်အရာမှာထိုကဲ့သို့ပင်ပေါ်ထွက်လာပါသလား?(ဗျာဒိတ် ၁၇)မှာကဲ့သို့ ပြန်ဖြစ်သွားပါသည်။ အလားတူဂိုဏ်းဂဏများကဲ့သို့အတိအကျပင် ထိုကဲ့သို့ဖြစ်ပါသည်။ သခင်ယေရှုကလည်း ဤကဲ့သို့ပင် ပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။

80 ၈၀။ ယခုကြည့်ပါ။ ဧဝံဂေလိတရားမှာလူသာအားဖြင့်သော်၎င်း၊ ဝက်စလီအား ဖြင့်သော်၎င်း၊ ပင်တေကုတ္တေထဲရောက်သွားပါသည်။ နောက်ဆုံးသောနေ့ ရက်တွင်ပင်လျှင်ဖြစ်နိုင်လျှင်ရွေးချယ်ထားသောသူများကိုပင်လျှင် လှည့်ဖျား စေရန်ပင် ဖြစ်ပါသည်။ ရွေးချယ်ထားခြင်းခံရသူများ ဖြစ်ပါသည်။ ပင်တေကုတ္တေညီအစ်ကိုများ ခင်ဗျားတို့သဘောပေါက်ကြပါရဲ့လား?

ဂျုံမှာ ပထမဆုံးစတင်သည့်အခါ မျိုးစေ့ကဲ့သို့ပင်ဖြစ်ပါသည်။ အစေ့ကဲ့သို့ ပုံသဏ္ဍာန်ဖြစ်ပေါ်လာသောအခါ တစ်ကယ်တန်းမှာ အစေ့မဟုတ်ပါ။အခွံပင် ဖြစ်ပါသည်။ ဂိုဏ်းဂဏကဲ့သို့ပင် ဖြစ်သွားပါသည်။ လူသာတွင် ဖြစ်ပေါ်လာသကဲ့သို့ပင် ဖြစ်ပါသည်။ (ဗျာဒိတ် ၁၇)တွင် အသင်းတော်များနှင့်ပတ်သက်၍အလားတူအရာကိုပင် သက်သေပြခဲ့ပါသည်။

ဒါဟာ ပထမဦးဆုံး ဂိုဏ်းဂဏ ဖြစ်ပါသည်။အဘယ်ကြောင့်ဆိုသော် ယခု မူရင်းမျိုးစေ့သည် နိစိန်တွင် ကျပါသည်။

ရိုးတံ၊ပန်းပွားစသည်တို့တွင်ရှိသောအသက်တာမှာ မျိုးစေ့တွင် အဆုံးသတ် ပါသည်။မူရင်းမျိုးစေ့မှ ထွက်ပေါ်လာသော အသက်တာမှာဖြစ်စဉ်အမျိုးမျိုး အားဖြင့် ထွက်ပေါ်လာပါသည်။(ဖြစ်စဉ်အမျိုးမျိုး(၃)ဆင့်ရှိပါသည်။) ၎င်းနောက် မူရင်း အခြေအနေသို့ပြန်၍ရောက်ပါသည်။ ဟာလေလုယာ၊ ကမ္ဘာပေါ်တွင်ကျွန်တော်သည်အပျော်ရွှင်ဆုံးပုဂ္ဂိုလ်ဖြစ်ပါသည်။ ဘုရားသခင်ကကျွန်တော့်အားတွေ့မြင်ခွင့်ပေးသောကြောင့် ဖြစ်ပါသည်။ နှုတ်ကပတ်တော်မှာ မည်မျှအပြစ်ကင်းစင်နေပြီး ၎င်း(သဘာဝ)မှာမည်သို့လှုပ်ရှားသည်ကို ကြည့်ပါ။

81 ၈၁။ ရှင်ပြန်ထမြောက်ခြင်းကိုကျွန်တော်တို့သက်သေပြသကဲ့သို့ပင်ဖြစ်ပါသည်။ နေထွက်ခြင်း၊ နေဝင်ခြင်းတို့ဖြစ်၍ထပ်မံ၍ ထွက်လာပြန်ပါသည်။

အရွက်မှာ သစ်ပင်မှပေါ်ထွက်လာပါသည်။အစေးမှတဆင့်အမြစ်ထဲ သို့ရောက်သွားပါသည်။ ၎င်းနောက် ပြန်လာပါသည်။ အရွက်မှာ၎င်းနှင့်အတူ ပြန်၍ ထွက်ပေါ်လာပြန်ပါသည်။ မြေကြီးပေါ်သို့ကျသည်။ သစ်ပင်၏အသက်မှာပြန်၍စုပ်ယူခြင်း ခံရပါသည်။ ကယ်စီယမ်နှင့်ပိုတက်ရှ်တို့ ကတစ်ဖန် ပြန်လည်၍နောက်ထပ်အရွက်တစ်ခု ထပ်မံ၍ထွက်ပေါ်လာပြန်ပါသည်။

သဘာဝအားလုံးနှင့်အရာခပ်သိမ်းမှာ၎င်းနှင့်အတူလှုပ်ရှားလျှက်ရှိပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အတူလှုပ်ရှားခြင်းပင် ဖြစ်ပါသည်။ ဤအသင်းတော်ကာလများတွင် အတိအကျပင်အပြစ်ကင်းစင်လျှက်ရှိပါ သည်။ ထိုအကြောင်း ကြောင့်သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်လာပြီး ဤအရာများကို ဆွဲငင်ခြင်းပင်ဖြစ်ပါသည်။သူ့တွင်ရှိသောနည်းလမ်း အားဖြင့် ကျွန်ုပ်တို့အထဲမှ ထွက်ပေါ်လာစေပါသည်။ ၎င်းအရာမှာအမှန်တစ်ကယ်အတိ အကျပင် ဖြစ်ပေါ်လာခြင်း ပင်ဖြစ်ပါသည်။

82 ၈၂။ အခွံထဲတွင်ရှိသောအသက်ကိုသတိပြု၍ကြည့်ပါ။ ရိုးတံထဲတွင်၊ ပန်းပွားထဲ တွင်၊ အခွံထဲတွင်အားလုံးမှာမျိုးစေ့ထဲတွင် စုဝေးလျှက်ရှိပါသည်။ ရိုးတံထဲတွင် ရှိသောအသက်မှာတစ်ခုမှနေ၍တစ်ခု ဖြစ်ပေါ်လာပါသည်။ ဖြောင့်မတ်ခြင်း အားဖြင့် သန့်ရှင်းစေပါသည်။ သန့်ရှင်းစေခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ် တော်ဗတ္တိဇံအတွက် လမ်းဖြစ်စေပါသည်။သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံက သန့်ရှင်းသောဝိညာဉ်တော်အတွက် လမ်းဖြစ်စေပါသည်။အပြစ်ကင်းစင်စေ ခြင်းမှတဖန်ပြန်လည်၍ နှုတ်ကပတ်တော်သို့ရောက်စေပါသည်။ မိမိကိုယ်ကိုဖော်ပြလျှက်ရှိပါသည်။

သို့သော်လည်း အုပ်စိုးနေသောအရာကသေဆုံးသွားပါက လူသာ၏အသက် တာတွင်တွေ့ရသောအသက်မျိုးပင် ဖြစ်ပါသည်။ ဝက်စလီဖြစ်လာစေပါသည်။ ဝက်စလီမှတဆင့် ပင်တေကုတ္တေ ပင်တေကုတ္တေ မှတဆင့်မူရင်းမျိုးစေ့ကို ပြုလုပ်ခြင်းဖြစ်ပါသည်။ ပင်တေကုတ္တေ မှစ၍ဝက်စလီထွက်ပေါ်လာပါသည်။ ထိုအချိန်ကာလအထိပင် ဖြစ်ပါသည်။ ဝက်စလီမှ ပင်တေကုတ္တေထွက်ပေါ်လာ ရခြင်းအကြောင်းမှာ ဂိုဏ်းဂဏမဟုတ်သောကြောင့်ပင်ဖြစ်ပါသည်။ ပင်တေကုတ္တေသြဇာလွှမ်းသွားပါသည်။ (၎င်းနောက် ဘာဖြစ်လာပါသလဲ?)အခွံအဖြစ် ပြောင်းလဲသွားပါသည်။ တစ်ကယ်စစ်မှန်သော အရာကဲ့သို့ဖြစ်သွားပါသည်။

83 ၈၃။ မည်သူပင်ဖြစ်ပါစေ။ မျိုးစေ့ကိုဘယ်နှစ်ယောက်တွေ့ခဲ့ပါသနည်း?ဂျုံမျိုး စေ့စတင်၍ ပေါက်ပွားလာပါသလား? ပထမဆုံးအရာကလေးမှာ အဘယ်သို့ သောအရာဖြစ်ပါသနည်း? မျိုးစေ့ကဲ့သို့ပင် အတိအကျဖြစ်ပါသည်။ သို့သော် လည်းအခွံပင်ဖြစ်ပါသည်။

အဆင့်(၃)ဆင့်ကိုတွေ့ပါသလား? ရိုးတံ၊ ပန်းပွား(သို့)ဝတ်မှုန် ၎င်းင်းနောက်အခွံပင်ဖြစ်ပါသည်။ အခွံထဲမှနေ၍ မူရင်းအစေ့ထွက်ပေါ်လာပါသည်။မျိုးစေ့သက်သက်မဟုတ်ပါ။ မျိုးစေ့၏အသက်ပင် ဖြစ်ပါသည်။ ဤအရာအား ဖြင့် ကြီးထွားလာ၍ မျိုးစေ့ထဲသို့ရောက်လာပါသည်။အာမင်၊ အာမင်၊ သင်တွေ့ မြင်ပါသလား?အဘယ်အရာဖြစ်ပါသနည်း? ရှင်ပြန်ထမြောက်ခြင်းဖြစ်၍လက်ရာတော်သို့ တဖန်ပြန်လာခြင်းပင်ဖြစ်ပါသည်။ ဝင်သွားသောကိုယ်တော်ရှင်ကဲ့သို့ပင်ဖြစ်ပါသည်။

ပင်တေကုတ္တေသည်ဝက်စလီမှထွက်ပေါ်လာပါသည်။ အကြောင်းမှာ ဝက်စလီသည်အဖွဲ့အစည်းဖြစ်သောကြောင့်ဖြစ်ပါသည်။

ပင်တေကုတ္တေ သည်အဖွဲ့ အစည်းအဖြစ် ထွက်ပေါ်လာခြင်းမဟုတ်ပါ။ သို့သော်လည်းပြောင်းသွားပါ သည်။ အခွံဖြစ်စေရန် ပြောင်းရပါမည်။ စစ်မှန်သောနှုတ်ကပတ်တော်အသက်တာမှာ မူရင်းမျိုးစေ့ပြန်ဖြစ်ရန် ဤအဆင့်များအား ကျော်ဖြတ်သွားရပါသည်။ ရိုးတံမှတဆင့်ဝတ်မှုန်ထဲသို့ရောက်သည်။ ဝတ်မှုန်ထဲမှတဆင့်အခွံဖြစ် လာပါသည်။ ထိုအခွံမှတ ဆင့်အစေ့ဖြစ်လာပါသည်။

84 ၈၄။ ရိုးတံ၊ ပန်းပွား၊ အခွံဘာတစ်ခုမှအသက်ရှင်သောအရာကို (သူတို့၏အစော ပိုင်း နိုးထမှုတွင်)မဖြစ်ပေါ်စေပါ။၎င်းင်းအရာမှာ မျိုးစေ့အသက်တာ၏ အစော ပိုင်းအရာကို ထိန်းသိမ်းသူဖြစ်ပါသည်။သူတို့သည် ဖွဲ့စည်းပြီးဖြစ်သောအခါ အသက်ထွက်ပေါ်လာပါသည်။ သမိုင်းအားဖြင့်သက်သေပြလျှက်ရှိပါသည်။ အဖွဲ့အစည်းပြီးနောက်ပိုင်း ဘယ်အဖွဲ့အစည်းမှဘာမှမလုပ်ဖြစ်ပါ။ အသေဖြစ် နေပါသည်။

ကြည့်ပါ။ အသက်မှာဖြတ်သန်းသွားလျှက်ရှိပါသည်။ လှုပ်ရှားနေပါသည်။

သူတို့ဘာလုပ်သည်ကို သတိပြုမိပါသည်။ ဖြစ်ပျက်ခဲ့သမျှအရာအားလုံးကိုသမိုင်းကအထောက်အထားပြလျှက်ရှိပါသည်။ အသင်းတော်ဖြတ်သန်းလာ သော ကာလတလျှောက်အတွက်ဖြစ်ပါသည်။ ကိုယ်တော်အတွက် ဘယ်သော အခါမှ ပြန်လည်၍တဖန် အသုံးမဝင်တော့ပါ။အဖွဲ့အစည်းကို ဘေးဖယ်ထားပါ သည်။ သမိုင်းတလျှောက်လုံး အသင်းတော် ဖွဲ့စည်းပြီးနောက်အသေဖြစ်ရသည် မရှိပါ။ အဖွဲ့အစည်းသေဆုံးပြီးနောက် တဖန်ပြန်လည်၍ရှင်သန်မှုမရှိတော့ပါ။ သင်သဘောပေါက်ပါရဲ့လား ?မျက်စိကွယ်လျှက်ရှိကြသူများ မျက်စိဖွင့်၍ကြည့်ပါ။ သဘာဝနှင့်နှုတ်ကပတ်တော်မှာတစ်ခုနှင့်တစ်ခုဆက်စပ်လျှက်ရှိနေကြ ပါသည်။ သမ္မာတရားဖြစ်ကြောင်းသက်သေပြလျှက်ရှိပါသည်။ထိုအသက်မှာ ရိုးတံကိုစွန့်ပစ်၍ ပန်းပွားဖြစ်လာပါသည်။ ပန်းပွားမှတဆင့် အခွံဖြစ်လာပါသည်။ အခွံမှတဆင့်မူရင်း တဖန်ပြန်လည်ဖြစ်ပေါ်လာပါသည်။ ကိုယ်တော်ရှင် အတွက်ဘယ်သောအခါမှ တဖန်ပြန်လည်၍ အသုံးမဝင်တော့ပါ။

85 ၈၅။ ဤဘဝတွင် မည်မျှသတိပြုဘွယ်ရာဖြစ်ပါသနည်း ? သစ်ပင်ထဲတွင်ထက်ဂျုံထဲတွင် ဖြတ်သန်းသွားရသော ခရီးစဉ်ဖြစ်ပါသည်။ ဘုရားသခင်က သူ၏လူများကိုသစ်ပင်ကဲ့သို့ ခေါ်ပါသည်။ အသက်မှာစီးဆင်းသွားပြီး သစ်ပင်ထဲမှာ ကဲ့သို့ဖြစ်ပြီးပြန်တက်လာပါသည်။ ဆင်းသွားပြီး ပြန်တက်လာပါသည်။ ဆင်းသွားပြီး ပြန်တက်လာသည်ကိုကြည့်ပါ။သို့သော်လည်း ဂျုံနှံတွင်မူ မူရင်းရိုးတံမှတက်သွားပြီး ရိုးတံတလျှောက်ပန်းပွားနှင့်အခွံထဲသို့ရောက်သွားပါသည်။ ၎င်းင်းဖြတ်သွားရသောအရာမှာသေဆုံးသွားပါသည်။ ထို့ကြောင့်တဖန် ၎င်းအထဲသို့ ပြန်မလာနိုင်တော့ပါ။ ၎င်းသည်အဘယ်အရာဖြစ်ပါသနည်း ? ဘယ်လိုနည်းနှင့်မှ အသုံးမဝင်တော့ပါ။ ၎င်းင်း၏ပြည့်စုံခြင်းသို့ရောက်သွားပါပြီ။

အာမင် ကိုယ်တော်ရှင်သည်အဖွဲ့အစည်းကိုဘယ်သောအခါမှ အသုံး မပြုကြောင်း သဘောပေါက်ပါပြီလား ? ၎င်းအထဲတွင် ကိုယ်တော်ရှင်ပြန်ဝင်၍မရသောကြောင့် ဖြစ်ပါသည်။ ၎င်းင်းသည်သေနေသောကြောင့်ဖြစ်ပါသည်။ သို့သော်လည်းအသက်ကတစ်ခုမှအခြားတစ်ခုသို့ ဖြတ်သွားပါသည်။ သူတို့သည်ယုံကြည်ချက်များထိုးသွင်းပါသည်။ ‘နှုတ်ကပတ်တော်ကိုအက္ခရာတစ်လုံး ပေါင်းထည့်ခြင်း၊ ထုတ်ယူခြင်းပြုသူ မည်သူမဆို’ ပယ်ရှင်းခြင်းကို ခံရပါမည်။အသက်ရှင်သောမျိုးစေ့ ဖြတ်သန်းသွားခြင်း ပင်ဖြစ်ပါသည်။

86 ၈၆။ ယခု ပုံဥပမာတွင် ကျွန်တော်ကအသုံးပြုနေခြင်းပင်ဖြစ်ပါသည်။ သတို့သမီး ပုံဥပမာပင်ဖြစ်ပါသည်။ ရောက်လာမည့်လက်ရာတော်ပင်ဖြစ်ပါသည်။ လက် ရာတော်ကျလာသောအခါ လက်ရာတော်အသစ်တစ်ခုထပ်မံပေါ်ပေါက်လာပါ သည်။ လက်ရာတော်သည် ရောမမြို့နိုစိန်ကောင်စီတွင် ကျဆုံးခဲ့ပါပြီ။ရောမ မြို့ရှိနိုစိန်ကောင်စီတွင် သူမသည်အဆင့်ဆင့်ရောက် လာပါသည်။ သို့သော် လည်းသူမသည်လက်ရာတော်သို့ ပြန်ရောက်လာပြီး အပြစ်ကင်းစင်လျှက်ရှိ ပါသည်။ အကြောင်းမှာသူမသည်ကိုယ်တော်ရှင်အားဖြင့် နှုတ်မြွက်တော်မူ သောနှုတ်ကပတ်တော်တစိတ်တဒေသဖြစ်သောကြောင့် ဖြစ်ပါသည်။ သူ့ထံတွင် ‘အပြစ်အနာအဆာကင်းစင်သော အသင်းတော်’ ရှိပါသည်။ မည်သို့သောဂိုဏ်းဂဏ(သို့)အဖွဲ့အစည်းနှင့်မဆို ဆက်စပ်မှုရှိမည်မဟုတ်ပါ။ ထိုအရာများမှာကျိန်ခြင်းခံရသောအရာများ ဖြစ်ပါသည်။ ထိုအရာများကို ဖြတ်သန်း သွားရခြင်း ဖြစ်ပါသည်။ထိုနေရာတွင် ဘယ်သောအခါမှ ရှိမည်မဟုတ်ပါ။

87 ၈၇။ အစေ့သည်ပေါ်ထွက်လာပါသည်။ထိုအသက်မှာပေါ်ထွက်လာပါသည်။ ပြန်ကျမသွားတော့ပါ။ ဤအရာပြီးနောက်ရှင်ပြန်ထမြောက်ခြင်းမရှိတော့ပါ။ အသက်မှာပေါ်ထွက်လာပြီး ပြည့်စုံခြင်းသို့ ရောက်သွားပါသည်။ ရှင်ပြန်ထမြောက်ခြင်းပင် ဖြစ်ပါသည်။

အခွံကမူရင်းမျိုးစေ့ကိုမိမိဖာသာထွက်ပေါ်လာစေခြင်းပင် ဖြစ်ပါသည်။ (ဗျာဒိတ်အခန်းကြီး ၃)တွင်ကျွန်တော်တို့ ဤအရာကို တွေ့ရပါသည်။

သမ္မာကျမ်းစာထဲတွင်အသင်းတော်ခေတ်ကာလ(၇)ပါးစလုံးတွင် မည့်သည့် အသင်းတော်ထဲမှကိုယ်တော်ရှင်အားပြင်ပသို့ ထုတ်ထားခြင်းမရှိပါ။ ဘယ်နှစ်ယောက်သတိရပါသလဲ ? အသင်းတော်ခေတ်ကာလကို သူကဖြတ်ကျော်သွားရပါသည်။ တစ်စုံတစ်ခုဖြစ်ပေါ်လာစေရန်အတွက်ပင် ဖြစ်ပါသည်။ သို့သော်လည်း ၎င်းအရာပင်ဖြစ်ပါသည်။ အခြားဘာတစ်ခုမှ မရှိပါ။ ပန်းပုဆရာကြီး မှာ ၎င်း၏အပြစ်ကင်းစင်ခြင်းသို့တဖန်ပြန်လည်၍ ရောက်သွားပါသည်။ နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ပြန်၍မသွားပါနှင့်။မည်မျှကွာခြားပါသ နည်း ?

88 ၈၈။ အခွံမှာပေါ်ထွက်လာသောအခါ မျိုးစေ့နှင့်တူပါသည်။မျိုးစေ့အသက်တာသည် ခွံကိုစွန့်ခွာသွားသောအခါ မျိုးစေ့ကိုဖြစ် ပေါ်စေပါသည်။ (သတို့သမီး) အခွံမှာပွင့်ထွက်လာပြီး မျိုးစေ့ကိုအပြင်သို့ဖယ်ထုတ်လိုက်သကဲ့သို့ဖြစ်ပါသည်။ မှန်ပါသလား ? သဘာဝကျပါသည်။ သူမ၏လုပ်ဆောင်မှုအတိအကျပင် ဖြစ်ပါသည်။

ဗျာဒိတ်(၃)တွင် ကျွန်တော်တို့လောဒိကိအသင်းတော်ခေတ်ကာလတွင် ကိုယ်တော်ရှင်ကို ဖယ်ထုတ်ထားကြောင်း တွေ့ရပါသည်။ အခြားသောအသင်းတော် ကာလများတွင် ထိုကဲ့သို့ပြုလုပ်ထားခြင်းမရှိပါ။ကျော်ဖြတ်သွားပြီး အခြားတစ် နေရာသို့ ရောက်သွားပါသည်။ ဘယ်ဂိုဏ်းဂဏမှရောက်လာခြင်းမရှိကြောင်း ကျွန်တော်ပြောပြခဲ့ပြီး ဖြစ်ပါသည်။ကျွန်တော် တို့သည်နောက်ဆုံးသောအချိန် သို့ ရောက်နေပါပြီ။ ကိုယ်တော်ကိုပြင်ပသို့ထုတ်ထားခြင်းဖြစ်ပါသည်။ အကြောင်းမှာ (အဘယ်သို့နည်း?) ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော်ဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် အောက်သို့ ကျသောအရာကဲ့ သို့ဖြစ်ပါသည်။ အစကတည်းကပေါ်ထွက်လာသောအလားတူသြဝါဒပင်ဖြစ် ပါသည်။

နှုတ်ကပတ်တော်မျိုးစေ့သည်စတင်၍ကြီးထွားလာသောအခါ အခွံမှာမိမိ ကိုယ်ကို ပိုမို၍ပေါ်ထွက်လာစေပါသည်။ အသက်ရှိသောအရွက်များအားလုံး ၎င်း၏နောက်သို့ လိုက်၍ပေါ်ထွက်လာပါသည်။ ထိုသူတို့မှာစစ်မှန်သောယုံကြည် သူများဖြစ်၍ ၎င်းတို့သည် အသက်ရှင်သောကိုယ်တော် မည်သည့်နေရာသို့သွားသွားနောက်မှ လိုက်ပါလာကြပါသည်။

89 ၈၉။ ဣသရေလနိုင်ငံမှာကဲ့သို့ဖြစ်ပါသည်။အပြစ်ကင်းစင်သောပုံစံမျိုး ဖြစ်ပါသည်။ ကျွန်တော်အတွက် အချိန်အ နည်းငယ်သာကျန်ပါတော့သည်။ အချိန်ရပါက ဆက်၍ပြောလိုပါသည်။
အစအဦးပိုင်းအပြစ်ကင်းစင်သောပုံစံတွင်မီးတိုင်သွားသည့်နေရာတိုင်းတွင် အသက်ရှင်ခြင်းတရားရှိပါသည်။ ဘုရားသခင်သည်ထိုအလင်းပင်ဖြစ်ပါသည်။ ညဥ့်နက် သန်းခေါင်ပင်ဖြစ်ပါစေ။ ကျွန် တော်ဂရုမစိုက်ပါ။အကောင်းဆုံးရွေးချယ်ထားသောနေရာ ဟုတ်မဟုတ်ကို လည်းဂရုမစိုက်ပါ။မီးတိုင်ရွေ့လျားသွားသောအခါ တံပိုးမှုတ်သံကြားရ၍ ဣသရေလမှာလည်း၎င်းနှင့်အတူရွေ့လျားရပါသည်။

ဟာလေလုယာ တံပိုးမှုတ်သံကြားရသောအခါမာတင်လူသာက ၎င်း နှင့်အတူ ရွေ့လျားသွားပါသည်။ သူ့အဖွဲ့အစည်း ဖွဲ့စည်းပါသည်။ သူ့ဖာသာသူဖွဲ့ စည်းခြင်းမဟုတ်ပါ။ သူ့နောက်လိုက်များက ဖွဲ့စည်းခြင်းဖြစ်ပါသည်။ဘုရားသခင်က အသက်ကို၎င်း၏ထဲမှ ထုတ်ယူလိုက်သည်။ ၎င်း၏နောက် သင်္ချိုင်းဂူပေါ်တွင် ချထားလိုက်ပါသည်။

၎င်းနောက် ဝက်စလီထွက်ပေါ်လာပါသည်။ထိုအဖွဲ့အစည်းကြီးကို သူကတွေ့မြင်ပြီး သန့်ရှင်းခြင်းတံပိုးကိုမှုတ်၍ နှုတ်ကပတ်တော်နှင့်ပို၍နီးစပ်မှု ဖြစ်လာပါသည်။ သူထိုသို့ပြုလုပ်ခဲ့သောအခါ သူတို့လည်းလူသာထဲမှထွက်လာကြပြီး မက်သဒစ်ထဲသို့ ရောက်သွားကြပါသည်။

ပင်တေကုတ္တေများက တွေ့ရသောအခါသူတို့ကတံပိုးကိုမှုတ်ကြပါသည်။ ဆုကျေးဇူးများကို ပြန်လည်ပေးအပ်ရမည့်အချိန်ပင်ဖြစ်ပါသည်။ သူတို့ဘာ လုပ်ကြသည်ကို တွေ့ပါသလား? သူတို့ကတံပိုးကိုမှုတ်၍ သူတို့ထွက်လာကြပါသည်။ ၎င်းနောက်သူတို့အဖွဲ့အစည်းဖွဲ့စည်းပါသည်။ အခွံ၏နောက်ပိုင်းတွင်ကျွန်တော်တို့သိသောအဆင့်(၃)ဆင့်ရှိပါသည်။ မျိုးစေ့သာလျှင် ကျန်၍ ဘာမှမကျန်တော့ပါ။အိုဘုရားသခင် ၎င်းနောက်မျိုးစေ့မှာ အားလုံးထဲမှနုတ်ပယ်ခြင်း ခံရပါသည်။ အာမင်နှင့်အာမင် မျိုးစေ့စကားလုံးများမိမိဖာသာ စတင်၍ဖြစ် ပေါ်လာပါသည်။ အသက်မှာဖော်ထုတ်ခြင်းခံရပါသည်။ သတို့သားမှာ အစ တွင်ပထမဆုံး၊ သတို့သား...သတို့သမီးမှာ ထွက်ပေါ်လာခြင်းပင် ဖြစ်သည်။

90 ၉၀။ အသင်းတော်မှာ ပင်တေကုတ္တေတွင်စတင်ခြင်းဖြစ်ပါသည်။ နိစိန်တွင်ကျဆုံး ခြင်းပင် ဖြစ်ပါသည်။ ပေါ်ထွက် လာပါသည်။ စစ်မှန်သောမျိုးစေ့ကဲ့သို့ မဟုတ်ပါ။ ၎င်းအရာမှာ အသက်ရှိနေခြင်းပင် ဖြစ်ပါသည်။သို့သော်လည်း အဖွဲ့အ စည်းဖြစ်ပေါ်လာရန် ပေါ်ထွက်လာရပါသည်။ ထိုအဖွဲ့အစည်းအားဖြင့်ကိုယ်တော်ရှင်က ဝင်ရောက်လာပါသည်။ ၎င်းနောက် ဘာလုပ်ပါသနည်း? ထိုအဖွဲ့အစည်းမှအခြားအဖွဲ့အစည်းတစ်ခုသို့ ရောက်သွားပါသည်။ နှုတ်ကပတ်တော်၏အခြားအဆင့်တစ်ခုသို့ရောက်သွားပါသည်။ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ဝိညာဉ်တော်ဗတ္တိဇံ စသည်တို့ဖြစ်ပါသည်။ ထိုရိုးတံအားဖြင့် သွားရမည်ဆိုလျှင်အဆင့်ဆင့်ကျော်ဖြတ်သွားပြီးထပ်မံ၍ ရရှိလာဦးမည်ဖြစ်ပါ သည်။

ဝတ်မှုန်ကလေးမှာအနည်းငယ်၊ပန်းပွားကလေးမှာအနည်းငယ် တို့သည် ရိုးတံအစေ့နှင့် ပို၍တူညီမှုရှိပါသည်။အခွံမှာပန်းပွားထက် မျိုးစေ့နှင့် ပို၍တူညီ မှုရှိပါသည်။ သို့သော်လည်းမျိုးစေ့မှာထိုထက်ပို၍ သာပါသည်။ သယ်ယူပို့ ဆောင်ရေးအတွက် အသုံးပြုခြင်းဖြစ်ပါသည်။ ၎င်း၏ကိုယ်ကို၎င်း၏အားဖြင့် ဖြတ် သန်းသွားရခြင်းပင် ဖြစ်ပါသည်။

91 ၉၁။ သတို့သမီးကို သတိပြုပါ။သတို့သမီးသည် အစအဦး၌နှုတ်ကပတ်တော်(သို့) သတို့သားရှိပါသည်။သတို့သမီးကိုသတို့သားထံမှ ယူဆောင်သွားသည့်အခါ နှုတ်ကပတ်တော်သာလျှင် ဖြစ်ရပါမည်။သတို့သမီးဖြစ်ရမည့်သူကို သတိပြုပါ။

သတို့သားမှာ ရှင်းလင်းစွာဖော်ပြထားပြီးဖြစ်သောနှုတ်ကပတ်တော် အဘယ်ကြောင့် ဖြစ်ရပါသနည်း? သတို့သားနှင့် သတို့သမီးမှာ တလုံးတဝတည်းဖြစ်သောကြောင့်ဖြစ်ပါသည်။ သူမသည် သူ၏ချိုးဖဲ့ထားပြီးသော အစိတ်အပိုင်း ဖြစ်ပါသည်။ထိုနေရာမှာ လက်ရာတော်ရှိပါသည်။ ချိုးဖဲ့ထားပြီးသားဖြစ်ပါသည်။

မိုက်ကယ်အန်ဂျလိုက တဖန်ထပ်မံ၍မဖော်ထုတ်နိုင်တော့ပါ။ ပြန်ထား၍မ ရတော့ပါ။

သို့သော်လည်းဘုရားသခင်ကလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။ သူသည် ဤသတို့သမီးကလေးကိုခေါ်လာပါသည်။ ချိုးဖဲ့ခြင်းခံရပါသည်။ မူရင်းစကားလုံး၏ဘေးဖက်သို့ပြန်၍ ရောက်သွားပါသည်။ထိုနေရာတွင် ကိုယ်တော်ရှင်ရှိပါသည်။ လက်ရာတော်ရှိပါသည်။ မိသားစုအလိုက် ဧဒင်ဥယျာဉ်ကြီးထဲသို့ ပြန်ရောက်သွားပါသည်။

92 ၉၂။ ဤသတို့သမီးသည်မည်သို့ဤအရာကိုပြုလုပ်ပါမည်နည်း?မာလခိ(၄)တွင် နောက်ဆုံးသောကာလတွင် ပြန်လည်၍ သင့်မြတ်စေမည်။ (မည်သို့နည်း?)အ စအဦးမှာကဲ့သို့ပြန်လည်၍သင့်မြတ်စေပါမည်။ ပြန်ယူပါ။သြ ကိုယ်တော်ရှင်က ‘ငါပြန်လည်၍ သင့်မြတ်စေမည်။’

ဟုဆိုထားပါသည်။ နှစ်ပေါင်းများစွာကြာ လာသည့်အခါ ပိုးစား၊ချစားကုန်ပါသည်။ ‘ငါပြန်လည်၍သင့်မြတ်စေမည်’ ဟုဆိုထားပါသည်။ မာလခိ(၄)တွင်ဆိုထားပါသည်။ ‘သားတို့နှင့်အဘတို့ကိုငင်းငင်းအဘတို့နှင့်သားတို့ကိုငင်း၊ အသင့်အတင့်ဖြစ်စေမည်ဟု မိန့်တော်မူ၏။’ ကျွန်တော်တို့မျက်မြင်ထင်ရှားရှေ့တွင်တွေ့မြင်နေ ရပါသည်။ အသင်းတော်ဖြစ်သည်။ ကျွန်တော်တို့ မည်သည့်နေရာတွင်ရောက်နေပါသနည်း?

93 ၉၃။ မိနစ်အနည်းငယ်အတွင်းအဆုံးသတ်ပါတော့မည်။ ယခုပင်ဖြစ်ပျက်ခဲ့ သောအကြောင်းအရာ အစစ်အမှန်တစ်ခုကိုသင်တို့အားကျွန်တော်သတိပြုမိ စေလိုပါသည်။

မာလခိ(၄)မှာ မူရင်းသို့ပြန်လည်၍ဆောင်ယူရန်ပင်ဖြစ်ပါသည်။

သူမကိုအသင်းတော်မှ ဖဲ့ထုတ်လိုက်ပါသည်။အသင်းတော်တည်းဟူသော ကိုယ်ခန္ဓာမှ ဖဲ့ထုတ်လိုက်ခြင်းဖြစ်သည်။ တစ်ခုတည်းသောရည်ရွယ်ချက်ဖြင့် သခင်ထံမှ ဖဲ့ထုတ်ခံရခြင်း ဖြစ်ပါသည်။ သူမသည်နှုတ်ကပတ်တော်ဖြစ်ပါသည်။ သူသည် နှုတ်ကပတ်တော်ဖြစ်သဖြင့် ညီအစ်များထံမှဖဲ့ထုတ်ခံရခြင်းကဲ့သို့ပင် ဖြစ်ပါသည်။ သခင်ယေရှုသည်လည်း နှုတ်ကပတ်တော်ဖြစ်သဖြင့်သူ့ညီအစ်ကိုများထံမှ ဖဲ့ထုတ်ခြင်းခံရပါသည်။ အသင်းတော်မှာ ဖဲ့ထုတ်ခြင်းခံရပါသည်။သတို့သမီးသည် အသင်းတော်မှာ ဖဲ့ထုတ်ခံရပါသည်။ သူမသည်နှုတ်ကပတ်တော်ဖြစ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ အဆင့်ဆင့်ဖြစ်သည်။ တစ်၊ နှစ်၊သုံး စသည်ဖြင့် ဖြစ်ပါသည်။

94 ၉၄။ နှုတ်ကပတ်တော်၊အသက်ရှင်လျှက်လှုပ်ရှားမှုရှိပါသည်။ သမ္မာကျမ်းစာသတို့ သမီးဖြစ်ပါသည်။ လူလုပ်သောသတို့သမီးမဟုတ်ပါ။ သမ္မာကျမ်းစာသတို့သမီး ဖြစ်ပါသည်။ ထိုးနှက်ခြင်းခံရ၍နှိပ်စက်ခြင်းအမျိုးမျိုးကို ခံရပါသည်။ ‘’သူမကိုနှစ်သက်လောက်သည့်အလှအပမရှိပါ။ သို့သော်သူမအား ထိုးနှက်၍နှိပ်စက် ခြင်းခံရကြောင်းကျွန်တော်တို့တွေ့ရပါသည်။‘’ မှန်ပါသည်။သူမသည်တစ်ဦး တည်းရပ်နေပါသည်။ ဂိုဏ်းဂဏများအားလုံးမှ သူမသည်ထိုးနှက်ခြင်းခံရပါ သည်။ဗျာဒိတ်(၃)အရ ဖြစ်ပါသည်။ လောဒိကိအသင်းတော်ခေတ်ကာလမှ သူမသည်ရိုက်နှက်ထုတ်ယူခြင်းခံရပါသည်။ သူမသည် ပြန်လည်ရှင်သန်ခွင့်ရ ပါသည်။ ဤဘုရားကျောင်းမှာလောဒိကိအသင်းတော်ခေတ်တွင် ချီးမြှောက် ခြင်းခံရပါသည်။ အခွံဖြစ် ပါသည်။

သင်ကဲ့သို့သော ပင်တေကုတ္တေလူသားကဤအရာကိုမဖြစ်နိုင်ပေဘူးလား? အခြားအခွံကခြောက်သွေ့၍ကျွတ်ကျသွားပါက ဘာဖြစ်မည်နည်း?အခြား (အညှာ)တစ်ခုသည် သေဆုံးရမည်ဆိုပါက ပန်းပွားမှာလည်းခြောက်သွေ့သွားရမည်ဆိုပါက အခွံသည်ခြောက်သွေ့သွားရပါမည်။ အဖွဲ့အစည်းများ၏အဆင့် (၃)ဆင့်ပင်ဖြစ်ပါသည်။

သင်ကပြောဆိုသည်မှာ ပန်းပွားများစွာချိတ်ဆွဲလျှက်ရှိပါသည်။ ဤအရာ များစွာရှိပါသည်။ မက်သဒစ်များ၊ နှစ်ခြင်းများ၊ ပရက်စ်ဘီတေးရီယန်းများ၊ လူသာရင်၊ ခရစ်တော်၏အသင်းတော်၊အခြားသောအရာအသေးအဖွဲ့ကလေးများငင်း အရာပေါ်ကျရောက်ထားပါတော့သည်။ မူရင်းမှာပြန်လည်ပြုပြင် ရေးပင်ဖြစ်ပါသည်။

95 ၁၆၄။ သတို့သားအရံကဲ့သို့ပင်တစ်ဦးတည်းရပ်တည်ကာ လူသားတို့၏ငြင်းပယ်ခြင်း အသင်းတော်များ၏ငြင်းပယ်ခြင်းကိုခံရပါသည်။ သတို့သမီးမှာ ထိုနည်းအတိုင်းရပ်တည်ပါသည်။ ဘာဖြစ်ပါသနည်း? ငင်းမှာ သူ၏လက်ရာတော်ပင်ဖြစ် ပါသည်။နှုတ်ကပတ်တော်ဖြစ်၍ ကိုယ်တော်ရှင် ငင်းအားဖြင့် အလုပ်လုပ်သွား နိုင်ပါမည်။ဖော်ပြခြင်းခံရပါမည်။ ငြင်းဆိုခြင်းခံရပါမည်။

ထို့ကြောင့် ရိုးတံ၊ ပန်းပွား၊ အခွံ၊စသည်တို့သည် လုံးဝအစစ်ဖြစ်မလာတော့ပါ။ သို့သော်လည်း တချိန်လုံးအစစ်နှင့်ပို၍တူလာသည်ကိုတွေ့ရပါသည်။

ကောက်ရိတ်သိမ်းချိန်ရောက်သောအခါမျိုးစေ့မှာငင်းငင်း၏မူရင်း အသက်သို့ ပြန်သွားပါသည်။ သမ္မာကျမ်းစာသို့ပြန်သွားပါသည်။ မိက္ခာ(၄)က ထိုနည်း အတိုင်း ဖြစ်လာမည်ဟုဆိုထားပါသည်။ အားလုံးရှိရပါမည်။ဤနည်းအတိုင်း ဖြစ်ရပါမည်။ နှုတ်ကပတ်တော်အားလုံးရှိရပါမည်။ မှန်ပါသလား? (ပရိသတ် က ‘’အာမင်‘’ ဟုဆိုသည်။)

96 ၉၆။ ယခုသူဘာပြောပါသနည်း? ဗျာဒိတ်(၁၀)တွင် ဘာနေရာယူပါမည်နည်း? တူလ်စန် သို့ဘာကြောင့် ခရီးထွက်ရပါသနည်း? အသင်းတော်ကိုဖွင့်လှစ်ရန် ဖြစ်ပါသည်။ သတင်းစကား၏နေ့ရက်များတွင် သတ်္တမမြောက်ကောင်းကင်တမန်၊ သတ်္တမမြောက်သတင်းစကား၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားလုံး ကိုဖော်ပြရပါမည်။တံဆိပ်ခတ်နှိပ်ခြင်းမှာ ရိုးတံက ကျန်ခဲ့သောအရာအားလုံး ပင်ဖြစ်ပါသည်။ ဤအချိန်တွင်အားလုံးကိုဖော်ပြမည်ဖြစ်ပါသည်။

နှုတ်ကပတ်တော်က ဘာဆိုလိုကြောင်းသင်တို့သိပါသလား? (ပရိသတ်က ‘အာမင်’ဟုဆိုပါသည်။ အယ်ဒီတာ) ငင်းနောက် ကျွန်တော်တို့တွေ့မြင်ရပါသည်။ ကျွန်တော်တို့ဘယ်ရောက်နေပါသနည်း?တစ်ခုတည်းသာ ရှိပါသည်။ ကောက်ရိတ်သိမ်းချိန်သည် ဤနေရာတွင်ရှိနေပါသည်။ သူမသည်မှည့်ဝင်းနေပေပြီ။ ဒုတိယအကြိမ်ကြွလာတော်မူခြင်းအတွက်သူမသည်အ ဆင်သင့်ဖြစ်နေပါပြီ။

97 ၉၇။ ငင်းသည်ဘယ်သောအခါမှငင်းငင်းအရာဖြစ်မည်မဟုတ်ပါ။ ကောက်ရိတ်သိမ်း ချိန်တွင်မျိုးစေ့မှာ ငင်း၏မူရင်းအခြေအနေ မျိုးသို့ ပြန်ရောက်သွားပါသည်။ နှုတ်ကပတ်တော်အားလုံးရှိရပေမည်။ မျိုးစေ့ဖြစ်ရန်အတွက်ပင်ဖြစ်ပါသည်။ ကြီးထွားလာ မည်မဟုတ်ပါ။ မျိုးစေ့အပြည့်အဝဖြစ်ရပေမည်။ ‘’ကျွန်တော်သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံကို ယုံကြည်ပါသည်။ ဟာလေလုယာ အခြားသောဘာသာစကားပြောဆိုခြင်းကို ယုံကြည်ပါသည်။‘’ငင်းအရာမှာ မျိုးစေ့တ စိတ်တဒေသသာ ဖြစ်ပါသည်။ သို့သော်လည်းယခုအခါပေါင်းထည့်လိုက်ပြီ ဖြစ်ပါသည်။ ဟာလေလုယာ အသက်တာဖြစ်ပါသည်။ ဆုကျေးဇူးများမဟုတ်ပါ။ ဆုကျေးဇူးများ၏အသက်တာပင်ဖြစ်ပါသည်။ ကျွန်တော်ဘာကိုဆိုလိုပါ သနည်း? ကျွန်တော်တို့နောက်ဆုံး သောအချိန်ကိုရောက်နေပါပြီညီအစ်ကိုတို့။

ရိုးတံ၊ ပန်းပွား၊ အခွံအားလုံးတို့မှာယခုအခါခြောက်သွေ့သွားပြီ ဖြစ်ပါသည်။ တစ်ခုဘဲကျန်ပါတော့သည်။ အားလုံးစုရုံး၍ကမ္ဘာ့အသင်းတော်များကောင်စီ တွင် စုဝေးကြပြီးမီးလောင်ကျွမ်းသွားရန်သာရှိပါတော့သည်။

98 ၉၈။ နှုတ်ကပတ်တော်သည်လူ့ဇာတိကိုခံယူတော်မူ၍ (လုကာ ၁၇) မှာကဲ့သို့ ကိုယ်တော်ရှင်၏ဂတိတော်အတိုင်း ဖြစ်လာပါသည်။ ဗျာဒိတ်များပင်ဖြစ်ကြပါ သည်။

ရိုးတံ၊ ပန်းပွားနှင့်အခွံထဲတွင်ရှိသောစစ်မှန်သောအသက်တာအားလုံးမှာ ယခုအခါတွင် မျိုးစေ့ထဲတွင် စုဝေးကြပြီဖြစ်ပါသည်။ ရှင်ပြန်ထမြောက်ရန် အတွက်အဆင်သင့်ဖြစ်လျှက်ရှိကြပါသည်။ ကောက်ရိတ်သိမ်းရန်အတွက် အဆင်သင့်ဖြစ်လျှက်ရှိနေပါသည်။ အာလဖသည်ဩမေဃ ဖြစ်လျှက်ရှိပါသည်။ အာမင်။ ပထမဆုံးအရာ၌နောက်ဆုံးဖြစ်၍နောက်ဆုံးသည်ပထမဆုံးဖြစ်ရပါ သည်။ အထဲသို့ဝင်သွားသောမျိုးစေ့မှာအဆင့်ဆင့်ဖြတ်ကျော်လာလျှက် မျိုးစေ့တဖန် ပြန်လည်ဖြစ်ပေါ်လာပါသည်။

ဧဒင်ဥယျာဉ်ကြီးထဲတွင်ကျသွားသောမျိုးစေ့မှာ ထိုနေရာတွင်ပင်သေဆုံး သွားပြီးပြန်လာပါသည်။ ထိုနေရာတွင် သေဆုံးခဲ့သောအပြစ်ကင်းစင်သော မျိုးစေ့မှာ အနာအဆာကင်းမဲ့သော မျိုးစေ့ပြန်ဖြစ်လာပါသည်။ဒုတိယအာဒံ ပင် ဖြစ်ပါသည်။

99 ၉၉။ ပထမဆုံးဧဝမှာ ကျဆုံးခဲ့ရပါသည်။၎င်းနောက် ဒုတိယပြန်လည်ပြုပြင် ပြောင်းလဲရေးတွင် အသုံးပြုခြင်းခံရပါသည်။ ကလေးတစ်ဦးကိုမွေးဖွားခြင်းမှာ ယခုအခါတွင် စစ်မှန်သောသတို့သမီးပင် ဖြစ်ပါသည်။မျိုးစေ့မှာတဖန်ပြန် လည်၍မူရင်းနှုတ်ကပတ်တော်ပြန်ဖြစ်ပါသည်။

အာလဖနှင့်ဩမေဃမှာ တူညီမှုရှိပါသည်။ကိုယ်တော်ရှင်မိန့်တော်မူသည် မှာ 'ငါသည်အာလဖနှင့်ဩမေဃဖြစ်သည်။' ကြားအက္ခရာများ ဖြစ်သည်ဟု မဆိုလိုပါ။ 'ငါသည်အာလဖနှင့်ဩမေဃဖြစ်သည်။ ပထမဆုံးနှင့်နောက်ဆုံးဖြစ်သည်။' ဟုဆိုထားပါသည်။

ပထမဆုံးသာသနာနှင့်နောက်ဆုံးသောသာသနာမှာတူညီမှုရှိပါသည်။ ပထမဆုံးသတင်းစကားနှင့် (ဒုတိယ)နောက်ဆုံး သတင်းစကားမှာ အတူတူပင်ဖြစ်ပါသည်။ ''ကျွန်တော်သည်အာလဖတွင်ရှိသည်။ဩမေဃတွင်လည်းဖြစ်ပါ သည်။ '' '' နေ့၊ ညဟူ၍ခေါ်ဆို၍မရနိုင်သောနေ့ရောက်လာပေမည်။ ထိုနေ့ သည်ညနေအချိန်ဖြစ်၍အလင်းကိုတွေ့ရပါမည်။ ''အာလဖနှင့်ဩမေဃဖြစ် သည်ကိုကြည့်ပါ။ ပထမဆုံးနှင့်နောက်ဆုံးပင် ဖြစ်ပါသည်။ညီအစ်ကိုများ ကျွန်တော်တို့ နာရီပေါင်းများစွာ နေထိုင်ပါသည်။

100 ၁၀၀။ မိသားစုတစ်စု၏ကြီးမားလှသောလက်ရာတော်ကြီး၊ ဒုတိယအာဒံနှင့်ဒုတိယ ဧဝမှာယခုအခါတွင် ဥယျာဉ်တော်အ တွက်အဆင်သင့်ဖြစ်လျှက်ရှိပါသည်။ ဖိလေနိကာလပင်ဖြစ်ပါသည်။ အာမင်။ မြေကြီးပေါ်တွင်ပြန်ရောက်လျှက်ရှိ ပါပြီ။ဟာလေလုယာဩ ကြီးမြတ်တော်မူသော ပန်းပုဆရာကြီးက သူတို့အားထို နေရာတွင် မထားခဲ့ပါ။သူသည်အချိန်ယူပါသည်။ နှစ်ပေါင်းသန်းပေါင်းများစွာ ကြာပါပြီ။ထိုကြာခဲ့သောနှစ်များတလျှောက် ဖြစ်ပါသည်။ ပထမဆုံးအပြစ်မဲ့ စုံတွဲနှစ်ဦးကိုပုံသွင်းနေခြင်း ဖြစ်ပါသည်။ သူတို့ကျဆုံးခဲ့ခြင်းဖြစ်သည်။ ယခုအခါနှစ်ပေါင်းထောင်ပေါင်းများစွာ ကြာပြီဖြစ်ပါသည်။ ကိုယ်တော်ရှင်ကတဖန် ပြန်လည်၍ပြုပြင်ပုံသွင်းပါသည်။ ယခုအခါ သူတို့မှာအဆင်သင့်ဖြစ်နေပေပြီ။

လက်ရာတော်မှာရောက်လာ၍ထိုးနှက်ခြင်းခံရပါသည်။ သူ၏နံဘေးမှသူ့ အတွက် အထောက်အမ ရောက်လာပါသည်။ သူမကိုအလားတူအဆင့်ဆင့် ကြီးထွားလာစေရန်ပြုလုပ်ခြင်းခံရပါသည်။ ယခုအခါတွင်သူမပြန်ရောက်လာပြန်ပါပြီ။ သဘာဝ အားလုံး၊ သမ္မာကျမ်းစာ အားလုံးနှင့်အရာခပ်သိမ်းပါဝင်ပါသည်။ဤနေရာမှာ ကျွန်ုပ်တို့ရောက်နေ ကြောင်း ပြသခြင်းဖြစ်ပါ သည်။ နိုင်ငံများမှာပြိုကွဲလျှက်ရှိသည်။ ဣသရေလမှာ နိုးထလျှက်ရှိပါသည်။ သမ္မာကျမ်းစာကြိုတင်ဖေါ်ပြထားသော နိမိတ်လက္ခဏာများရှိပါသည်။ တပါးအမျိုးသားများ၏နေ့ရက်ကိုရေတွက်ပြီးသားဖြစ်သည်။ (ကျွန်တော်တို့ထဲတွင်ရှိသော အသုံးမကျသည့်အရာများကိုကြည့်ပါ။) စိတ်ပျက်စရာများများပြားလာ၍ ကွဲပြားသွားသောသူများ၊ ပြန်လာကြပါ။ မိမိတို့၏နေရာသို့ပြန်လာကြပါ။ မှန်ပါသည်။ သင်သွားမည်ဆိုလျှင် အထဲသို့အလျှင်အမြန် ပင်ရောက်နေရပေမည်။

101 ၁၀၁။မိသားစု၏ကြီးမားသောလက်ရာတော်အကြောင်းကို သတိပြုပါ။ ခင်ပွန်းနှင့် ဇနီးသည်မှာတလုံးတဝတည်းမဖြစ်လျှင် စစ်မှန်သောမိသားစုမဖြစ်နိုင်ပါ။ ဖြစ်ကိုဖြစ်ရပါမည်။မဖြစ်ပါက သူတို့သည်ကောင်းသောမိသားစုတစ်စု မဟုတ် တော့ပါ။ ဇနီးသည်မှာတလမ်းသွား၍ခင်ပွန်းသည်မှာလည်းနောက်တစ်လမ်း သွားနေပါသည်။ မိသားစုအတွက် တလုံးတဝတည်းမဖြစ်ပါ။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦးသဘောတူညီမှုရှိပါကတစ်ဦးနှင့်တစ်ဦးချစ်ခင်မှုရှိပါက မိသားစုဖြစ်ပါသည်။ ဘုရားသခင်၏လက်ရာတော်ပင်ဖြစ်ပါသည်။ စစ်မှန်သော မိသားစုတိုင်းက ဤနေရာမှာ သရုပ်ဖေါ်ပြလျှက်ရှိပါသည်။ဟုတ်ပါသလား?

၎င်းနောက်လက်ရာတော်မိသားစုတစ်ဖန်ပြန်လည်၍ ရောက်လာပြန် ပါသည်။ ခရစ်တော်မှာသူ၏သတို့သမီးဖြစ်၍လာရန် အဆင်သင့် ဖြစ်နေပါပြီ။ ဒုတိယအာဒံနှင့်ဒုတိယဧဝမှာသူတို့၏အိမ်သို့ပြန်လာရန်အဆင်သင့်ဖြစ်လျှက် ရှိပါပြီ။ သရုပ်ဖေါ်ပုံတစ်ခုလုံးမှာကယ်တင်ခြင်းပင်ဖြစ်ပါသည်။ ၎င်းင်းရှိခဲ့သည့် နေရာမှစ၍ ပြန်ယူလာပါ။ ပြန်စပါ။

102 ၁၀၂။ တနေ့က ခရစ်ယာန်စီးပွားရေးသမားများအကြားတွင်ဤနေရာတွင် ကျွန်တော်ရပ်နေပါသည်။ ခင်ဗျားတို့အတော်များ များမှာလည်း ထိုနေရာတွင်ရှိသည်။ လူသာရင်ဘုန်းကြီး(သို့)တရားဟောဆရာဟုထင်ရသူတစ်ဦးက ထိုနေရာမှာရပ်နေပြီးဟာသပြောပါသည်။ ကျွန်တော်တို့ယုံကြည်သည့်အရာကိုသူက ပြက်ယယ်ပြုခြင်းဖြစ်သည်။ပြည့်စုံသော သတင်း ကောင်းစီးပွားရေးသမားကထိုသူကိုလက်ခံပြီး ထိုအရာကို ပြောစေပါသည်။ သူကလည်းတရားဟောဆရာလည်ပတ်ကို ပတ် စည်းထားလျှက်ရှိပါသည်။ သူတို့အများစုမှာယခုထိုကဲ့သို့ပြုလုပ်လျှက်ရှိကြပါ သည်။ သူကပြောပါသည်။ 'လူများက ကျွန်တော်ဘာကြောင့် ကော်လာတပ်ထားရကြောင်း မေးပါသည်။ ကက်သလစ်ဘုန်းကြီးနှင့်မည်သို့ကွာခြားကြောင်းပြောနိုင်မည်လား? ကွာခြားမှုမရှိပါ။ကွာခြားမှုလည်း မရှိသင့်ပါ။' ဟုသူက

ပြောသည်။ ‘ ’ ကျွန်တော်တို့အားလုံးမှာဘုရားသားသမီးများ ဖြစ်ကြပါသည် ‘ ’ ဟုသူကဆိုသည်။
‘ ’ ကျွန်တော်သိသောကက်သလစ်ဘုန်းကြီးမှာနေရာတိုင်းတွင် ရှိပါသည် ‘ ’ ဟုကိုယ်တော်ကဆိုသည်။

103 ၁၀၃။ သင်သည်အရာခပ်သိမ်းကိုမသိမြင်နိုင်ပါက နေရာတိုင်းတွင် မရှိနိုင်ပါ။ ဘုရားသခင်သည် နေရာတိုင်းတွင်ရှိနေတော်မူသည်မကပါ။ အရာခပ်သိမ်းကို သိမြင်တော်မူပါသည်။ နေရာတိုင်းတွင်ရှိနေရန်အရာခပ်သိမ်းကို သိမြင်တော် မူခြင်းဖြစ်ပါသည်။ သူသည်အရာခပ်သိမ်းကိုသိမြင်တော်မူပါသည်။ သူသည် အသက်ရှင်သော လူသားတစ်ဦး ဖြစ်စေရန်အတွက် သူသည်တစ်ဦးတစ်ယောက်ထဲတွင်ရှိနေရပါသည်။ အရာခပ်သိမ်းကို သိမြင်တော်မူခြင်းအားဖြင့်သူသည်နေရာတိုင်းတွင် ရှိနေရပါမည်။ သူသည်အရာခပ်သိမ်းကို သိတော်မူ သဖြင့်ကမ္ဘာလောကကြီးမဖြစ်ပေါ်လာမှီ သူအားလုံးကိုသိတော်မူပါသည်။ လေးဘယ်နှစ်ကောင်၊ သန်းဘယ်နှစ်ကောင်၊ ဂျပိုးဘယ်နှစ်ကောင်ရှိသည်ကို သိတော်မူ၍ သူတို့မျက်စိများဘယ်နှစ်ခါထိမိသည်။ စသည်တို့သာမက ၎င်း၎င်းနှင့် ပတ်သက်သည့် အကြောင်းအရာအားလုံးကိုသိတော်မူပါသည်။ အကြောင်းမှာ သူသည်နေရာတိုင်းတွင် ရှိတော်မူသောကြောင့် ဖြစ်ပါသည်။ သင်သည်အရာ ခပ်သိမ်းကိုမသိမြင်နိုင်ပါ။ တိကျမှန်ကန်မှုမရှိဘဲ မသိမြင်နိုင်ပါ။အကန့်အ သတ်မဲ့သောအရာတစ်ခုတည်းသာ ရှိပါသည်။ ဘုရားသခင်ဖြစ်ပါသည်။အာမင်ဩ

104 ၁၀၄။ ၎င်းမှာ ဘာဖြစ်ပါသလဲ? ၎င်း၎င်းသည်နတ်ဆိုးဖြစ်ပါသည်။သူတို့အားသတ်ရန် အတွက်တိုက်ရိုက်ခေါ်ဆောင်သွားခြင်း ဖြစ်သည်။ သမ္မာကျမ်းစာဆိုသည့်အတိုင်း လူတိုင်းတစ်ဦးစီ ဝင်သွားကြခြင်းဖြစ်ပါသည်။ ပင်တေကုတ္တေများအကြား လာခဲ့ပါ။သူတို့ကိုတည့်မတ်စွာ ဆွဲယူလိုက်ပါ။

၎င်းသက်သေခံချက်အဆုံးနောက်ပိုင်းတွင်တစုံတစ်ဦးကကျွန်တော့်အား ပြောပါသည်။ ၎င်းအရာသည်ကောင်းပါသည်။ ကျွန်တော်များစွာမပြောပါ။အကြောင်းမှာ သူတို့ကျွန်တော့်အား ထောင်ချကြမည်။ ကျွန်တော်ကစဉ်းစားရုံ သက်သက်ဖြစ်သည်။ သွန်သင်ခြင်းခံရသူများသိကြပါသည်။ ‘ပညာရှိသူများသည်သူတို့၏ဘုရားများကို ထိုနေ့ရက်တွင်သိပေမည်။’ ဟုဒံယေလတွင် ဖေါ်ပြ ထားပါသည်။ ‘ပညာရှိသူများကသူတို့၏ဘုရားကိုသိကြပေလိမ့်မည်။’ သူတို့သည် ဤအရာများကို ကြည့်နေပါသည်။

ထိ်ုအရာမှာဖြစ်ပျက်သည်ကိုကျွန်တော်တို့တွေ့ရသောအခါ ပင်တေကုတ္တေ များသည် သူတို့နှင့်အတူရပ်နေလျှက်ရှိပါသည်။ အော်ရယ်ရောဘတ်ပင်လျှင် ကျွန်တော့်ကို ထိုသို့ကြည့်ပါသည်။ပညာရေးနှင့်ရပ်တည်၍ အရောင်တောက် ပြောင်လာစေပါ သည်။

ထိုနည်းသည် ဘုရားသခင်ကသူ၏လူများအားပြောင်မြောက်စေသည့်နည်း မဟုတ်ပါ။ သူ့လူများကို သူကပညာရေးဖြင့်ပြောင်မြောက်စေသည်မဟုတ်ပါ။ နှိမ့်ချခြင်းဖြင့် ပြောင်မြောက်စေခြင်း ဖြစ်ပါသည်။သူ၏ဖေါ်ပြထားသောနှုတ် ကပတ်တော်အားဖြင့် ဖြစ်ပါသည်။ မျိုးစေ့၏ပုံသဏ္ဍာန်တော်ကိုဖေါ်ပြခြင်း အားဖြင့်ဖြစ်ပါသည်။

105 ၁၀၅။ တစုံတယောက်သောသူကကျွန်တော့်အားပြောပါသည်။ ‘ဘရာသာဘရမ်ဟမ်ခင်ဗျားနှင့်ပတ်သက်၍ ကျွန်တော်နားမလည်နိုင်တာတခုရှိပါတယ်။’ ‘အဲဒါဘာလဲ?’ ဟုကျွန်တော်ကပြောပါသည်။

ဟောလ်ခန်းထဲတွင် မတ်တပ်ရပ်လျှက်ရှိပါသည်။ မစ္စတာ ဒတ်ချ် နှင့်တကွ သူတို့အားလုံးဖြစ်သည်။ ဘီလ်နှင့်လက်ဆွဲနှုတ်ဆက်ပြီး ရပ်နေပါသည်။ အားလုံးလူတစ်စုတဝေးတည်း ဒေါင့်တစ်နေရာတွင်စု၍ နေကြပါသည်။သာသနာ ပြုဆရာတစ်ဦး ဝင်လာပါသည်။ အင်္ကျီကော်လာထောင်ထားလျှက်ရှိပါသည်။ ‘ခင်ဗျားဘာကြောင့်လူတွေကိုအမြဲတမ်း မောင်းထုတ်နေရတာလဲ?’ ဟုသူက မေးသည်။ သူ၏အဖြေမှာ ‘သင်သည်ဘုရားသခင်၏အစေခံကျွန်ဖြစ်ကြောင်းကိုထိုသူတို့ယုံကြည်သောကြောင့်ဖြစ်ပါသည်။ သူတို့အပေါ်မှာရျိုသာ၍ ညင်သာစွာ ဆက်ဆံပါ’ ဟုပြောသည်။ သင်ပြော သည့်အခါတိုင်းအမျိုးသမီးများကို ဆံပင်တိုခြင်း၊ အင်္ကျီဘောင်းဘီတိုကလေးများဝတ်ဆင်ခြင်း၊မိတ်ကပ်လိမ်းခြင်း စသည်ဖြင့် ပြောကြားပြီးသူတို့သည် အေးတိအေးစက်နှင့်ပုံမှန်သဘောတရား လောက်သာရှိကြောင်း သင်ပြောဆိုပါသည်။ ‘သင်ဘာကြောင့် ထိုသို့ပြုလုပ်ပါ သနည်း?’ ဟုသူကမေးသည်။ ‘သူတို့ခင်ဗျားကိုချစ်ကြပါသည်။ သင်သည်ဘုရားသားတော်ဖြစ်၍ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝလျှင် ထိုသို့သောအပြုအမူမျိုးဘာကြောင့် ပြုလုပ်ရပါသနည်း။?’

ကျွန်တော်ကလည်း စဉ်းစားမိခဲ့ပါသည်။ ‘ကိုယ်တော်ရှင် ဤမျှထက်မြက် သောသူကိုကျွန်တော်ဖြေပါရစေ။ ဘယ်လို ဖြေရမလဲဆိုတာသာ ကိုယ်တော်ရှင် ပြောပါ။သူကြီးနဲ့သူ့ကို ကျွန်တော်ပြန်ချည်လိုပါတယ်။’ ဟုဆုတောင်း လိုက်သည်။

‘ဆရာခင်ဗျားနာမည်ကြီး စာရေးဆရာကြီးဘီဆိုဗင်အကြောင်းကြားဘူး သလား?’ ဟုကျွန်တော်ကမေးသည်။

သူကလည်း ‘ဘီဆိုဗင်အကြောင်း ကျွန်တော်ဖတ်ဘူးတာပေါ့ဗျာ’ ဟုပြန် ဖြေသည်။

ကျွန်တော်က ‘သူဟာ စက္ကူ ပေါ်မှာတေးရေးပြီးဆွဲဆုတ်ပြစ်ခဲ့ရတဲ့ စက္ကူစုတ် တွေဟာ တောင်းနဲ့အပြည့်ဘဲ။အဲဒီလိုရေးရင်းနဲ့ ကမ္ဘာလောကကြီးကို အကောင်းဆုံးလက်ရာမြောက်တဲ့တေးသီချင်းတွေရေးပေးခဲ့တယ်။’ သူကပါး စပ်ဟ၍ စကားတစ်ခွန်းကိုမျှ ပြန်မပြောခဲ့ပါ။ ‘သူဟာသူ့ရဲ့စာရေးစားပွဲမှာ ထိုင်ပြီးစိတ်အားထက်သန်မှုတခုရတဲ့အခါမှာ တစုံတခု ကိုရေးသားထားလိုက်ပါတယ်။ သူ့ရဲ့အခန်းထဲကိုဝင်ပြီး စာဖတ်တယ်။ ဆုတောင်းပါတယ်။ မမှန်ကန်သဖြင့် သူရေးထား သမျှကိုခြစ်ချလိုက်ပြီး အမှိုက်တောင်းထဲပစ်ထည့်လိုက်တယ်။ ဒါပေမဲ့လည်းတောက်လျှောက်ခွန်အားရလာတဲ့အခါမှာ ကမ္ဘာလောကကြီးက အကောင်းဆုံးလက်ရာကောင်းကိုရရှိလာပါတယ်။

နှုတ်ကပတ်တော်သည် မည်မျှထက်မြက်ပါသနည်း? လက်ရာကောင်းများ စွာတို့ကိုဖန်တီးပေးခဲ့ပါတယ်။ အခွံနှင့်ရိုးတံများအားလုံးကို ဖယ်ရှားပစ်ပါ။အကောင်းဆုံးလက်ရာပေါ်ထွက်လာပါသည်။

106 ၁၀၆။ တမြန်နေ့ကဘာဖြစ်ခဲ့သည်ကိုပြောပြရန်အတွက် ကျွန်တော်မှာအချိန်(၃) မိနစ်ခန့်ရှိပါသေးသည်။ဇူလိုင်လ(၃)ရက်နေ့ဖြစ်၍ ဤဈေးဝယ်သည့်နေရာ တွင် ကျွန်တော်ရောက်ရှိနေပါတယ်။ကျွန်တော်ဟာ ဏင ါ ဗူးနပ ရောမ၊ ပြင်သစ်နှင့်နယူးယောက်မြို့တို့တွင်ရောက်ရှိခဲ့ဘူးပါသည်။ သို့သော်လည်း ဂျက်ဖာဆင် ဗီးလ်၊ အင်ဒီယားနားရှိအညစ်ညူးဆုံးအမျိုးသမီးတစ်စုကို ကျွန်တော်၏အ သက်တာတွင် မတွေ့ခဲ့ဘူးပါ။ ကျွန်တော်ထိုနေရာတွင်စိတ်နှလုံးကြေကွဲသည် အထိ ထိုင်နေမိသည်။ ကိုယ်တော်ရှင်က ကျွန်တော့်အားရူပါရုံကိုပေးခဲ့ပါသည်။

ယခုအခါ ကျွန်တော်သည်ရူပါရုံအကြောင်းပြောကြားပါမည်။ အနက်ဖွင့် နိုင်မည်ဟု ကျွန်တော်မသိပါ။ ပထမဆုံးအကြိမ်အဖြစ်ရူပါရုံအကြောင်း ကျွန် တော်ပြောပြပါမည်။

107 ၁၀၇။ ကျွန်တော်အိပ်ပျော်နေစဉ်တွေ့မြင်ရပါသည်။ တစ်စုံတစ်ယောက်သောသူ သည် ကျွန်တော်နှင့်အတူရှိပါသည်။လူကိုမတွေ့မြင်ရပါ။ အသံကိုသာကြားရပါ သည်။ ကျွန်တော်ကြည့်နေပါသည်။ ဤနည်းလမ်းအတိုင်းကြည့်ပါသည်။ သူက သတို့သမီးသည် ကြိုတင်တွေ့မြင်ရန်အတွက် ရောက်လာမည် ‘’ ဟုဆိုပါသည်။

ကျွန်တော်ကြည့်နေစဉ်အခါကျွန်တော့်ထံသို့ လာနေသည်ကိုတွေ့ရပါသည်။ ကျွန်တော်၏ဘဝတွင် တွေ့မြင်သမျှအမျိုးသမီးများတွင် အလှပသန့်ရှင်း ဆုံးဝတ်ဆင်ထားသောအမျိုးသမီးများ ဖြစ်ကြပါသည်။သို့သော်လည်း တစ်ဦးစီမှာ တမျိုးစီဝတ်ဆင်ထားကြသည်ကို တွေ့ရပါသည်။ဆံပင်ရှည်များရှိကြ သည်။ အင်္ကျီလက်ရှည်၊ စကပ်ရှည်ကြီးများ ဝတ်ဆင်ထားကြသည်။မိန်းမငယ် များဖြစ်ကြသည်။ အသက်(၂၀)အတွင်းရှိသည်။

ကျွန်တော့်ရှေ့တွင်သမ္မာကျမ်းစာအုပ်ဖွင့်ထားလျှက်ရှိပါသည်။ ကျွန်တော် တွေ့မြင်သောအရာကိုသာကျွန်တော်ပြောပြနိုင်ပါ သည်။

‘ခင်ဗျားဘာကိုကြည့်နေတာလဲ?’ ဟုသင်ပြောပါကကျွန်တော်သည်နာရီ ကိုကြည့်နေပါသည်။ ‘ဘာကိုရှာဖွေနေပါသလဲ?’ ကျွန်တော်သည်လူများကို ရှာဖွေနေခြင်းဖြစ်ပါသည်။ ‘သင်ဘာကိုကြည့်နေပါသလဲ? ကျွန်တော်သည် ကျမ်းစာကိုကြည့် နေခြင်းဖြစ်ပါသည်။ ကျွန်တော်အမှန်တရားကို ပြောနေခြင်း ဖြစ်ပါသည်။ကျွန်တော်တွေ့ရသောအရာပင်ဖြစ်ပါသည်။ ကျွန်တော်တွေ့ရသောအရာကိုသာပြောနိုင်ပါသည်။ငင်းင်းအရာအားလုံးသည်ဘာဖြစ်သည်ကို ကျွန်တော်မသိပါ။ ခင်ဗျားကိုပြောပြရပါမည်။

108 ၁၀၈။ သို့သော်လည်း ဤသတို့သမီးမှာကြည့်နေပါသည်။ ကျွန်တော့်ကိုစကားပြော နေပါသည်။ အတူတကွမတ်တပ် ရပ်နေကြပါသည်။ ကျွန်တော့်ဘဝတွင် တွေ့ရ သည်မှာ အသန့်ရှင်းဆုံး၊ ချစ်စရာအကောင်းဆုံးဖြစ်ပါသည်။သူမသည်ချစ်စ ရာကောင်းစွာဖြင့် လေထဲတွင်ဖြတ်သွားရပါသည်။ သူမဖြတ်သွားသောအခါသူမ၏မျက်လုံးများမှာ အပေါ်သို့ကြည့်နေပါ သည်။ သူမသည်လှပသည်။ သူမကိုကျွန်တော်ကြည့်လိုက်ပါသည်။ သူမဖြတ်သွားသည်။ သူကလည်းပြောပါသည်။ ‘ယခုကျွန်တော်တို့ပြန်လည်၍ သုံးသပ်ပါမည်။.....’ ဟုဆိုသည်။ငင်းအရာမှာ သတို့သမီးပင်ဖြစ်ပါသည်။

‘ယခုကျွန်တော်တို့ကအသင်းတော်များကိုပြန်လည်၍ သုံးသပ်ပါမည်’သူတို့လာကြပါသည်။ သူတို့တက်လာသည်ကို ကျွန်တော်သတိထားမိပါသည်။သူတို့တက်လာသောအခါ တစ်ဦးစီမှာပိုဆိုးလာပါသည်။ ဤမျှညစ်ညူးသောအ ရာကိုကျွန်တော့်အသက်တာတွင် တခါမှမတွေ့ခဲ့ဘူးသေးပါ။

သူကပြောသောအခါ ကျွန်တော်အသံကြားရပါသည်။ငင်းင်းအသံက ‘နောက်တစ်ခုမှာအမေရိကန်အုပ်စုလာနေပါသည်။’ ဟူ၍ဖြစ်သည်။

109 ၁၀၉။ ကျွန်တော်သည်အမေရိကန်ဖြစ်ပါသည်။ကျွန်တော်လန့်သွားပါသည်။ ကျွန်တော်သည်စကားပြော မကျွမ်းကျင်ပါ။ များပြားရောထွေးနေသောပရိသတ်များထဲတွင် ဘာဖြစ်နေသည်ကိုပြောရန်မလွယ်ကူပါ။ကျွန်တော်ရေးထားသမျှကို ဖတ်ပြရပါမည်။ သို့သော်လည်း အမျိုးသမီးများလာနေကြသောအခါခေါင်း ဆောင်ဖြစ်သူမှာ စုန်းဖြစ်ပါသည်။ သူမသည် နှာခေါင်းရှည်ကြီးရှိ၍ပါးစပ်ကျယ်ကြီးရှိပါသည်။ သူတို့အားလုံးမှာလည်း အဝတ်အစားနှင့်ပတ်သက်လျှင်အောက်ပိုင်းသားများဝတ်သည့်အမျိုးအစား ဝတ်ဆင်ထားပါသည်။ ထိပ်ပိုင်း တွင်အစင်းပတ်ရှိသည်။လက်မဝက်ခန့်အစင်းပတ်ဖြစ်၍ အပေါ်သို့တက်ပြီး ငင်းင်းတို့ကို ဤကဲ့သို့ပတ်ထားပါသည်။အမျိုးသမီးတစ်ဦးစီမှာ တစ်စုံတစ်ခုအ စီအစဉ်ရှိပါသည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာကကျွန်တော်တို့ စက္ကူညှပ်ရန်ကြိုးစားကြသည်ကို ကျွန်တော်သတိရပါသည်။ သတင်းစာ စက္ကူဖြစ်ပြီး ယင်ကောင်မောင်းရန် အသုံးပြုခြင်းဖြစ်ပါသည်။ မှတ်မိကြပါသလား? သူတို့က ကပွဲများတွင် အသုံးပြုကြခြင်းဖြစ်ပါသည်။ ထိုအတိုင်းချိတ်ဆွဲထားကြပါသည်။ ညှပ်ထားသော စက္ကူ ဖြစ်ကာ ဇာစက္ကူဖြစ်ပါသည်။

သူတို့အောက်တွင်အောက်ပါအတိုင်းတစုံတစ်ခုကိုချိတ်ဆွဲထားပါသည်။ ဤအပိုင်းအားလုံးကို ဖေါ်ပြထားခြင်းဖြစ်ပါသည်။

တစ်ဦးစီမှာ ဆံပင်ဖြတ်ထားသည်မှာတိုတိုကလေးဖြစ်ပါသည်။ အမှန်တကယ်ပင် တိုတိုကလေးဖြစ်၍ မိတ်ကပ်များနှင့်ပြည့်လျှက်ရှိသည်။ လမ်းထဲမှပြည့် တန်ဆာများကဲ့သို့ ဖြစ်ပါသည်။

သူတို့က ဤ စက္ကူများဖြင့်လျှောက်သွားနေကြပါသည်။ စက္ကူ မှာ သူတို့ရှေ့ တွင်ချထားသည့်အရာပင် ဖြစ်ပါသည်။ ပြန်လည်သုံးသပ်သည့်နေရာကိုဖြတ် သွားသောအခါ သူတို့နောက်ကြောဖက်တွင်....သူတို့သွားသောလမ်းကို ကြည့်ရန်အ တွက် သူတို့ရှေ့တွင်နှင့် နောက်ဖက်တွင်မည်သို့လှုပ်ရှားသည်ကို ကြည့်ပါ။ ကျွန်တော်က ‘အဲဒါအသင်းတော်လား?’ ဟုမေးမိပါသည်။

110 ၁၁၀။ ငင်းနောက်သူမဝင်သွားပါသည်။သူတို့သည် ထွစ်စ် နှင့် ရိုးလ် သီချင်းများ သီဆိုနေကြသည်။

'အဲဒါအသင်းတော်လား ?' ဟုကျွန်တော်ကမေးသည်။ ကျွန်တော်ထိုနေရာတွင် ရပ်နေသည်။ ကျွန်တော်၏ နှလုံးသား ထဲတွင်မူငို၍နေပါသည်။

ထိုစုန်းမကြီးမှာဤကမ္ဘာလောကကြီးပေါ်တွင် တခြားဘယ်အရာမှမဟုတ် ပါ။ ကမ္ဘာ့အသင်းတော်များကောင်စီပင်ဖြစ်ပါသည်။ သူတို့သည်လက်ဝဲဖက် သို့သွား၍ ရုပ်ထွေးမှုများကြားတွင်ပျောက်ကွယ်သွားရပါတော့သည်။ ထိုဂီတ ကိုတီးခတ်၍ ဟာသဖြစ်နေသောအသံများပေါ်ထွက်လာပါသည်။သူတို့၏ ကိုယ်ခန္ဓာများကို တဖက်မှတဖက်သို့ပြောင်း၍ လှုပ်ခါကြသည်။ ထိုသို့ပင်ဆက်လက်၍ လုပ်ဆောင်ပါသည်။ လမ်းလျှောက်ကြပါသည်။

111 ၁၁၁။ ကျွန်တော်ကခေါင်းကိုစတင်၍ငုံ့လိုက်ပါသည်။ ကိုယ်တော်ရှင်က ''စောင့်ပါ ဦးသတို့သမီးတစ်ဖန်ပြန်လာရပါဦးမည် ''ဟုဆိုသည်။

ကျွန်တော်ကြည့်သောအခါသူတို့တဖန်ပြန်လာသည်ကို တွေ့ရပါသည်။ သူတို့ဖြတ်သွားသည်ကို တွေ့ရပါသည်။ အလွန် ချစ်စရာကောင်းသောမိန်းမငယ်ကလေးများဖြစ်ပါသည်။ သူတို့ဖြတ်သန်းသွားစဉ်အခါ ကျွန်တော့်ကိုကြည့်နေ ကြပါသည်။ တစ်ဦးစီမှာအဝတ်အစားမတူကြကြောင်း ကျွန်တော်သတိပြုမိပါ သည်။ အနောက်မှတစ်ဦးမှာဆံပင်အရှည်ကိုချထား၍ ပြန်ပြီးလိမ်ထားသည်။ ဂျာမန်လူမျိုးသို့မဟုတ်တမျိုးဖြစ်နိုင်ပါသည်။ ကျွန်တော်က သူတို့ကိုကြည့်နေ မိပါသည်။

သူတို့အပြင်သို့ စတင်ထွက်ခွာရန်ဟန်ပြင်လိုက်သည်။ သူတို့နှစ်ယောက် သို့မဟုတ်(၃)ယောက်ခန့်ပင် ဖြစ်ပါသည်။ အနောက်ဖက်ပိုင်းမှနေ၍ ရှေ့ထွက် ရန်ကြိုးစားပါသည်။ သူတို့သည်တဖန်ပြန်ဝင်ရန်ကြိုးစားပါသည်။ သူတို့ကို ကျွန်တော်တွေ့မြင်ရပါသည်။ ရူပါရုံမှာမှေးမှိန်ပျောက်ကွယ်သွားပြီး ကျွန်တော့် ထံမှပြောင်းလဲသွားပါသည်။

112 ၁၁၂။ ယခု ဤနေရာတွင်အနက်ဖွင့်ဆိုခြင်းရှိပါသည်။ အကြောင်းပြချက်မှာ . ယခုအခါတွင်သိထားရမည်မှာစာပေရေးသား ခြင်းအားဖြင့်သာ ဖြစ်ပါသည်။ ကျွန်တော်မပြီးပြတ်သေးပါ။ ဤမှတ်စုများကိုကျွန်တော်မရေးသားထားပါ။ သို့သော်လည်း ယနေ့မနက်တရားဟောသည့်အခါ ဘာဖြစ်သည်ကိုကျွန်တော် သတိပြုမိပါသည်။ ကျွန်တော်၏တရား ဟောချက်ထဲတွင်ရှိပါ သည်။ သင်သတိပြုမိပါသလား ? အသင်းတော်သာလျှင်မြင်ကွင်းထဲတွင် ပေါ်လာပါသည်။

၎င်းသည် သမ္မာတရားပင်ဖြစ်ပါသည်။မိတ်ဆွေများ ကောင်းကင်ဘုံရှိအဖ ကဤနှုတ်ကပတ်တော်ကို ရေးသားခြင်းဖြစ်၍ကျွန်တော်အမှန်တရားကိုပြော ကြောင်းသိပါသည်။ သမ္မာတရားကိုသာပြောဆိုကြောင်းကျွန်တော်သိပါသည်။

ပြီးခဲ့သောမိနစ်အနည်းငယ်အကြာခန့်က(သို့)မကြာမီကလေးကပင် ဖြစ် ခဲ့ကြောင်း သတိမပြုမိပါ။ သင်သတိပြုမိပါသလား ? သတို့သမီးပေါ်လာသည် မှာ နှစ်ခေါက်ပင်ဖြစ်ပါသည်။ပထမမျိုးစေ့နှင့်ဒုတိယမျိုးစေ့ပင် ဖြစ်ပါသည်။ သူတို့နှစ်ဦးစလုံးမှာတစ်ဦးတည်းအတိအကျပင် ဖြစ်ပါသည်။ သူတို့ဝတ်စား ဆင်ယင်ခြင်း၏အကြောင်းရင်းမှာအဖက်ဖက်မှဆင်ယင်မှုဖြစ်ပြီး သူမသည် နိုင်ငံတကာမှလာမည်ဖြစ်ပါသည်။သတို့သမီးတစ်ဦးဖြစ်စေပါမည်။ တစ်ဦးစီမှာ ဆံပင်ရှည်ကြီးများနှင့်ဖြစ်ပြီးမိတ်ကပ်မလိမ်းခြယ်ကြပါ။ အမှန်တကယ် ပင်လှပသောမိန်းကလေးများ ဖြစ်ကြပါသည်။ သူတို့သည်ကျွန်တော့်ကိုကြည့် နေကြသည်။ ထိုအရာမှာ နိုင်ငံအားလုံးမှ ပေါ်ထွက်လာသောသတို့သမီးကို ကိုယ်စားပြုခြင်းပင် ဖြစ်ပါသည်။ တစ်ဦးစီမှာ နိုင်ငံတစ်နိုင်ငံစီကို ကိုယ်စားပြုခြင်းဖြစ်ပါသည်။ သူတို့သည် နှုတ်ကပတ်တော်နှင့်အညီတန်းစီ၍ ချီတက်လာ ကြပါသည်။

113 ၁၁၃။ ကျွန်တော်ကသူမကို ကြည့်နေရပါသည်။ကျွန်တော်ကြည့်မနေပါက သူမသည်ထိုနှုတ်ကပတ်တော်နှင့်မလျှော်ညီဘဲ ဖြစ်သွားပေမည်။ကျွန်တော် ၏အချိန်ဖြစ်နိုင်ပေသည်။ ကျွန်တော်၏အချိန်ကာလပြီးဆုံးသွားသည့်အခါတွင် ဖြစ်နိုင်ပါသည်။

ဘာဖြစ်သနည်း ?သူတို့ပြန်လာကြပါမည်။သူတို့အကောင်းဆုံးကြိုးစား၍ ပြန်လာကြပါမည်။ လမ်းကြောင်းအတိုင်း ပြန်ဖြစ်စေရန်ပင်ဖြစ်ပါသည်။ သူတို့သည် တနေရာရာကိုမျှော်ကြည့်လျှက်ရှိပါသည်။ရုပ်ထွေးလျှက်ရှိသော ထိုအသင်းတော်ကိုကြည့် လျှက် ရှိနေကြပါသည်။ သို့သော်လည်းရှေ့မှနှစ်ဦးမှာ လမ်းမချော်ပါ။ အနောက်မှနှစ်ယောက်သုံးယောက်သည် ညာဖက်သို့အနည်းငယ်တိမ်းစောင်းသွားကြသည်ကိုတွေ့ရပါသည်။ ဆက်သွားရင်းနှင့်လမ်းကြောင်းပြန်တည့်ရန်အတွက် ကြိုးစားလျှက်ရှိကြပါသည်။ ကျွန်တော်နံဘေးမှပင်ဖြတ်ကျော်သွားကြပါသည်။ ကျွန်တော်ထိုနေရာမှာပင် ရပ်နေပါသည်။ ၎င်းင်းတို့အားလုံးဆက်လက်လှုပ်ရှားပြီး ထွက်ခွာသွားကြသည်ကို တွေ့ရပါသည်။

အသင်းတော်မှာမြင်းကွင်းတွင်တစ်ခါသာပေါ်လာပါသည်။ နိုင်ငံတိုင်း တနိုင်ငံစီအသင်းတော်ဖြစ်ပါသည်။သို့သော်လည်း သတို့သမီးကနှစ်ခါပြန်ဝင် လာပါသည်။ ဘာဖြစ်သည်ကို ကြည့်ပါ။၎င်းင်းအရာမှာ ဘာဖြစ်သည်ကိုမသိရ ပါ။ သို့သော်လည်းယနေ့မနက်ကျွန်တော်၏သတင်းစကားနှင့် အတူကြည့် လိုက်ပါ။ မသိဘဲနှင့်ကြည့်လိုက်ပါ။(ဘရာသာဘရမ်ဟမ်က တရားဟောစင်ကို အကြိမ်ပေါင်းများစွာ ခေါက်လိုက်သည်။ - အယ်ဒီတာ)

114 ၁၁၄။ နိစိန်တွင်မျိုးစေ့ကမြေကြီးပေါ်သို့ကျပါသည်။ ၎င်းအရာမှာ မူရင်းမျိုးစေ့ ပင်ဖြစ်ပါသည်။ သူမသည်ဤဂိုဏ်းဂဏတည်း ဟူသော ဖြစ်စဉ်အဆင့်ဆင့်ထဲ မှပေါ်ထွက်လာခြင်းဖြစ်ပါသည်။ သို့သော်လည်းသတို့သမီးမှာနောက်ဆုံးသော နေ့ရက် များတွင် တဖန်ပြန်လာပါသည်။ 'ငါပြန်လည်၍သိမ်းဆည်းမည်။' လက်ရာတော်ကိုပြန်လည်၍ ကြီးထွားစေပါသည်။ထိုအ ကြောင်းကြောင့် သူသည်မြင်ကွင်းထဲတွင် ပြန်ပေါ်လာခြင်းဖြစ်ပါသည်။ဒုတိယအကြိမ်မြောက် ဖြစ်သည်။ ပထမအကြိမ်က ကဲ့သို့ပင် ဖြစ်ပါသည်။ အိုဘုရားသခင်ဂရုဏာတော်ရှိတော်မူပါ။ မြန်မြန်လုပ်ပါ။ မျိုးစေ့ထဲတွင် အသက်ဝင်ပါ။ မြန်မြန်ဝင်ပါ။

115 ၁၁၅။ အခြားအရာများအားလုံးလုံးဝပြန်မပေါ်လာတော့ပါ။ သူတို့ထွက်သွားကြပြီး တခါမှ ပြန်ပေါ်မလာကြတော့ပါ။

သို့သော်လည်း သတို့သမီးပြန်လာပါသည်။အကြောင်းမှာ သူမသည် အာလဖနှင့်ဩမေဃဖြစ်ခြင်းကြောင့်ပေတည်း။ ဘုရားသခင်သည်ကြီးမြတ်လှ သော ပန်းပုဆရာကြီးဖြစ်၍ ကိုယ်တော်ရှင်အတွက် အကောင်းဆုံးအပြောင်မြောက်ဆုံး လက်ရာတော်ကိုထုလုပ်ပေးပါသည်။ အကြောင်းမှာဧင်းအရာသည်သူ၏ပထမဆုံးလက်ရာတော်ဖြစ်သောကြောင့်ပေတည်း။ ဧဒင်ဥယျာဉ် ကြီးထဲတွင်သူပြုလုပ်သကဲ့သို့ အပိုင်းအစတစ်ခုကိုယူပြီး အခြားအပိုင်းအစ တစ်ခုကိုဖန်တီးပါသည်။ထိုအရာမှာ ကျဆုံးသွားရပါသည်။ ကိုယ်တော်ရှင်က တဖန်ပြန်လည်၍ပြင်ဆင်မွန်းမံနေရပါသည်။သူသည်ဤလက်ရာတော်ကို ဖေါ်ထုတ်သော်လည်း ချိုးဖဲ့ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ထိုအစိတ်အပိုင်းမှာ ရိုက်ချိုးခြင်းခံရသော်လည်း တဖန်ပြန်လည်၍ ထိုလက်ရာတော်ကိုဖေါ်ထုတ် နိုင်ရန်အတွက်ထိုအစိတ်အပိုင်းမှာ ချိုးဖဲ့ခံရခြင်း ဖြစ်ပါသည်။

လက်ရာတော်နှင့်ဘုရားသားတော်၊လက်ရာတော်နှင့်သတို့သမီးမှာ ကိုယ်တော်ရှင်၏အစိတ်အပိုင်းပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကိုပြည့်စုံစေခြင်း ပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်မှာပြည့်စုံခဲ့ပြီဖြစ်၍ကိုယ်တော်ရှင်ကြွလာ တော်မူမည့်အချိန်အ တွက် ကျွန်တော်တို့မှာအဆင်သင့်ဖြစ်နေကြပါပြီ။

116 ၁၁၆။ အသက်ရှင်တော်မူသောဘုရားသခင်၏အသင်းတော်၊ဘုရားသခင်ရှေ့တော် တွင်သင်တို့၏နှလုံးသားများနှင့် သင်တို့ကိုယ်သင်တို့နှိမ့်ချ၍ဦးညွတ်ပါ။ ဤအရာများသည် အမှန်ပင်ဖြစ်ပါသည်။ ထိုသို့ဖြစ်လာမည်ကို ကျွန်တော်သိပါသည်။ ထိုကဲ့သို့ပင်ကြီးမားသောအရာဖြစ်ပါသည်။ နိုင်ငံတစ်ကာတွင်ပျံနှံ့သွားရမည့်အရာပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် သူ၏လမ်းစဉ်ကို သူမပြောင်းလဲခဲ့ပါ။ကျေးဇူးတော်ချီးမွမ်းပါ။ အသင်းတော်၊ ကျေးဇူးတော်ချီးမွမ်းပါ။ သင်သည် ခရစ်တော်အထဲ၌ရှိလျှင် ယနေ့သင်ရှိနေသောနေရာမှာရှိပါ။ အကြောင်းမှာ ယခုနှင့်ထိုအချိန်တွင်.......

ထိုအသက်အားလုံးမှာ မျိုးစေ့ထဲသို့စုသိမ်းခြင်းခံရပါမည်။ ရှင်ပြန်ထမြောက် ခြင်းအတွက် ဖြစ်ပါသည်။ သို့သော်လည်းရိုးတံကိုမူ မီးရှို့ပစ်ရပါမည်။ ကျွန်သောအရာများဖြစ်သည့် အခွံနှင့်အားလုံးမှာဖျက်ဆီးခြင်းခံရပေမည်။ သင်တို့ ၏ဂိုဏ်းဂဏ အဖွဲ့အစည်း အသင်းတော်များကိုမယုံကြည်ပါနှင့်။ နှုတ်ကပတ် တော်၌တည်ပါ။ အထက်ဘုရားနှင့် ကိုယ်တော်ရှင်၏ လက်ရာတော်၌တည်နေပါ။

ဖိလေနိကာလထဲတွင် ဘာရှိပါမည်နည်း ? ခရစ်တော်နှင့်သူ၏သတို့သမီးသည်ဖိလေနိကာလ၏ဥယျာဉ်ထဲတွင် ပြန်လည် ရောက်ရှိမည်ဖြစ်ပါသည်။ အာမင်၊

ကိုယ်တော်ကို ကျွန်တော်ချစ်သည်။ကိုယ်တော်ကို ကျွန်တော်ချစ်သည်။

ကိုယ်တော်ကကျွန်တော့်အားစ၍ချစ်သောကြောင့်ဖြစ်ပါသည်။

ငါ့အတွက် ကယ်တင်ခြင်းကိုဝယ်ယူခဲ့ပါသည်။

ကားတိုင်ပေါ်တွင်ဖြစ်ပါသည်။

117 ၁၁၇။ကိုယ်တော်ရှင်ချိုးဖဲ့ခြင်းခံရသောနေရာပင် ဖြစ်ပါသည်။ ‘ ’ ကျွန်ုပ်တို့သည်ကိုယ်တော်ရှင်အားချိုးဖဲ့၍ ဘုရားသခင်၏ ရိုက်နက်ခြင်း၊ နှိပ်စက်ခြင်းအမျိုးမျိုးကို ခံခဲ့ရပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏အပြစ်များကြောင့် ကိုယ်တော်ရှင်သည်အနာရခဲ့ပါသည်။

ယနေ့မနက်မျိုးစေ့ထဲသို့မရောက်သောသူတစ်ဦးတစ်ယောက်ရှိပါသလား ? အသက်သည် သူ၏နောက်ဆုံးအစိတ်အပိုင်းကိုအခွံထဲမှထိုးထွက်နေစဉ်ရိုးတံမှာ ခြောက်သွေ့သွားပါသည်။ ပင်တေကုတ္တေအသင်းတော်သည် ခြောက်ခမ်းသွားလျှက်ရှိကြောင်းဘယ်နှစ်ယောက်သိပါသနည်း ?(ပရိသတ်က ‘အာမင်’ ဟု ဆိုသည်။ အယ်ဒီတာ) ၎င်းင်းအရာသည်ဘာဖြစ်ပါသနည်း ? အသက်မှာ၎င်း ကိုစွန့်ခွာသွားပါပြီ။ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုလျှင် အသက်မဲ့နေပါပြီ။သတို့သမီးမှာ ကြိုတင်မြင်ကွင်းတွင်သာရှိပါက သတို့သမီးအဖြစ်သို့မရောက် သေးပါ။

(ဘုရားသာဘရမ်ဟမ်ကစတင်၍သီချင်းငြီးပါသည်။ ‘ကိုယ်တော်ကိုကျွန်တော် ချစ်သည်။ - အယ်ဒီတာ)

ကိုယ်တော်ကိုကျွန်တော်ချစ်သည်။ကိုယ်တော်ကိုကျွန်တော်ချစ်သည် ။

ကိုယ်တော်ကကျွန်တော့်ကိုစ၍ချစ်သောကြောင့် ဖြစ်ပါသည်။

ငါ့အတွက်ကယ်တင်ခြင်းကို ဝယ်ယူခဲ့ပါသည်။

ကားတိုင်ပေါ်တွင် ဖြစ်ပါသည်။

118 ၁၁၈။ ယခုကျွန်တော်တို့ခေါင်းငုံ့ကြပါစို့။ သတိရစေလိုသောသူအချို့ ဤနေရာတွင် ရှိပါသလား ? သင်မဟုတ်ဟုခံစားရပါက ....

မိတ်ဆွေတို့ အလွန်ရှင်းပါသည်။ကျွန်တော်၏ဘဝတွင် ရူပါရုံတစ်ခါမှ မတွေ့ခဲ့ဘူးပါ။ တစ်စုံတစ်ခုဖြစ်လာမှသာနောက်ဆက်တွဲပါလာတတ်ပါသည်။ ကျွန်တော်သမ်္မာတရားကိုပြောဆိုနေခြင်း ဖြစ်ပါသည်။အမှန်အတိုင်းတချိန်လုံး ပြောဆိုနေခဲ့ပါက ဘုရားသခင်ကသက်သေပြပါလိမ့်မည်။ယခုအခါတွင်လည်း အမှန်တရားကိုသာပြောဆိုခြင်းဖြစ်ပါသည်။

ကျွန်တော်တို့အသက်ရှင်နေထိုင်သောကာလမှာအဘယ်ကဲ့သို့ဖြစ်ကြောင်း ကျွန်တော်မသိပါ။ သို့သော်လည်း အချိန်မရှိတော့ကြောင်းသိပါသည်။ ဖြောင့် ဖြောင့်မှန်မှန်ဖြစ်ရန်မည်သည့်နိုင်ငံရေးသမားကမှပေါ်ထွက်လာ၍ ဖန်တီး ပေးနိုင်တော့မည်မဟုတ်ပါ။ နိုင်ငံရေး၊နိုင်ငံသည်ကွယ်ပျောက်သွားပါပြီ။ ထိုအ ရာကိုခံစားနိုင်ရလောက်အောင် လေးလေးနက်နက်နားလည်ပါသလား ? နိုင်ငံသည်ပျောက်ပျက်သွားပါပြီ။နိုင်ငံတနိုင်ငံတည်းမဟုတ်ပါ။ နိုင်ငံအများအပြား ပင်ဖြစ်ပါသည်။ အကောင်းဆုံးအဖွဲ့ဖြစ်၍ ယခုအခါမှာပျောက်ဆုံးသွားပါပြီ။နိုင်ငံများပျောက်ဆုံးသကဲ့သို့ ကမ္ဘာလောကကြီးလည်းပျောက်ဆုံး သွားပါပြီ။ ကျွန်တော်အမြင်နှင့်ပြောရမည်ဆိုလျှင် ပင်တေကုတေ္တအသင်းတော်မှာ အကောင်းဆုံးဖြစ်၍ဒိုင်းငံးတို့လည်းမရှိ တော့ပါ။ ပျောက်သွားပါပြီ။

အိုဘုရားကျွန်ုပ်တို့ကိုဂရုဏာသက်တော်မူပါ

119 ၁၁၉။ ကိုယ်တော်ရှင်ကို သင်မသိသေးပါကကျေးဇူးပြု၍မြန်မြန်လုပ်ပါ။ သင်သည် ဘ၀ကိုခံစားလိုပါက ..... သင့်အပြစ်ထဲမှထွက်ပါ။ သင်ယခုရောက်နေ သောအရာမှထွက်ပါ။ မျိုးစေ့ထဲသို့ဝင်ပါ။ မြန်မြန်လုပ်ပါ။ အညှောက်ထဲမှာပင်သေသွားနိုင်ပါသည်။ အခွံထဲမှာပင် သေသွားနိုင်ပါသည်။

ယခုကျွန်တော်တို့သီချင်းဆိုနေစဉ်အခါဆုတောင်းပါ။

'ကိုယ်တော်ကိုကျွန်တော်ချစ်ပါသည်။'

ယခုသင်၏ဆုံးဖြတ်ချက်ပေါ်တွင်သာမူတည်လျှက်ရှိပါသည်။ကျွန်တော် တို့မှာဂိုဏ်းဂဏမရှိပါ။ ဘာမှမရှိပါ။ ခရစ်တော်သာလျှင်ရှိပါသည်။ကိုယ်တော် နှင့်အတူ၀တ်ပြုကိုးကွယ်ရန်အတွက် သင့်အားဖိတ်ခေါ်ပါသည်။ ကိုယ်တော်ရှင်ကြွလာတော်မူ သည်အထိ ကျွန်ုပ်တို့နှင့်အတူလာ၍ ၀တ်ပြုကိုးကွယ်နိုင်ပါ သည်။သင့်အမည်ကိုစာအုပ်ထဲတွင် ထည့်မထားနိုင်ပါ။ ကျွန်တော်တို့မှာဘာ စာအုပ်မှ မရှိပါ။ အသက်စာစောင်ထဲတွင် အမည်စာရင်းသွင်းပါစေ။ အသက် စာစောင်ထဲတွင်သာသင်၏အမည်စာရင်းပါစေလိုပါသည်။ မွေးဖွားခြင်းအား ဖြင့်သာသင်ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ယခုချက်ချင်းမပြု လုပ်နိုင်ပေဘူးလား ?ခရစ်တော်ကိုအသက်တာသစ်အတွက် ဆုတောင်းပါ။ သင့်အားအထဲသို့ ဆောင်ယူ၍ သူ၏အသက်စာ စောင်ထဲတွင် အမည်စာရင်းသွင်းပါစေ။ အသက်စာစောင်ထဲတွင် စာရင်းမ၀င်သေးပါက စာရင်း၀င်ပါစေ။ သို့မှသာ သင်သည်ကျွန်ုပ်တို့နှင့်အတူ မိသဟာရဖွဲ့နိုင်ပါသည်။ သင်နှင့်အတူကျွန်ုပ်တို့မိသဟာရဖွဲ့လိုပါသည်။ ကျွန်ုပ် ....''

120 ၁၂၀။ ဘုရားသခင် ကျွန်တော်တို့တစ်ဦးစီကိုတီထွင်တတ်ရန်အတွက် ကူညီပါ။ ကိုယ်တော်ရှင်၌ရှိစေရန်အတွက် ကူညီပါ။ ကိုယ်တော်ရှင်ကျွန်တော်တို့အားချစ် ပါသည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အတွက်ချိုးဖဲ့ခြင်းခံရ၍ဘုရားသခင်က ချိုးဖဲ့၍ ဒါဏ်ရာရစေခြင်းဟု ယုံကြည်ပါသည်။ ကျွန်ုပ်ဆုတောင်းပါသည်အရှင်ဘုရား ကျွန်တော်တို့တစ်ဦးစီကို ရွေးချယ်တော်မူ၍ စကားပြောတော်မူပါကိုယ် တော်ကျွန်တော်ချစ်သောသူများနှင့် ကျွန်တော်၏မိတ်ဆွေများကို စကားပြော တော်မူပါ။ ယခုချက်ချင်းချပေးတော်မူပါကိုယ်တော် သခင်ယေရှု၏နာမတော် မြတ်၌ ဆုတောင်းပါသည်အဖ။

ကိုယ်တော်ရှင် မည်သူ့ကိုမဆိုကြာရှည်စွာမစောင့်ဆိုင်းစေပါနှင့်။ အလွန်နီး ကပ်လျှက်ရှိပါပြီ။ ကောက်ပင်များမှာ အမှန်တကယ်ပင်၀င်းမှည့်နေပါပြီ။ ဘုရားသခင်၏ကြီးမြတ်တော်မူသော ရိတ်သိမ်းခြင်းသည်ဤနေ့ရက်များအ တွင်း ဖြစ်လာပါတော့ သည်။ ကောက်ရိုးများနေရာတိုင်းသို့ပျံ့နှံ့သွားပါတော့ မည်။ ဂျုံစေ့များကိုကျီတောင်းထဲ စုသိမ်းရပါတော့သည်။ချီဆောင်ခြင်း ခံရပါတော့မည်။ အကြောင်းမှာဒင်းသည်အသက်နှင့်ပြည့်စုံသောကြောင့်ဖြစ်ပါသည်။ ကိုယ်တော်ရှင်ဘုရား ဆုတောင်းချက်တခုစီကို ကိုယ်တော်ရှင်ရှေ့တော်တွင်ဖော်ပြတော်မူပါစေသော်။

သူတို့အတွက် ကျွန်တော်ဆုတောင်းပေးပါသည်။ကိုယ်တော်ရှင်။ ဤနေရာမှာရှိသူတစ်ဦးတစ်ယောက်မှ မပျောက်ဆုံးစေနိုင်ရန်အတွက်ဆုတောင်းပါ တယ်ကိုယ်တော်ရှင်။ သူတို့ခက်ခက်ခဲခဲကြပ်ကြပ်တည်းတည်း ထိုင်နေကြရပါသည်။မိုင်ရာပေါင်းများစွာ သူတို့မောင်းနှင်လာကြရပါသည်။ ကျွန်တော်တို့လိုအပ်ချက်များကို ဖြည့်ဆည်းပေးတော်မူပါကိုယ်တော်။ ကျွန်တော်တို့အတွက်လိုအပ်ချက်ကိုဖြည့်ဆည်းပေးတော်မူပါကိုယ်တော် ကျွန်တော်တို့၏အမြင်တွင်လိုအပ်ချက်ကို ဆိုလိုခြင်းမဟုတ်ပါ။ ကိုယ်တော်ရှင်က လိုအပ်သည်ဟုထင်မြင်ယူဆချက်ကိုဆိုလိုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က ဘုရားသခင်၏ဆုံးမသွန်သင်ခြင်းကိုခံယူ၍အပြစ်များအားလုံး ဆေးကြောခြင်းခံရသော ဖြူစင်သန့် ရှင်းပြီးသားအပျိုကညာကဲ့သို့ ဖြစ်လိုပါသည်။

သူတို့အတွက် ကျွန်တော်ဆု တောင်းကူပါသည်ကိုယ်တော်။

121 ၁၂၁။ ကျွန်တော်မည်သို့ဆုတောင်းရမည်ကိုမသိပါ။ ကြီးမြတ်တော်မူသောဘုရား ကိုကျွန်တော်တို့ဆုတောင်းနေကြခြင်း ပင်ဖြစ်ပါသည်။ မည်သို့သောလူသား သည် ထိုနေရာမှာ ရှိပါမည်နည်း ? အသက်ရှင်တော်မူသော ဘုရားသခင်၏ ရှေ့တွင်မှန်ကန်သောဆုတောင်းသည့်ပုံစံကို မည်သို့သောလူသားက ပြုလုပ်ရ ပါမည်နည်း ? သို့သော်လည်း ကိုယ်တော်ရှင်ကျွန်တော်၏အခေါ်အဝေါ်လွဲမှား သောစကားလုံးများကျွန်တော်၏နာမ်များနှင့်နာမ်စားများမှာ မှားယွင်းသော နေရာတွင် ရှိနေပါသည်။ကလေးငယ်လေးတစ်ဦး၏ အဘိစီမှာတနေ့သော အခါတွင် စာကြောင်းဖြစ်လာပါသည်။ကျွန်ုပ်၏နာမ်များနှင့်နာမ်စားများကို ဖယ်ရှားနိုင်ပါသည်။ ကျွန်တော်ယုံကြည်သောအရာကိုသာကြည့်ပါကိုယ်တော်။

ကိုယ်တော်ကိုကျွန်ုပ်ယုံကြည်ပါသည်။ဤနှုတ်ကပတ်တော်ကို ယုံကြည်ပါ သည်။ တစ်ဦးစီအတွက် ဤနေရာတွင်လည်း ကျွန်တော်ယုံကြည်ပါသည်။ထိုပလ္လင်ရှေ့သို့ ကျွန်တော်ကသူတို့ကိုခေါ်လာခြင်းဖြစ်ပါသည်။ ကိုယ်တော်ယုံကြည်ခြင်း အားဖြင့် ကျွန်ုပ်တို့နှင့်ကြီးမြတ်တော်မူသော ယေဟောဝါသခင် အကြားတွင်သားတော်ယေရှု၏အသွေးတော် အားဖြင့် ဆောင်ယူခဲ့ခြင်းပင်ဖြစ် ပါသည်။ အသွေးတော်ကကျွန်ုပ်တို့အတွက်စကားပြောပါသည်။ ကားတိုင်ပေါ် တွင်ကိုယ်တော်ရှင်အားထိုးနှက်ကြသောအခါ သင်ကပြောပါသည်။

‘’ပြောပါ‘’ ‘’ကိုယ်တော်ရှင်ကိုကြားနာကြပါ‘’ ‘’အသွေးတော်နှင့်ဖြစ်ပါသည်။‘’ သမ္မာကျမ်းစာကလည်းဆိုပါသည်။ သမ္မာကလည်း ‘’ခမ္မဟောင်းတွင်သိုးသူငယ်၏အသွေး တော်ထက် ပို၍ကြီးမြတ်သောအရာများအကြောင်းကိုပြောပါ။ ခရစ်တော်၏အသွေးတော်က အာဗေလ၏အသွေးတော်ထက်ပိုမိုကြီးမားပါသည်။ ပိုမိုကြီး မားသောအရာများဖြစ်ပါသည်။ ‘’ပြောပါ‘’ ကိုယ်တော်ကျွန်ုပ်တို့အတွက်ကယ်တင်ခြင်းဖြစ်ပါသည်။ အသွေးတော်အားဖြင့် ကျွန်တော်တို့ကခေါ်ဆိုခြင်းပင်ဖြစ်ပါသည်။

122 ၁၂၂။ ဘ၀၏ကြီးမြတ်တော်မူသောအဖကျွန်ုပ်တို့အား ထည်းသွင်းတော်မူပါကိုယ် တော် ကျွန်တော်တို့အပြစ်လုပ်ပါကကျွန်ုပ်တို့ထံမှ ပြန်၍ရုတ်သိမ်းတော်မူပါ ကိုယ်တော်ထိုနည်းအတိုင်းကျွန်တော်တို့မဖြစ်လိုပါ။ ကိုယ်တော်ကျွန်ုပ်တို့၏လိုလားချက်မဟုတ်ပါ။

ကျွန်တော်တို့သည်ကြောက်မက်ဘွယ်ရာမှောင်မိုက်သော နည်းလမ်းတွင် အသက်ရှင်နေထိုင်ကြရကြောင်းကျွန်တော်တို့သိပါသည်။ အစပိုင်းတွင်ပြော သကဲ့သို့ကျွန်တော်တို့မှာတောင်ပေါ်သို့တက်နေခြင်းဖြစ်၍ ကြမ်းတမ်းသော လမ်းများတွင်ဖြစ်ကြပါသည်။ လမ်းမှာမှောင်မိုက်လျှက်ရှိသော်လည်း ကျွန် တော်တို့ကအလင်းကိုဖေါ်ထုတ်ကြပါသည်။ ကျွန်တော်တို့တဆင့်ပြီးတဆင့် သွားကြသည့်အခါကျွန်ုပ်တို့တွေ့ကြရပါမည်။ နောက်ဆုံး ကျွန်တော်တို့ဆုံတွေ့ ရမည်ဖြစ်ပါသည်။ဘုရားဖူးခရီးသည်ကဲ့သို့ဖြစ်ပါသည်။ နောက်ဆုံးတောင် ထိပ်သို့ရောက်သွားပါမည်။လမ်းပြပါ အိုသိုးထိန်း ကြီးမြတ်တော်မူသောယေ ဟောဝါဘုရား ကိုယ်တော်ရှင်၏ဝိညာဉ်တော်အားဖြင့်လမ်းပြတော်မူပါ။

ကျွန်ုပ်တို့မှာလကျ်ာတော်နှင့်ဝေးကွာလျှက်ရှိကြောင်းသိရပါမည်။ ကျွန်တော် တို့မည်သည့်နေရာမှစတင်ခဲ့ရကြောင်း သိရပါသည်။ အမှန်တစ်ကယ်စစ်မှန် သောလကျ်ာတော်ပင်ဖြစ်ပါသည်။ကိုယ်တော်အား ကျွန်တော်တို့ယုံကြည်ပါ သည်။ ကိုယ်တော်ရှင်ထံသို့ ကျွန်တော်တို့ကိုခေါ်ဆောင်တော်မူပါ။ ကိုယ်တော် ချပေးသနားတော်မူပါ ကိုယ်တော်။

123 ၁၂၃။ဤနေရာမှာရှိသောဖျားနာသူများအားလုံးကို အနာရောဂါငြိမ်းစေတော်မူပါ ကိုယ်တော်။ ‘’သူသည် ထိုးနှက်ခြင်းခံရ၍ဝေဒနာခံရကြောင်း ကျွန်တော်တို့ သိပါသည်။‘’ကိုယ်တော်သည် ကျွန်ုပ်တို့၏အပြစ်များကြောင့် ဒဏ်ရာရပြီး ကိုယ်တော်၏ဒဏ်ချက်တော်များအားဖြင့် ကျွန်တော်တို့အနာရောဂါပျောက် ကင်းလျှက်ရှိကြပါသည်။ဖျားနာသူများကို အနာရောဂါငြိမ်းစေတော်မူပါကိုယ်တော်။ကိုယ်တော်၏ဒဏ်ချက်တော်များအားဖြင့် ကျွန်ုပ်တို့မှာ အနာရောဂါ ငြိမ်းလျှက်ရှိပါသည်။‘’ဖျားနာသူများကိုအနာရောဂါငြိမ်းစေတော်မူပါ ကိုယ်တော်‘’ကိုယ်တော်ရှင်၏ရှေ့တော်တွင် ယခုပင်ပျောက်ကင်းစေ တော်မူပါ။ ကိုယ်တော်ရှင် ဤနေရာတွင်ရှိတော်မူကြောင်းကျွန်ုပ်တို့သိပါသည်။

ကျွန်ုပ်တို့၏ဝိညာဉ်များ၊ စိတ်နှလုံးများကိုမကောင်းသောအရာများ၊ မကောင်းသောအတွေးများ၊ မကောင်းသောအဆက်အသွယ်များအားလုံး၊မှားယွင်းသောအရာများအားလုံးမှ ရှင်းလင်းပေးတော်မူပါ။ ကျွန်ုပ်တို့အား ဆေးကြောတော်မူပါ။ ကျွန်ုပ်တို့ ဆုတောင်းပါသည်။ အိုအဖ ကျွန်ုပ်တို့၏ရောဂါကိုပေးပျောက်တော်မူပါ။ ကိုယ်တော်၏ သန့်ရှင်းစင်ကြယ် သောသားသမီးများ ဖြစ်ကြောင်းမိမိကိုယ်ကိုခံစားရလျှက် ဤနေရာမှကျွန်ုပ်တို့ ထွက်ခွာသွားကြပါ စို့။အသွေးတော်ဖြင့်လွှမ်းခြုံလျှက် အသွေးတော်အားဖြင့် ပြောကြားတော်မူပါ။ ချပေးသနားတော်မူပါကိုယ်တော်။သခင်ယေရှု၏နာမတော်မြတ်၌ ဆုတောင်း ကြပါသည်အဖ။ အာမင်

124 ၁၂၄။ အဖဘုရားသခင်ဤလက်ကိုင်ပု၀ါများပေါ်တွင် ကိုယ်တော်ရှင်ရှိတော်မူခြင်း ဖြင့် ဘိသိတ်ပေးတော်မူပါကိုယ်တော်။ သူတို့သွားလေရာရာတွင် ကိုယ်တော် ရှင်ရှိတော်မူပါအဖ။ဖျားနာသူများအပေါ်သို့ လက်တင်လိုက်ပါကလည်း အနာရောဂါငြိမ်းစေတော်မူပါအဖ။ပြိုကွဲလျှက်ရှိသောအိမ်ထောင်စုများရှိပါက လည်း ပြန်လည်၍သင့်မြတ်စေပါကိုယ်တော်ရှင်။ ကြီးမြတ်တော်မူသော ပန်းပု ဆရာကြီးဖြစ်သည်။ ကိုယ်တော်ရှင်အဖချပေးသနားတော်မူပါ ကိုယ်တော်။

ကျွန်တော်တို့အားပုံသွင်းတော်မူပါအဖကိုယ်တော်၏သားသမီးများ ဖြစ်စေ တော်မူပါ။ သတို့သမီးမှာ နောက်ဆုံးအရောင်တင်သည့်အဆင့်သို့ ရောက်နေပြီ ဟု ကျွန်တော်ယုံကြည်ပါသည်။ အဖွဲ့အစည်းမှထိုးနှက်ခြင်းကိုလုံး၀ခံရပါတော့ မည်။ ၎င်းင်းနောက်ကောက်ရိတ်သိမ်းခြင်းရောက်လာပါတော့မည်။ ထိုအချိန်အထိကိုယ်တော်ရှင် သူတို့အားကျန်းမာ၍ ပျော်ရွှင်စေပါ။ ကိုယ်တော်ကို အစေ ခံစေပါ။ယေရှုနာမ၌ ဆုတောင်းပါသည်။ အာမင်။

ကိုယ်တော်ကို ကျွန်တော်ချစ်ပါသည်။ကျွန်တော်..... (သင်ကိုယ်တော် ကို အမှန်တစ်ကယ်ချစ်ပါသလား?) အကြောင်းမှာကိုယ်တော်က ကျွန်တော်ကို ဦးစွာချစ်သောကြောင့် ဖြစ်သည်။ ကျွန်တော်၏ကယ်တင်ခြင်းကိုဝယ်ယူသောကြောင့် ဖြစ်ပါ သည်။

125 ၁၂၅။ ခင်ဗျားကို ကျွန်တော်ဘာကြောင့်ဆူပူရကြောင်း ခင်ဗျားနားလည်ပြီးလား?ခင်ဗျားတို့ကို ကျွန်တော်ချစ်သောကြောင့် ဖြစ်ပါသည်။ မချစ်သောကြောင့် မဟုတ်ပါ။ကျွန်တော်ချစ်ပါသည်။ ကျွန်တော်ချစ်ပါသည်။ သခင်အတွက် အ လွန်ကောင်းသောလက်ရာတော်ကိုကျွန်တော်လိုလားပါသည်။ ကျွန်တော့်ထံတွင် လက်ရာတော်ရှိပါသည်။ဤနှုတ်ကပတ်တော်ပေါ်တွင် လက်ရာတော်ကို အဓိက ထားရပါမည်။

ယခု သခင်ယေရှုက ဆိုပါသည်။ ‘သင်တို့သည် အချင်းချင်း ချစ်ခြင်းမေတ္တာရှိခြင်းအားဖြင့်အခြားသောသူအားလုံးတို့သည် သင်တို့သည် ငါ၏ တပည့်ဖြစ်ကြောင်း သိကြရမည်။’ ဟုဆိုထားပါသည်။ ကျွန်တော်တို့တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်ကြ ရပါမည်။ ချည်နှောင်ထားသောကြိုးကိုကောင်းချီးပေးတော်မူပါ။

ခရစ်ယာန်မေတ္တာနှင့် ကျွန်ုပ်တို့ နှလုံးသားများ ရှိပါသည်။

ချစ်ခင်သော နှလုံးသားများ မိသဟာယ ဖွဲ့လျှက် ရှိကြပါသည်။

အထက်ကကဲ့သို့ပင်ဖြစ်ပါသည်။

တစ်ဦးလက်ကို တစ်ဦးက ကိုင်စွဲကြပါစို့။

ကျွန်ုပ်တို့သည် ပါဝင်ကြပါကအတွင်းထဲတွင် နာကျဉ်မှု ဖြစ်စေပါမည်။

နှလုံးသားထဲတွင် ပူးပေါင်းဆဲ ဖြစ်ပါ သည်။

တစ်ဖန် ပြန်လည်ဆုံတွေ့ရန် မျှော်လင့်ပါသည်။

သခင်ယေရှု၏ နာမတော်မြတ်ကို ယူဆောင်ပါ။

ကြေကွဲခြင်းများနှင့် အမင်္ဂလာ၏ သားသမီးများ ဖြစ်ပါသည်။

ပျော်ရွှင်ခြင်းနှင့်နှစ်သိမ့်မှုကို သင့်အား ပေးနိုင်ပါသည်။

သင်သွားသည့် နေရာတိုင်းသို့ ယူဆောင်ပါ။

အဖိုးထိုက်လှသော နာမတော် မည်မျှချိုသာလှပေစွ၊

လောက၏ မျှော်လင့်ခြင်းနှင့်ကောင်းကင်ချမ်းသာ

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင်ရွှင်မြူးရာ၊

သင်၏ ခရီးစဉ်ကို ပြန်လည်၍ သတိရပါ။

ယေရှုနာမမြဲ စွဲယူပါ။ဘေးရန်မျိုးအကွယ်အကာ

သွေးဆောင်ခြင်းမှ နှောင့်ရှက်လာကာ(ထိုအခါ သင်ဘာလုပ်ပါသနည်း။)

နာမတော်မြတ်နှင့် ဆုတောင်းပါ။

အိုမြတ်လှရှင် ယေရှုနာမဘယ်မျှစိတ်ရွှင်လန်းစေသည်။

မေတ္တာလက်တော်နှင့်သိမ်းမှုကာ ထောပနာသီချင်းဆိုမည်။

ပြန်လည် ဆုံတွေ့သည်တိုင်အောင်ဖြစ်ပါသည်။

ယေရှု၏ ခြေတော်ရင်းမှာ ပြန်လည်ဆုံတွေ့သည်တိုင်အောင် ဖြစ်ပါသည်။

ဘုရားသခင် သင်နှင့်အတူ ရှိပါစေ။

MESSAGE hub online

www.messagehub.info

ဒေသနာ ဝေငှသူ

ဝီလီယမ်မာရီယမ် ဗရမ်ဟမ်

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)